# အပိုင်း (၁) သိပ္ပံဆိုင်ရာသိရှိရန်အချက်များ

## (၁–၁) မူလတန်းကျောင်းများတွင် သိပ္ပံသင်ကြားခြင်း

မူလတန်းသိပ္ပံဘာသာရပ်တွင် စူးစမ်းလေ့လာတွေ့ရှိချက်များကို စနစ်တကျစုဆောင်းစေခြင်းနှင့် နှိုင်းယှဉ်လေ့လာခြင်းဖြင့် ပတ်ဝန်းကျင်ရှိအရာများအကြောင်း လေ့လာသင်ယူမှုကို မိတ်ဆက်ထားပါသည်။ သို့ဖြစ်ပါသောကြောင့် မူလတန်းကျောင်းများတွင် သိပ္ပံကျောင်းသုံးစာအုပ်ကို အသုံးပြုခြင်းဖြင့် သိပ္ပံအသိပညာအား သိပ္ပံဆိုင်ရာ အလေ့အကျင့်များနှင့်အတူ နားလည်သိရှိလာပါမည်။ လုပ်ငန်းကိုအခြေခံထားပြီး ကလေးများ အကြံအစည် အတွေးအခေါ်ရရှိရန်နှင့် သိပ္ပံလုပ်ငန်းစဉ်ဆိုင်ရာကျွမ်းကျင်မှုများ ဖြစ်ပေါ်လာစေရန် ကူညီနိုင်ပါမည်။ သို့ပါ၍ မူလတန်းကျောင်းများတွင် သိပ္ပံကို လက်တွေ့လုပ်ဆောင်ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်း နည်းလမ်းနှစ်မျိုးနှင့် မိတ်ဆက်ထား ပါသည်။

ပထမတန်းမှ ပဉ္စမတန်းအထိ ကျောင်းသားများသည် အတန်းစဉ်အလိုက် သိပ္ပံဆိုင်ရာလုပ်ငန်း ကျွမ်းကျင်မှုများကို တိုးတက်ဖြစ်ပေါ် ရရှိလာစေပါမည်။ အဆိုပါ သိပ္ပံဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရာတွင် သိပ္ပံအသိသညာနှင့် တွေးခေါ်မှုကို တစ်ပြိုင်နက်တည်း ရရှိသွားမည် ဖြစ်ပါသည်။ သို့ပါ၍ ကလေးများ၏ စဉ်းစားတွေးခေါ်မှု အလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ဥပမာ-ဒုတိယတန်း ငှက်များနှင့် အင်းဆက်များအခန်းတွင် အင်းဆက်တစ်ကောင်စီ၏ ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် ခြေထောက်အရေအတွက်ကို စူးစမ်းလေ့လာပြီးနောက် အင်းဆက်နှစ်ကောင်ကို နှိုင်းယှဉ်ပါမည်။

ဒုတိယတန်းသိပ္ပံကို လေ့လာသင်ယူရန် အကောင်းဆုံးနည်းလမ်းမှာ ကလေးများနှင့် အကျွမ်းတဝင်ရှိသည့် ပတ်ဝန်းကျင်ကို အသုံးပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို သင်ခန်းစာ အခန်း(၁)အဖြစ် စတင်မိတ်ဆက် သင်ကြားရခြင်း အကြောင်းရင်းမှာ ကျန်အခန်း (၅)ခန်းကို သင်ကြားရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။

## (၁–၂) မူလတန်းသိပ္ပံ သင်ကြားရခြင်း ရည်ရွယ်ချက်

မူလတန်းဆင့်ကလေးများအား သဘာဝပတ်ဝန်းကျင်ကို လေ့လာရှာဖွေခြင်းအပေါ်အခြေခံသည့် အတွေ့အကြုံများရရှိပြီး ပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်မှု၊ သဘောကျနှစ်သက်မှု ရရှိ၍ သိပ္ပံအသိပညာအချက်အလက်များ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖြစ်ထွန်းရန် အောက်ပါရည်ရွယ်ချက်များ ချမှတ်စီစဉ်ထားပါသည်-

(၁) လက်တွေ့လုပ်ငန်းများကို ပျော်ရွှင်စွာ လုပ်ရှားလုပ်ဆောင်ခြင်းမှတစ်ဆင့် မိမိပတ်ဝန်းကျင်တွင် သိပ္ပံ၏အရေးပါမှုကို ဆက်စပ်သိမြင်တတ်ရန်

(၂) သဘာဝပတ်ဝန်းကျင်တွင် ရင်းနှီးကျွမ်းဝင်စိတ်ဝင်စားပြီး နှစ်သက်မြတ်နိုး လေ့လာလိုစိတ်ရှိလာရန်

(၃) သဘာဝပတ်ဝန်းကျင်တွင် သိပ္ပံဆိုင်ရာ ကြောင်းကျိုးဆက်စပ်နေမှုကို သိမြင်သဘောပေါက်ရန်

(၄) သိပ္ပံအသိသညာများကို လေ့လာသင်ယူပြီး ဖော်ထုတ်တတ်ရန်

(၅) သိပ္ပံလုပ်ငန်းစဉ်ကျွမ်းကျင်မှုများဖြစ်သော စူးစမ်းလေ့လာခြင်း၊ နှိုင်းယှဉ်ခြင်း၊ တိုင်းတာခြင်း၊ ဆက်စပ်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းနှင့် အခြေအနေပေါ်မူတည်၍ ပြောင်းလဲမှုများကို လေ့လာခြင်းတို့ ဖွံ့ဖြိုးလာရန်

(၆) လက်တွေ့လုပ်ဆောင်ရာတွင် ဖြစ်နိုင်သောအန္တရာယ်များကို သတိပြုတတ်ရန်

(၇) သိပ္ပံအခြေခံသဘောတရားများကို နေ့စဉ်ဘဝတွင် အသုံးချတတ်ရန်

(၈) လူသားများအတွက် ကောင်းကျိုးပြုသောသိပ္ပံပညာကို တန်ဖိုးထားတတ်ရန်

DBE Box – Copyright Protected

## (၁-၃) မူလတန်း သိပ္ပံသင်ရိုး ဖွဲ့စည်းပုံနယ်ပယ်

မူလတန်းသိပ္ပံသင်ရိုးသည် ကျောင်းသားများအား သဘာဝပတ်ဝန်းကျင်အပေါ် အခြေခံသည့် လက်တွေ့လုပ်ဆောင်မှု အတွေ့အကြုံများကို ပေးရန်ဖြစ်ပါသည်။ အထူးသဖြင့် ပထမတန်းနှင့် ဒုတိယတန်းတွင် သဘာဝပတ်ဝန်းကျင်နှင့် ရင်းနှီးမှုရှိလာပြီး ပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးမှု ဖြစ်ပေါ်လာစေ၍ စူးစမ်းလေ့လာခြင်း သိပ္ပံဆိုင်ရာကျွမ်းကျင်မှုကိုပါ ရရှိလာစေမည် ဖြစ်ပါသည်။ ထို့အပြင် သိပ္ပံအသိပညာရရှိရန်နှင့် သိပ္ပံပညာအပေါ် အပြုသဘောဆောင်သည့် သဘောထားများ ရရှိလာမည်ဖြစ်ပါသည်။ တတိယတန်း၊ စတုတ္ထတန်းနှင့် ပဉ္စမတန်းတို့တွင် သိပ္ပံ၏အခြေခံသဘောတရားများကို စတင်မိတ်ဆက်ပေးပြီး အလယ်တန်းဆင့် သိပ္ပံသင်ယူရန်အတွက် အဆင်သင့်ဖြစ်စေရန် အထောက်အကူပြုလိမ့်မည် ဖြစ်ပါသည်။ အရေးကြီးသည့်အချက်မှာ ဆရာများအနေဖြင့် ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်ကို သဘောပေါက်နားလည်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းကို ထိထိရောက်ရောက် ကျွမ်းကျင်စွာ အသုံးချ သင်ကြားနိုင်မည် ဖြစ်ပါသည်။

မူလတန်းသိပ္ပံသင်ရိုးတွင် ပါဝင်သည့် အကြောင်းအချက်အလက်များကို နယ်ပယ်အသီးသီးဖြင့် ခြုံငုံဖော်ပြထားသည်။ ကလေးများ၏ အသက်အရွယ်၊ အသိဉာဏ်ဖွံ့ဖြိုးမှုတို့နှင့် လိုက်လျောညီထွေမှုရှိစေရန် အောက်ပါသင်ယူရန် နယ်ပယ်များကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားပါသည်။

ပထမတန်းနှင့် ဒုတိယတန်းတွင် နယ်ပယ် (၂) ခုသာသင်ကြားထားပါသည်။

(၁) သက်ရှိနှင့် ပတ်ဝန်းကျင်

(၂) ကမ္ဘာမြေကြီးနှင့် အာကာသ

တတိယတန်း၊ စတုတ္ထတန်းနှင့် ပဉ္စမတန်းတို့တွင် နယ်ပယ် (၅) ခုဖြင့် သင်ကြားထားပါသည်။

(၁) သက်ရှိများ

(၂) ဒြပ်ဝတ္ထုများ

(၃) စွမ်းအင်

(၄) ကမ္ဘာမြေကြီးနှင့်အာကာသ

(၅) ပတ်ဝန်းကျင်

ဒြပ်ဝတ္ထု၊ စွမ်းအင်နယ်ပယ်များကို ပထမတန်းနှင့် ဒုတိယတန်းတွင် သီးသန့်ဖော်ပြထားခြင်း မရှိသော်လည်း သတ်မှတ်ထားသောနယ်ပယ်(၂)ခုနှင့် ဆက်စပ်သည့် သင်ခန်းစာတိုင်းတွင် ပေါင်းစပ်ထားပါသည်။ ဒုတိယတန်းကျောင်းသုံးစာအုပ်တွင် အခန်း(၆)ခန်း ပါဝင်ပြီး သင်ခန်းစာ(၁၂)ခု ပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ကျောင်းသားများသည် တစ်ဦးချင်းလုပ်ငန်း၊ နှစ်ယောက်တွဲလုပ်ငန်း၊ အုပ်စုလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် သိပ္ပံအသိပညာနှင့် သိပ္ပံဆိုင်ရာကျွမ်းကျင်မှုတို့ကို ရရှိသွားမည် ဖြစ်ပါသည်။ ကျောင်းသားများသည် ၎င်းတို့၏တွေ့ရှိချက်များနှင့် ရေးဆွဲထားသောပုံများကို အခြားအတန်းဖော်များအား မျှဝေခြင်းဖြင့် ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေပါသည်။

## (၁-၄) ထိရောက်သော သင်ကြားသင်ယူမှု ဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ

သိပ္ပံကျောင်းသုံးစာအုပ်နှင့် တွဲဖက်ပါရှိသည့် ဆရာလမ်းညွှန်တို့သည် ဆရာများ မည်သို့ထိရောက်စွာ သင်ကြားရန်နှင့် ကျောင်းသားများ သင်ယူနိုင်ရန်တို့ကို အထောက်အကူပြုမည့် လုပ်ငန်းများကို အဓိကထား၍ ဖော်ပြထားပါသည်။

### (က) ကလေးများ၏ ရှိပြီးအသိကို တိုးပွားစေခြင်း

ကလေး၏ရှိပြီးအသိနှင့် အတွေ့အကြုံတို့သည် ဆက်လက်သင်ယူမှုအတွက် အခြေခံဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သင်ယူရမည့် သင်ခန်းစာအသစ်ပေါ်တွင် ကျောင်းသားတို့၏ ရှိပြီးအသိနှင့် အတွေ့အကြုံတို့ကို ဆရာက လေ့ကျင့်ဖော်ထုတ်၍ သိပ္ပံလုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြင့် အသိပညာတိုးပွားစေပါမည်။

DBE Box – Copyright Protected

**(ခ) လက်တွေ့လုပ်ငန်းများပါဝင်ခြင်း**

မူလတန်းကလေးများသည် လက်တွေ့လုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့် သိပ္ပံဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုများ၏ အရေးပါပုံကို မူလတန်းအဆင့်မှစ၍ လေ့ကျင့်ပျိုးထောင်ပေးသင့်သည်ဟု နိုင်ငံအများစုတွင် လက်ခံထားပါသည်။ သိပ္ပံသာသာရပ်တွင် ငယ်ရွယ်သည့် ကျောင်းသားများကိုယ်တိုင် တစ်ဦးချင်း၊ နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုလိုက် လက်တွေ့လုပ်ငန်းများတွင် ပါဝင်ခွင့်ပေး၍ ၎င်းတို့၏ ပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး လက်တွေ့စမ်းသပ်ခြင်း၊ စဉ်းစားတွေးခေါ်တတ်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။

**(ဂ) ပတ်ဝန်းကျင်တွင်လေ့လာခြင်း**

မူလတန်း သိပ္ပံသင်ရိုးတွင်ပါဝင်သည့် နယ်ပယ်အားလုံးသည် ကျောင်းသား၏ ပတ်ဝန်းကျင်တွင် သင်ယူရန်အတွက် အသင့်လျော်ဆုံး ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို သိပ္ပံဆိုင်ရာ အကြောင်းအရာ၊ သိပ္ပံလုပ်ငန်းကျွမ်းကျင်မှုနှင့် စဉ်းစားတွေးခေါ်မှုတို့ကို သင်ယူရန်အတွက် အရင်းအမြစ်အဖြစ် အသုံးပြုပါသည်။

**(ဃ) အသိပညာနှင့် သိပ္ပံဆိုင်ရာ ကျွမ်းကျင်မှုကိုပေးခြင်း**

မူလတန်းသိပ္ပံ ကျောင်းသုံးစာအုပ်ကို သင်ကြား၊ သင်ယူခြင်းဖြင့် ကျောင်းသားများသည် အခြေခံသိပ္ပံဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများကို ရရှိစေမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာခြင်းဖြင့် သိပ္ပံအသိသညာများအပြင် စဉ်းစားတွေးခေါ်မှုများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သည်။ ထို့ကြောင့် သိပ္ပံအသိပညာများကို သိရှိနားလည်ဖွံ့ဖြိုးတိုးတက်လာစေပြီး စဉ်းစားတွေးခေါ်မှုနှင့် သိပ္ပံလုပ်ငန်းစဉ်ဆိုင်ရာ ကျွမ်းကျင်မှုများကိုပါ တစ်ပြိုင်နက်တည်း အလေ့အကျင့် ရရှိသွားစေမည် ဖြစ်သည်။

**(င) နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးခြင်း**

သင်ယူတတ်မြောက်မှု၏အဓိကရည်ရွယ်ချက်မှာ ကလေးများပတ်ဝန်းကျင်ကိုစူးစမ်းလေ့လာခြင်းဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် မည်ကဲ့သို့ပြုမူနေထိုင်ရမည်နှင့် ပတ်ဝန်းကျင်မှရရှိသောအကျိုးကျေးဇူးများကို သိမြင်သွားရန်ဖြစ်ပါသည်။ သို့ပါ၍ သိပ္ပံသင်ရိုး နယ်ပယ်များ ချိတ်ဆက်စီစဉ်ထားခြင်းသည် လေ့လာသင်ယူတတ်မြောက်သော သိပ္ပံအသိပညာနှင့် နေ့စဉ်ဘဝဖြစ်ရပ်များကို ဆက်စပ်ပေးနိုင်မည် ဖြစ်ပါသည်။

## (၁–၅) နှိုင်းယှဉ်လေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှု (Comparing Skill)

ဒုတိယတန်းကလေးများအား သိပ္ပံအသိသညာများကို သင်ကြားရာတွင် ပထမတန်းတွင်ရရှိပြီးသော စူးစမ်းလေ့လာခြင်း အလေ့အကျင့်အပြင် နှိုင်းယှဉ်လေ့လာခြင်း အလေ့အကျင့်ကို ရရှိသွားရန် ဆရာများက လေ့ကျင့်ပြုစုပျိုးထောင်ပေးရမည် ဖြစ်ပါသည်။ နှိုင်းယှဉ်လေ့လာရာတွင် ဦးစွာပထမ စူးစမ်းလေ့လာခြင်းကို ပြုလုပ်ရမည်ဖြစ်ပါသည်။ စူးစမ်းလေ့လာခြင်းမှ တွေ့ရှိချက်များကို နှိုင်းယှဉ်ရမည်ဖြစ်ပါသည်။

**စူးစမ်းလေ့လာခြင်း** (Observation)




ကျောင်းသားများသည် အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ စသည့် အာရုံငါးပါးဖြင့် သဘာဝအလျောက် အမြဲတစေ လေ့လာသင်ယူသည်။

ကျောင်းသားများ၏ စူးစမ်းလိုစိတ်၊ စူးစမ်းမှုကို လမ်းညွှန်လေ့ကျင့်ပေးရန်ဖြစ်ပါသည်။

စူးစမ်းလေ့လာခြင်း

မှတ်ချက် ။ ကလေးများ၏ စိတ်ခံစားမှုကိုလည်း ပြောပြခိုင်းနိုင်ပါသည်။



DBE Box – Copyright Protected

**နှိုင်းယှဉ်လေ့လာခြင်း** (Comparing )

နှိုင်းယှဉ်လေ့လာခြင်း(Comparing)ဆိုသည်မှာ စူးစမ်းလေ့လာနေသောအရာနှင့် ဖြစ်စဉ်ကြားတွင် တွေ့မြင်ရသော အချက်အလက်များ၏ တူညီမှုနှင့် မတူညီမှုများကို ဖော်ထုတ်တတ်ရန်ဖြစ်ပါသည်။

ကျောင်းသားများသည် အရာနှစ်ခုကို နှိုင်းယှဉ်လေ့လာရန်အတွက် ပထမဦးစွာ စူးစမ်းလေ့လာရပါမည်။

စူးစမ်းလေ့လာရာတွင် တူညီမှု၊ မတူညီမှုများကို အောက်ပါအချက် (၃)ချက်ဖြင့် ရှာဖွေစူးစမ်းလေ့လာစေရပါမည်။

(၁) အမည်၊ ပုံသဏ္ဌာန်၊ အရောင်၊ ထိတွေ့မှု

(၂) အသုံးဝင်မှု

(၃) အခြားဆက်စပ်မှုများ

သင်္ဘောသီးနှင့် ပန်းသီးကို နှိုင်းယှဉ်လေ့လာခြင်း



သင်္ဘောသီးနှင့် ပန်းသီး အရောင်မတူပါ။ ပုံသဏ္ဌာန်မတူပါ။
အခွံဖြင့် ဖုံးအုပ်ထားကြသည်။ အစေ့များ ရှိကြသည်။

ပျံသန်းသည့်ငှက် ရေကူးနိုင်သည့်ငှက်



DBE Box — Copyright Protected

## အပိုင်း(၂) ကျောင်းသုံးစာအုပ်၏ ရည်ရွယ်ချက်နှင့် ရှင်းလင်းချက်

### (၂-၁) ဒုတိယတန်းသိပ္ပံ သင်ကြားရခြင်း၏ ရည်ရွယ်ချက်

ဒုတိယတန်းသိပ္ပံကို အောက်ပါရည်ရွယ်ချက်များအတိုင်း ရေးသားပြုစုထားပါသည်-

(၁) ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနိုင်းယှဉ်တတ်ရန်
(၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် အရေပြားကို စူးစမ်းလေ့လာနှိုင်းယှဉ်တတ်ရန်
(၃) အပင်များ၏ အရွက်၊ ပင်စည်၊ အပွင့်နှင့် အသီးတို့အပေါ် အခြေခံ၍ စူးစမ်းလေ့လာနှိုင်းယှဉ်တတ်ရန်
(၄) တိရစ္ဆာန်များ၏ ခန္ဓာကိုယ် အဖုံးအကာ၊ ရွေ့လျားမှု၊ ငှက်များနှင့် အင်းဆက်များကို စူးစမ်းလေ့လာနှိုင်းယှဉ်တတ်ရန်
(၅) ကျောက်ခဲ၊ ရေနှင့် လေတို့၏ ပုံသဏ္ဌာန်၊ နေရာယူခြင်း၊ အလေးချိန်ရှိခြင်းတို့ကို စူးစမ်းလေ့လာနှိုင်းယှဉ်တတ်ရန်
(၆) နေမှရသော အပူ၊ အလင်းနှင့် လ ကို မြင်ရပုံ ပြောင်းလဲခြင်းများကို စူးစမ်းလေ့လာနှိုင်းယှဉ်တတ်ရန်

### (၂-၂) အဆင့်(၅)ဆင့် ပါဝင်သော သင်ကြားသင်ယူမှုလုပ်ငန်း ရှင်းလင်းချက်

မူလတန်းသိပ္ပံကျောင်းသုံးစာအုပ် ပထမတန်းမှ ပဥ္စမတန်းထိ ကျောင်းသုံးစာအုပ် အဆင်အပြင်ပုံစံကို သိပ္ပံသင်ကြားနည်း တစ်ခုဖြစ်သော စူးစမ်းလေ့လာခြင်းကို အခြေခံသော သင်ကြားနည်း (Inquiry-based Method) ကို အခြေခံထားသည့် အဆင့်(၅)ဆင့်ဖြင့် ဖွဲ့စည်းထားပါသည်။ ကျောင်းသားနှင့် ဆရာတို့သည် အဆင့်တိုင်းတွင် မည်သို့ဆောင်ရွက်ရမည်ကို အောက်ပါပုံဖြင့် ဖော်ပြထားပါသည်။

| | ကျောင်းသား | ဆရာ |
|---|---|---|
| အပိုင်း(၁) | **မေးခွန်းကို ဖြေကြည့်ရအောင်**<br>သင်ယူမှုအဆင်သင့်ဖြစ်ရန် လှုံ့ဆော်နှိုးဆွပေးခြင်း | **မေးခွန်းကို ဖြေကြည့်ရအောင်**<br>သိပြီးအသိသညာဆန်းစစ်ခြင်း၊ မိတ်ဆက်ပေးခြင်း၊ သင်ခန်းစာရည်ရွယ်ချက်သို့ ဦးတည်ပေးခြင်း |
| အပိုင်း(၂) | **ကြိုးစားပြီးရှာဖွေကြရအောင်**<br>လက်တွေ့လုပ်ငန်း (ကျွမ်းကျင်မှုနှင့် အသိသညာ) ရရှိခြင်း | **ကြိုးစားပြီးရှာဖွေကြရအောင်**<br>သင်ကြားခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကူညီပံ့ပိုးပေးခြင်း |
| အပိုင်း(၃) | **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**<br>အထောက်အကူပြုခြင်း၊ ချဲ့ထွင်ခြင်း၊ နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးခြင်း | **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**<br>သင်ခန်းစာနှင့်ဆက်စပ်၍ ဗဟုသုတချဲ့ထွင်ပေးခြင်း |
| အပိုင်း(၄) | **သိသွားပြီနော်**<br>စဉ်းစားတွေးခေါ်ခြင်း၊ ဖော်ထုတ်ခြင်း | **သိသွားပြီနော်**<br>စစ်ဆေး အကဲဖြတ်ခြင်း |
| အပိုင်း(၅) | **အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**<br>ယေဘုယျခြုံငုံခြင်း၊ သင်ခန်းစာ အဆုံးစစ်ဆေးခြင်း | **အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**<br>သင်ခန်းစာ အနှစ်ချုပ်ခြင်းနှင့် တတ်မြောက်မှု စစ်ဆေးခြင်း |

**အပိုင်း(၁) မေးခွန်းကို ဖြေကြည့်ရအောင်**

ဤအပိုင်းသည် ကလေးများ သင်ယူရန်အတွက် အဆင်သင့်ဖြစ်စေရန်၊ သိပြီးသောအသိများကို မေးခွန်းနှင့်ဆက်စပ်ပေးရန်နှင့် မည်သည်ကို စူးစမ်းလေ့လာပြီး သင်ယူလေ့လာခြင်းကို အာရုံစိုက်စေရန်အတွက် လှုံ့ဆော်နှိုးဆွပေးရန်ဖြစ်ပါသည်။

DBE_BC2_Copyright Protected

**အပိုင်း(၂) ကြိုးစားပြီးရှာဖွေကြရအောင်**

ဤအပိုင်းသည် ကလေးများကိုယ်တိုင် လက်တွေ့စူးစမ်းလေ့လာနိုင်ရန်နှင့် မြင်သာအောင်ပြုလုပ်ပေးရန်တို့ ဖြစ်ပါသည်။ ဆရာများက သိပ္ပံအတွေးအခေါ်များအား လုပ်ငန်းမစတင်မီ ပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထို့ထက်စာလျှင် ကလေးများ ထက်မြက်သည့် စူးစမ်းလေ့လာမှုများ တိုးတက်ဖြစ်ပေါ်ရန်နှင့် ၎င်းတို့ အဆိုပါသင်ယူရရှိထားသည့် စူးစမ်းလေ့လာမှုများကို စုစည်းနိုင်စေရန် အခွင့်အလမ်းပေးရပါမည်။ ဤနည်းဖြင့် ဆရာများသည် ကလေးများအား သင်ခန်းစာ ရည်ရွယ်ချက်များနှင့် သင်ယူမှုရလဒ်များ ရရှိစေရန် အထောက်အကူပေးပြီး လမ်းညွှန်ပေးနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းများအားလုံးသည် အပိုင်း(၂)တွင် အကျုံးဝင်ပါသည်။

**အပိုင်း(၃) ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ဤအပိုင်းသည် ကလေးများကိုယ်တိုင် သင်ယူမှုအတွက် အားဖြည့်ပေးရန် ထပ်မံစိတ်ဝင်စားဖွယ်ဖြစ်ပြီး ဆက်စပ်သည့် သတင်းအချက်များကို ပေးအပ်ရန်ဖြစ်ပါသည်။ အမျိုးအစား (၂)မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ လေ့လာသင်ယူသည်များကို ကလေးများ ပိုမိုနားလည်သွားစေရန် ဖြည့်စွက်ပြီး အားဖြည့်ပေးသောအပိုင်း ဖြစ်ပါသည်။ ထိုသို့သော သင်ခန်းစာများဖြစ်ပါက ဤအပိုင်းမှ သင်ခန်းစာများကို စစ်ဆေးမှုအပိုင်းတွင် ထည့်သွင်းနိုင်ပါသည်။ ဒုတိယတစ်မျိုးမှာ ဆက်လက်သင်ယူခြင်းတွင် အထောက် အကူဖြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုသို့သော သင်ခန်းစာဖြစ်လျှင် စစ်ဆေးမှုအပိုင်းတွင် ထည့်ရန်မဟုတ်ပါ။

**အပိုင်း(၄) သိသွားပြီနော် (ကလေး၏ဆောင်ရွက်ချက်)**

ဤအပိုင်းသည် သင်ကြားသင်ယူမှု ရည်ရွယ်ချက်များနှင့် ရလဒ်များကို အောင်မြင်စွာ ပြုလုပ်နိုင်ခြင်းကို သိရှိရမည့်အပိုင်း ဖြစ်ပါသည်။ ထိုအပိုင်းတွင် ရေးသားထားသည်များကို ဆရာများကပြောခြင်း၊ ကလေးများအား ဦးစွာဖတ်ရှုစေခြင်းတို့ကို မပြုလုပ်ရပါ။ ထိုသို့ပြုလုပ်မည့်အစား ဤသင်ခန်းစာသင်ယူပြီးနောက် ကလေးများ၏ သိရှိမှတ်မိမှုများကို ဦးစွာမေးမြန်းပြီး ကလေးများ၏ စူးစမ်းလေ့လာမှုများအကြောင်း ဆွေးနွေးခြင်းကို လွယ်ကူချောမွေ့စေရပါမည်။ ဤအဆင့်တွင် ကလေးများသည် မိမိတို့သင်ယူခဲ့သည်များကို မိမိတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် ဖော်ပြရပါမည်။ အကယ်၍ ကျောင်းသားများ၏ တုံ့ပြန်ဖြေဆိုမှု အားနည်းပါက ဆရာက သင်ခန်းစာကို ပြန်လည်သင်ကြားခြင်း (သို့မဟုတ်) သင်ကြားနည်းပြောင်းလဲ၍ သင်ကြားရမည်ဖြစ်ပါသည်။

**အပိုင်း(၅) အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း (ဆရာ၏ဆောင်ရွက်ချက်)**

ဤအပိုင်းသည် အပိုင်း(၄) (သိသွားပြီနော်)အပိုင်းကို ထပ်မံအားဖြည့်ထားခြင်းဖြစ်သည်။ သင်ခန်းစာတွင် ပါဝင်သည့် အဓိက သိပ္ပံအသိပညာများနှင့် အတွေးအခေါ်ကျွမ်းကျင်မှုများ ကောင်းစွာတိုးတက်ဖြစ်ပေါ်စေရန် ဆရာက ရှင်းလင်းစွာ အနှစ်ချုပ်ပေး ရပါမည်။ ဤအပိုင်းတွင် ကလေးများ၏ တတ်မြောက်မှုကို ပြန်လည်စစ်ဆေးအကဲဖြတ်ရန် ဖြစ်ပါသည်။ လေ့ကျင့်ခန်းများကို ကျောင်းတွင်သာ ပြုလုပ်ခိုင်းပြီး တတ်နိုင်သရွေ့ **အိမ်စာမပေးရန်** ဖြစ်ပါသည်။ ဆရာက ကျောင်းသားများအား အိမ်ရှိ လူကြီး မိဘများနှင့် သင်ယူခဲ့ရသည်များကို ပြန်လည်ပြောပြရန် မှာကြားရမည် ဖြစ်ပါသည်။

## (၂-၃) ဒုတိယတန်းသိပ္ပံ သင်ခန်းစာများ

ဒုတိယတန်းသိပ္ပံ ကျောင်းသုံးစာအုပ်တွင် အောက်ပါအတိုင်း အခန်း(၆)ခန်းဖြင့် လေ့လာသင်ယူရမည်ဖြစ်ပါသည်။

**အခန်း ၁။** ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်

(၁) သက်ရှိနှင့် သက်မဲ့

(၂) တိုးသောအသံ၊ ကျယ်သောအသံ

အခန်း ၂။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း

(၁) ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများ ပြောင်းလဲမှု

(၂) ကျွန်ုပ်တို့၏ အရေပြား

DBE Box – Copyright Protected

**အပိုင်း(၂) ကြိုးစားပြီးရှာဖွေကြရအောင်**

ဤအပိုင်းသည် ကလေးများကိုယ်တိုင် လက်တွေ့စူးစမ်းလေ့လာနိုင်ရန်နှင့် မြင်သာအောင်ပြုလုပ်ပေးရန်တို့ ဖြစ်ပါသည်။ ဆရာများက သိပ္ပံအတွေးအခေါ်များအား လုပ်ငန်းမစတင်မီ ပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထို့ထက်စာလျှင် ကလေးများ ထက်မြက်သည့် စူးစမ်းလေ့လာမှုများ တိုးတက်ဖြစ်ပေါ်ရန်နှင့် ၎င်းတို့ အဆိုပါသင်ယူရရှိထားသည့် စူးစမ်းလေ့လာမှုများကို စုစည်းနိုင်စေရန် အခွင့်အလမ်းပေးရပါမည်။ ဤနည်းဖြင့် ဆရာများသည် ကလေးများအား သင်ခန်းစာ ရည်ရွယ်ချက်များနှင့် သင်ယူမှုရလဒ်များ ရရှိစေရန် အထောက်အကူပေးပြီး လမ်းညွှန်ပေးနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းများအားလုံးသည် အပိုင်း(၂)တွင် အကျုံးဝင်ပါသည်။

**အပိုင်း(၃) ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ဤအပိုင်းသည် ကလေးများကိုယ်တိုင် သင်ယူမှုအတွက် အားဖြည့်ပေးရန် ထပ်မံစိတ်ဝင်စားဖွယ်ဖြစ်ပြီး ဆက်စပ်သည့် သတင်းအချက်များကို ပေးအပ်ရန်ဖြစ်ပါသည်။ အမျိုးအစား (၂)မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ လေ့လာသင်ယူသည်များကို ကလေးများ ပိုမိုနားလည်သွားစေရန် ဖြည့်စွက်ပြီး အားဖြည့်ပေးသောအပိုင်း ဖြစ်ပါသည်။ ထိုသို့သော သင်ခန်းစာများဖြစ်ပါက ဤအပိုင်းမှ သင်ခန်းစာများကို စစ်ဆေးမှုအပိုင်းတွင် ထည့်သွင်းနိုင်ပါသည်။ ဒုတိယတစ်မျိုးမှာ ဆက်လက်သင်ယူခြင်းတွင် အထောက် အကူဖြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုသို့သော သင်ခန်းစာဖြစ်လျှင် စစ်ဆေးမှုအပိုင်းတွင် ထည့်ရန်မဟုတ်ပါ။

**အပိုင်း(၄) သိသွားပြီနော် (ကလေး၏ဆောင်ရွက်ချက်)**

ဤအပိုင်းသည် သင်ကြားသင်ယူမှု ရည်ရွယ်ချက်များနှင့် ရလဒ်များကို အောင်မြင်စွာ ပြုလုပ်နိုင်ခြင်းကို သိရှိရမည့်အပိုင်း ဖြစ်ပါသည်။ ထိုအပိုင်းတွင် ရေးသားထားသည်များကို ဆရာများကပြောခြင်း၊ ကလေးများအား ဦးစွာဖတ်ရှုစေခြင်းတို့ကို မပြုလုပ်ရပါ။ ထိုသို့ပြုလုပ်မည့်အစား ဤသင်ခန်းစာသင်ယူပြီးနောက် ကလေးများ၏ သိရှိမှတ်မိမှုများကို ဦးစွာမေးမြန်းပြီး ကလေးများ၏ စူးစမ်းလေ့လာမှုများအကြောင်း ဆွေးနွေးခြင်းကို လွယ်ကူချောမွေ့စေရပါမည်။ ဤအဆင့်တွင် ကလေးများသည် မိမိတို့သင်ယူခဲ့သည်များကို မိမိတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် ဖော်ပြရပါမည်။ အကယ်၍ ကျောင်းသားများ၏ တုံ့ပြန်ဖြေဆိုမှု အားနည်းပါက ဆရာက သင်ခန်းစာကို ပြန်လည်သင်ကြားခြင်း (သို့မဟုတ်) သင်ကြားနည်းပြောင်းလဲ၍ သင်ကြားရမည်ဖြစ်ပါသည်။

**အပိုင်း(၅) အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း (ဆရာ၏ဆောင်ရွက်ချက်)**

ဤအပိုင်းသည် အပိုင်း(၄) (သိသွားပြီနော်)အပိုင်းကို ထပ်မံအားဖြည့်ထားခြင်းဖြစ်သည်။ သင်ခန်းစာတွင် ပါဝင်သည့် အဓိက သိပ္ပံအသိပညာများနှင့် အတွေးအခေါ်ကျွမ်းကျင်မှုများ ကောင်းစွာတိုးတက်ဖြစ်ပေါ်စေရန် ဆရာက ရှင်းလင်းစွာ အနှစ်ချုပ်ပေးရပါမည်။ ဤအပိုင်းတွင် ကလေးများ၏ တတ်မြောက်မှုကို ပြန်လည်စစ်ဆေးအကဲဖြတ်ရန် ဖြစ်ပါသည်။ လေ့ကျင့်ခန်းများကို ကျောင်းတွင်သာ ပြုလုပ်ခိုင်းပြီး တတ်နိုင်သရွေ့ **အိမ်စာမပေးရန်** ဖြစ်ပါသည်။ ဆရာက ကျောင်းသားများအား အိမ်ရှိ လူကြီး မိဘများနှင့် သင်ယူခဲ့ရသည်များကို ပြန်လည်ပြောပြရန် မှာကြားရမည် ဖြစ်ပါသည်။

## (၂-၃) ဒုတိယတန်းသိပ္ပံ သင်ခန်းစာများ

ဒုတိယတန်းသိပ္ပံ ကျောင်းသုံးစာအုပ်တွင် အောက်ပါအတိုင်း အခန်း(၆)ခန်းဖြင့် လေ့လာသင်ယူရမည်ဖြစ်ပါသည်။

**အခန်း ၁။** ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်

(၁) သက်ရှိနှင့် သက်မဲ့

(၂) တိုးသောအသံ၊ ကျယ်သောအသံ

အခန်း ၂။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း

(၁) ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများ ပြောင်းလဲမှု

(၂) ကျွန်ုပ်တို့၏ အရေပြား

DBE Box – Copyright Protected

အခန်း ၃။ အပင်များကို နှိုင်းယှဉ်ခြင်း

(၁) ပင်စည်များနှင့် အရွက်များ

(၂) အပွင့်နှင့် အသီးများ

အခန်း ၄။ တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း

(၁) ခန္ဓာကိုယ်အဖုံးအကာနှင့် ရွေ့လျားမှု

(၂) ငှက်များနှင့် အင်းဆက်များ

အခန်း ၅။ ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း

(၁) ပုံသဏ္ဌာန်၊ အလေးချိန်နှင့် နေရာယူခြင်း

(၂) ရွေ့လျားခြင်း

အခန်း ၆။ နေ၊ လတို့နှင့် မိတ်ဆက်ခြင်း

(၁) နေမှရသော အပူနှင့်အလင်း

(၂) လ ကို မြင်ရပုံ ပြောင်းလဲခြင်း

DBE Box – Copyright Protected

# အပိုင်း(၃) ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်နှင့် ရှင်းလင်းချက်

## (၃−၁) ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်

ဒုတိယတန်းသိပ္ပံဆရာလမ်းညွှန်စာအုပ်ကို ရေးသားရခြင်းမှာ သင်ကြားပေးမည့် ဆရာများအနေဖြင့် ဒုတိယတန်းသိပ္ပံကို သင်ကြား၊ သင်ယူရာတွင် ကလေးများကိုယ်တိုင် ၎င်းတို့၏ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းရှာဖွေတတ်၍ သိပ္ပံလက်တွေ့လုပ်ငန်းများပြုလုပ်ခြင်း အခြေခံကိုရရှိပြီး အမှန်တကယ် သိပ္ပံအသိသညာကိုရရှိမှသာ သိပ္ပံဘာသာရပ်ကို နားလည်တတ်ကျွမ်းမည်ဖြစ်ကြောင်း သိမြင်ထားရန် ဖြစ်ပါသည်။

ယခုသင်ကြားပေးရမည့် ဒုတိယတန်းသိပ္ပံကျောင်းသုံးစာအုပ်၏ ထူးခြားချက်မှာ စူးစမ်းလေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှု (Observation Skill) နှင့် နှိုင်းယှဉ်လေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှု (Comparing Skill) ကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကျောင်းသားများ သည် သိပ္ပံအသိသညာများကို ရရှိစေမည် ဖြစ်ပါသည်။ ဤကဲ့သို့ မူလတန်းတွင် ပထမတန်းမှ ပဉ္စမတန်းထိ အတန်းစဉ်အလိုက် သိပ္ပံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကို ရရှိသွားအောင် သင်ကြားပေးရမည်ဖြစ်ပါသည်။ သို့မှသာ ပြောင်းလဲလာသော ၂၁ ရာစု ကျွမ်းကျင်မှုကို ဦးတည်သည့် အခြေခံပညာ ရည်မှန်းချက်တွင် ပါဝင်သော Competency based နှင့်လည်း ချိတ်ဆက်နေမည်ဖြစ်ပါသည်။ မူလတန်းကလေးများသည် သိပ္ပံဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများကို အောက်ပါအတိုင်း အတန်းစဉ်အလိုက် ရရှိသွားရမည် ဖြစ်ပါသည်။




ဆရာများအနေဖြင့် **သင်ကြားမှုပုံစံသစ်**ကို မသိရှိဘဲ သိပ္ပံကိုမှတ်စုရေး၊ အလွတ်ကျက်မှတ်သည့် နည်းလမ်းကိုသာ ဆက်လက်ကျင့်သုံးမည်ဆိုပါက ကျောင်းသားများသည် သိပ္ပံအသိသညာကို အမှန်တကယ် မရရှိနိုင်ပါ။ ဒုတိယတန်းကျောင်းသုံးစာအုပ်ရှိ သင်ခန်းစာများတွင်ပါဝင်သည့် လက်တွေ့လုပ်ငန်းများကို ကျောင်းသားများသည် ပျော်ရွှင်စွာလုပ်ကိုင်တတ်ရန် ဖြစ်ပါသည်။ ဆရာများအနေဖြင့်လည်း သိပ္ပံဆိုင်ရာလက်တွေ့လုပ်ငန်းများကို စနစ်တကျ သင်ကြားပြသ လမ်းညွှန်နိုင်ရန် ရည်ရွယ်ပါသည်။

ဤဆရာလမ်းညွှန်ကို အသုံးပြုခြင်းဖြင့် ဆရာများသည် သိပ္ပံသင်ခန်းစာများကို သင်ကြားရာတွင် ကျောင်းသုံးစာအုပ်၌ ပြုစုရေးသားထားသော သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာမှု နည်းလမ်းများကို အခြေခံသည့် (Inquiry - based Method) အဆင့် (၅)ဆင့်ကို အသုံးပြုသင်ကြားခြင်းဖြင့် ကျောင်းသားများသည် သိပ္ပံ၏ အခြေခံသဘောတရားများကို နားလည်သိရှိ၍ သင်ခန်းစာများကို ထိရောက်အောင်မြင်စွာ သင်ယူနိုင်ရန် ရည်ရွယ်ပါသည်။

ဆရာများသည် သိပ္ပံကျောင်းသုံးစာအုပ်၏ ထူးခြားချက်များကို သိရှိလိုက်နာ၍ သင်ကြားပေးခြင်းဖြင့် ရည်ရွယ်ချက်များ ပေါက်မြောက်နိုင်မည်ဖြစ်ပါသည်။

DBE Box – Copyright Protected

မူလတန်းဆင့် ကလေးများအား သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာခြင်းအား အခြေခံ၍ အတွေ့အကြုံများ ရရှိပြီး ပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်မှု၊ သဘောကျနှစ်သက်မှုကိုရရှိကာ သိပ္ပံအသိသညာများ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်ပါသည်။

အချုပ်အားဖြင့် ဆရာများသည် ဤဆရာလမ်းညွှန်ကို ဖတ်ရှုလေ့လာ၍ အသုံးပြုသင်ကြားပေးခြင်းဖြင့် အထက်ပါ ချမှတ်ထားသော မူလတန်းသိပ္ပံ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေမည် ဖြစ်ပါသည်။

## (၃-၂) ဆရာလမ်းညွှန်ဖွဲ့စည်းထားပုံနှင့် အသုံးပြုပုံ

ဆရာလမ်းညွှန်ကို အောက်ပါအတိုင်း အပိုင်း(၅)ပိုင်းဖြင့် ဖွဲ့စည်းထားပါသည်-


အမှာစာ

အပိုင်း (၁) သိပ္ပံဆိုင်ရာ သိရှိရန်အချက်များ
- (၁-၁) မူလတန်းကျောင်းများတွင် သိပ္ပံသင်ကြားခြင်း
- (၁-၂) မူလတန်းသိပ္ပံ သင်ကြားရခြင်း ရည်ရွယ်ချက်
- (၁-၃) မူလတန်းသိပ္ပံ သင်ရိုးဖွဲ့စည်းပုံနယ်ပယ်
- (၁-၄) ထိရောက်သော သင်ကြား၊ သင်ယူမှု ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
- (၁-၅) နှိုင်းယှဉ်လေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှု (Comparing Skill)

အပိုင်း (၂) ကျောင်းသုံးစာအုပ်၏ ရည်ရွယ်ချက်နှင့် ရှင်းလင်းချက်
- (၂-၁) ဒုတိယတန်းသိပ္ပံ သင်ကြားရခြင်း၏ ရည်ရွယ်ချက်
- (၂-၂) အဆင့်(၅)ဆင့် ပါဝင်သော သင်ကြား၊ သင်ယူလုပ်ငန်း ရှင်းလင်းချက်
- (၂-၃) ဒုတိယတန်းသိပ္ပံ သင်ခန်းစာများ

အပိုင်း (၃) ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်နှင့် ရှင်းလင်းချက်
- (၃-၁) ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်
- (၃-၂) ဆရာလမ်းညွှန် ဖွဲ့စည်းထားပုံနှင့် အသုံးပြုပုံ
- (၃-၃) စာသင်ချိန် ခွဲဝေမှုဇယား (တစ်နှစ်တာနှင့် အသေးစိတ်)

အပိုင်း (၄) အခြားသိရှိရန်အချက်များ
- (၄-၁) သင်ပုန်းအသုံးပြုခြင်း
- (၄-၂) စာသင်ချိန် မိနစ် (၄၀)ကို အသုံးပြုခြင်း
- (၄-၃) ဒေသအခေါ်အဝေါ်နှင့် အမည်မှန်(သတ်ပုံကျမ်းပါအမည်)
- (၄-၄) သင်ထောက်ကူနှင့် သင်ယူမှုဝန်းကျင်
- (၄-၅) စစ်ဆေးခြင်း
- (၄-၆) ဘေးအန္တရာယ်ကင်းရှင်းရေး
- (၄-၇) ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆက်ဆံမှု

အပိုင်း (၅) သင်ခန်းစာအလိုက် ဆရာလမ်းညွှန်များ
- အခန်း (၁) ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်
- အခန်း (၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း
- အခန်း (၃) အပင်များကို နှိုင်းယှဉ်ခြင်း
- အခန်း (၄) တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း
- အခန်း (၅) ကျောက်ခဲ၊ ရေ နှင့် လေတို့ကိုလေ့လာခြင်း
- အခန်း (၆) နေ၊ လ တို့နှင့် မိတ်ဆက်ခြင်း


ဆရာလမ်းညွှန်တွင် သင်ခန်းစာအလိုက် စာသင်ချိန်စုစုပေါင်း၊ သင်ယူမှုဦးတည်ချက်၊ သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်နှင့် သတိပြုရန်အချက်များကို ထည့်သွင်းဖော်ပြထားပါသည်။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် အဆင့်(၅)ဆင့်အတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

DBE Box – Copyright Protected

မူလတန်းဆင့် ကလေးများအား သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာခြင်းအား အခြေခံ၍ အတွေ့အကြုံများ ရရှိပြီး ပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်မှု၊ သဘောကျနှစ်သက်မှုကိုရရှိကာ သိပ္ပံအသိသညာများ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်ပါသည်။

အချုပ်အားဖြင့် ဆရာများသည် ဤဆရာလမ်းညွှန်ကို ဖတ်ရှုလေ့လာ၍ အသုံးပြုသင်ကြားပေးခြင်းဖြင့် အထက်ပါ ချမှတ်ထားသော မူလတန်းသိပ္ပံ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေမည် ဖြစ်ပါသည်။

## (၃-၂) ဆရာလမ်းညွှန်ဖွဲ့စည်းထားပုံနှင့် အသုံးပြုပုံ

ဆရာလမ်းညွှန်ကို အောက်ပါအတိုင်း အပိုင်း(၅)ပိုင်းဖြင့် ဖွဲ့စည်းထားပါသည်-

အမှာစာ

အပိုင်း (၁) သိပ္ပံဆိုင်ရာ သိရှိရန်အချက်များ
- (၁-၁) မူလတန်းကျောင်းများတွင် သိပ္ပံသင်ကြားခြင်း
- (၁-၂) မူလတန်းသိပ္ပံ သင်ကြားရခြင်း ရည်ရွယ်ချက်
- (၁-၃) မူလတန်းသိပ္ပံ သင်ရိုးဖွဲ့စည်းပုံနယ်ပယ်
- (၁-၄) ထိရောက်သော သင်ကြား၊ သင်ယူမှု ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
- (၁-၅) နှိုင်းယှဉ်လေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှု (Comparing Skill)

အပိုင်း (၂) ကျောင်းသုံးစာအုပ်၏ ရည်ရွယ်ချက်နှင့် ရှင်းလင်းချက်
- (၂-၁) ဒုတိယတန်းသိပ္ပံ သင်ကြားရခြင်း၏ ရည်ရွယ်ချက်
- (၂-၂) အဆင့်(၅)ဆင့် ပါဝင်သော သင်ကြား၊ သင်ယူလုပ်ငန်း ရှင်းလင်းချက်
- (၂-၃) ဒုတိယတန်းသိပ္ပံ သင်ခန်းစာများ

အပိုင်း (၃) ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်နှင့် ရှင်းလင်းချက်
- (၃-၁) ဆရာလမ်းညွှန်၏ ရည်ရွယ်ချက်
- (၃-၂) ဆရာလမ်းညွှန် ဖွဲ့စည်းထားပုံနှင့် အသုံးပြုပုံ
- (၃-၃) စာသင်ချိန် ခွဲဝေမှုဇယား (တစ်နှစ်တာနှင့် အသေးစိတ်)

အပိုင်း (၄) အခြားသိရှိရန်အချက်များ
- (၄-၁) သင်ပုန်းအသုံးပြုခြင်း
- (၄-၂) စာသင်ချိန် မိနစ် (၄၀)ကို အသုံးပြုခြင်း
- (၄-၃) ဒေသအခေါ်အဝေါ်နှင့် အမည်မှန်(သတ်ပုံကျမ်းပါအမည်)
- (၄-၄) သင်ထောက်ကူနှင့် သင်ယူမှုဝန်းကျင်
- (၄-၅) စစ်ဆေးခြင်း
- (၄-၆) ဘေးအန္တရာယ်ကင်းရှင်းရေး
- (၄-၇) ဆရာနှင့် ကျောင်းသား အပြန်အလှန် ဆက်ဆံမှု

အပိုင်း (၅) သင်ခန်းစာအလိုက် ဆရာလမ်းညွှန်များ
- အခန်း (၁) ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်
- အခန်း (၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း
- အခန်း (၃) အပင်များကို နှိုင်းယှဉ်ခြင်း
- အခန်း (၄) တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း
- အခန်း (၅) ကျောက်ခဲ၊ ရေ နှင့် လေတို့ကိုလေ့လာခြင်း
- အခန်း (၆) နေ၊ လ တို့နှင့် မိတ်ဆက်ခြင်း

ဆရာလမ်းညွှန်တွင် သင်ခန်းစာအလိုက် စာသင်ချိန်စုစုပေါင်း၊ သင်ယူမှုဦးတည်ချက်၊ သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်နှင့် သတိပြုရန်အချက်များကို ထည့်သွင်းဖော်ပြထားပါသည်။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် အဆင့်(၅)ဆင့်အတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

DBE Box - Copyright Protected

ဆရာလမ်းညွှန်ကို ဖတ်ရှုခြင်းဖြင့် ဆရာများသည် သင်ခန်းစာကို မသင်ကြားမီ အသေးစိတ်ကြိုတင်ပြင်ဆင်နိုင်ပါသည်။ သတိပြုရမည့်အချက်များကို ဖတ်ရှုခြင်းဖြင့် သင်ကြား၊ သင်ယူမှုကို ထိရောက်စေရုံသာမက လက်တွေ့လုပ်ငန်းများ ပြုလုပ်ရာတွင်လည်းကောင်း၊ စူးစမ်းလေ့လာမှုကို ပြုလုပ်ရာတွင်လည်းကောင်း ကလေးများအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။

## (၃-၃) စာသင်ချိန် ခွဲဝေမှုဇယား (တစ်နှစ်တာနှင့် အသေးစိတ်)

ဆရာများအား သိပ္ပံအတန်းအတွက် တစ်နှစ်တာအစီအစဉ်ကို အထောက်အကူဖြစ်စေရန် စာသင်ချိန်ခွဲဝေမှုဇယားကို ထည့်သွင်းရေးသားထားပါသည်။ အကြံပေးတင်ပြထားသည့် စာသင်ချိန်များအတိုင်း အတတ်နိုင်ဆုံး လိုက်နာကာ သင်ကြားရမည်ဖြစ်သော်လည်း ဆရာများအနေနှင့် လိုအပ်သလို အစီအစဉ်ကို ညှိနှိုင်း၍ သင်ကြားနိုင်ပါသည်။

တစ်နှစ်တာ စာသင်ချိန်ခွဲဝေမှု - ဇယား(၁)

အသေးစိတ် စာသင်ချိန်ခွဲဝေမှုဇယား - ဇယား(၂)တို့ကို အောက်ပါအတိုင်း ကြည့်ရှုလေ့လာနိုင်ပါသည်။

### ဇယား (၁) ဒုတိယတန်း သိပ္ပံ တစ်နှစ်တာ စာသင်ချိန် ခွဲဝေမှုဇယား

**စာသင်ချိန်(၂)ချိန်၊ ရက်သတ္တပတ်** **စာသင်ချိန်(၇၂)ချိန်၊ တစ်နှစ်**

| သင်ကြားရမည့်ကာလ | အခန်း၊ သင်ခန်းစာ | | ပါဝင်သည့် သင်ခန်းစာများ | စာသင်ချိန် | စာမျက်နှာ အရေအတွက် |
|---|---|---|---|---|---|
| ဇွန်လ မှ ဩဂုတ်လ | **အခန်း ၁** ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် | (၁) | သက်ရှိနှင့် သက်မဲ့ | ၉ | ၁၁ |
| | | (၂) | တိုးသောအသံ၊ ကျယ်သောအသံ | | |
| ဩဂုတ်လ | **အခန်း ၂** ကျွန်ုပ်တို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း | (၁) | ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများပြောင်းလဲမှု | ၈ | ၁၂ |
| | | (၂) | အရေပြား | | |
| စက်တင်ဘာလ မှ အောက်တိုဘာလ | **အခန်း ၃** အပင်များကို နှိုင်းယှဉ်ခြင်း | (၁) | ပင်စည်များနှင့် အရွက်များ | ၁၀ | ၁၄ |
| | | (၂) | အပွင့်များနှင့် အသီးများ | | |
| အောက်တိုဘာလ မှ နိုဝင်ဘာလ | **အခန်း ၄** တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း | (၁) | ခန္ဓာကိုယ်အဖုံးအကာနှင့် ရွေ့လျားမှု | ၁၂ | ၁၂ |
| | | (၂) | ငှက်များနှင့် အင်းဆက်များ | | |
| နိုဝင်ဘာလ မှ ဒီဇင်ဘာလ | **အခန်း ၅** ကျောက်ခဲ၊ ရေ နှင့် လေ တို့ကိုလေ့လာခြင်း | (၁) | ပုံသဏ္ဌာန်၊ နေရာယူခြင်းနှင့် အလေးချိန် | ၁၅ | ၁၄ |
| | | (၂) | ရေနှင့် လေ တို့၏ ရွေ့လျားခြင်း | | |
| ဒီဇင်ဘာလ မှ ဇန်နဝါရီလ | **အခန်း ၆** နေ၊ လ တို့နှင့် မိတ်ဆက်ခြင်း | (၁) | နေမှရသော အပူနှင့် အလင်း | ၁၀ | ၁၂ |
| | | (၂) | လကို မြင်ရပုံ ပြောင်းလဲခြင်း | | |
| စာသင်ချိန် | | | | ၆၄ | - |
| ပြန်လှန်သင်ကြားခြင်း (ဖေဖော်ဝါရီလ)နှင့် အရန်စာသင်ချိန် | | | | ၈ | - |
| | | | စုစုပေါင်း | ၇၂ | ၇၅ |

# အပိုင်း(၄) အခြားသိရှိရန် အချက်များ

## (၄-၁) သင်ပုန်းအသုံးပြုခြင်း

(၁) သင်ပုန်းကို အနည်းဆုံးအပိုင်း(၂)ပိုင်းခွဲပြီး ရေးသားရန် လိုအပ်ပါသည်။
ပထမပိုင်း - ဆရာက ကျောင်းသားများအား မိမိသင်ကြားမည့် အကြောင်းအရာများကို ရေးသားခြင်း၊ ပုံဆွဲခြင်း။ (ညာ)
ဒုတိယပိုင်း - ကျောင်းသားများ၏ တုံ့ပြန်ဖြေဆိုချက်များကို အားလုံးမြင်တွေ့စေရန် ရေးသားခြင်း။ (ဘယ်)

(၂) ဆရာက ထိုသို့နေ့စဉ်ပြုလုပ်ခြင်းအားဖြင့် ကျောင်းသားများကိုယ်တိုင်ပြောခဲ့သော အချက်အလက်များကို အလွယ်တကူ မှတ်မိ နိုင်မည်။

(၃) သင်ပုန်းမှတ်ချက်ရေးရာတွင် စာလုံးများအား စာလုံးပေါင်းသတ်ပုံမှန်ကန်ပြီး စာလုံးကြီးကြီး၊ ပီပီသသ၊ သပ်သပ်ရပ်ရပ် ရေးသားရန် အထူးလိုအပ်ပါသည်။

## (၄-၂) စာသင်ချိန် မိနစ်(၄၀)ကို အသုံးပြုခြင်း

(၁) နိဒါန်းပျိုးခြင်းအပိုင်းကို အချိန် (၅-၇)မိနစ် ကြားတွင်သာ အသုံးပြုသင့်သည်။ အချိန်ရှည်လျားစွာ မပြုလုပ်သင့်ပါ။

(၂) သင်ကြား၊ သင်ယူမှု အပိုင်း (လုပ်ငန်း)ကို အချိန် (၂၈-၃၀)မိနစ် ကြားတွင်သာ အသုံးပြုသင့်သည်။ လုပ်ငန်းပြုလုပ်ရာ တွင်လည်း ကျောင်းသားများ စူးစမ်းလေ့လာမှုအပိုင်းကို အချိန်များများပေးပါ။

(၃) သင်ကြားသည့် သင်ခန်းစာကို အနှစ်ချုပ်ရာတွင်လည်း အချိန် (၅-၇)မိနစ် ကြားတွင်သာ အသုံးပြုသင့်သည်။

(၄) သင်ခန်းစာအတိမ်အနက်ကိုလိုက်၍ စာသင်ချိန်ကို အချိုးကျခွဲဝေသုံးစွဲပါ။
ကျောင်းသုံးစာအုပ်များတွင်ပါရှိသည့် လက်တွေ့လုပ်ငန်းများကို နေ့စဉ်ဘဝနှင့်ဆက်စပ်၍ စီစဉ်ဆောင်ရွက်စေခြင်းဖြင့် သိပ္ပံဆိုင်ရာ လုပ်ငန်းစဉ်များကို ရရှိသွားမည်ဖြစ်ပါသည်။

## (၄-၃) ဒေသအခေါ်အဝေါ်နှင့် အမည်မှန်(သတ်ပုံကျမ်းပါအမည်)

အပင်များ၊ တိရစ္ဆာန်များနှင့် အရာဝတ္ထုများသည် ဒေသအလိုက် အခေါ်အဝေါ်များ ကွဲပြားမှုရှိပါသည်။ ထိုသို့ ကွဲပြားမှုရှိပါက ဆရာများအနေဖြင့် ဒေသအခေါ်အဝေါ်အပြင် အများသုံးအမည်ကိုပါ ကျောင်းသားများ သိရှိသွားစေရန် လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဆရာများသည် ကျောင်းသားများ အများသုံးအမည်ကို သိရှိသွားရန်အတွက် အထူးသတိထား ပြုပြင်ပေးရပါမည်။

## (၄-၄) သင်ထောက်ကူနှင့် သင်ယူမှုဝန်းကျင်

ဒုတိယတန်း သိပ္ပံကျောင်းသုံးစာအုပ်တွင် ပါရှိသော သင်ခန်းစာများအတွက် သင်ထောက်ကူပစ္စည်းများကို မိမိဒေသ သို့မဟုတ် မိမိအနီးဆုံးပတ်ဝန်းကျင်ရှိ သင်ထောက်ကူပစ္စည်းများဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါသည်။ သင်ထောက်ကူပစ္စည်းများကို ပစ္စည်းစစ်နှင့် သုံးစွဲရန် အထူးတိုက်တွန်း ထားသော်လည်း အလွန်အခက်အခဲရှိပါက ရုပ်ပုံများကို အသုံးပြုခြင်း၊ ရုပ်ပုံရေးဆွဲပြခြင်း စသည့် နည်းလမ်းများဖြင့် အသုံးပြုသင်ကြားနိုင်ပါသည်။

သင်ယူမှုဝန်းကျင်ကို ဆရာက ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါသည်။ သို့မှသာ ကျောင်းသားများသည် ပြည့်စုံသော သင်ယူမှုကိုရရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်ကိုလည်း ပေါက်မြောက်နိုင်မည် ဖြစ်ပါသည်။

## (၄-၅) စစ်ဆေးခြင်း

ဒုတိယတန်း ကျောင်းသားများသည် အသက်(၇⁺)နှစ် အရွယ်များဖြစ်သောကြောင့် နှုတ်မေးနှုတ်ဖြေဖြင့် ဦးစားပေးစစ်ဆေးရန် ဖြစ်ပါသည်။ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရန် မေးခွန်းအမျိုးအစား (၂)မျိုးကို ထည့်သွင်းထားပါသည်။

**၁။ အပိတ်မေးခွန်း**

အပိတ်မေးခွန်းတွင် အဖြေပါသော မေးခွန်းနှင့် အဖြေမပါသောမေးခွန်း မေးခွန်းအမျိုးအစား (၂)မျိုးထည့်သွင်းထားပါသည်။ အဖြေပါသောမေးခွန်းများမှာ (က)အဖြေမှန်ရွေးမေးခွန်းနှင့် (ခ)ယှဉ်တွဲမေးခွန်းတို့ဖြစ်သည်။ အဖြေမပါသောမေးခွန်းမှာ ကွက်လပ် ဖြည့်စွက်ခြင်းဖြစ်ပါသည်။

**၂။ အဖွင့်မေးခွန်း**

အဖွင့်မေးခွန်းသည် အဖြေမပါသော မေးခွန်းအမျိုးအစားဖြစ်သည်။ ရုပ်ပုံရေးဆွဲသရုပ်ဖော်ခြင်းအပြင် ကျောင်းသားများ၏ စူးစမ်းလေ့လာတွေ့ရှိမှုနှင့် စိတ်ကူးများကို ၎င်းတို့၏ ကိုယ်ပိုင်စကားအသုံးအနှုန်းများဖြင့် ဖြေဆိုခြင်းကိုလည်း ပြုလုပ်စေရန် ဖြစ်ပါသည်။

**တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်း**ကို နည်းလမ်း(၂)မျိုးဖြင့် စစ်ဆေးနိုင်ပါသည်။

(၁) အသိပညာနှင့် တတ်မြောက်မှုကို မေးခွန်းပုံစံဖြင့် စစ်ဆေးခြင်း (Item Type)

အသိပညာတတ်မြောက်မှုကို စစ်ဆေးခြင်းတွင်လည်း အဆင့်(၃)ဆင့်ဖြင့် စစ်ဆေးရမည် ဖြစ်ပါသည်။

(က) မှတ်မိခြင်းကို စစ်ဆေးခြင်း (Remembering)

(ခ) နားလည်ခြင်းကို စစ်ဆေးခြင်း (Understanding)

(ဂ) အသုံးချခြင်း (Application)

(၂) လုပ်ဆောင်မှုကို အမှတ်ပေး စံဇယားဖြင့် စစ်ဆေးခြင်း (Rubric Type)

အသိပညာတတ်မြောက်မှု စစ်ဆေးခြင်းနှင့် လုပ်ဆောင်မှုကို အကဲဖြတ်စစ်ဆေးခြင်းကို လုပ်ဆောင်ရာတွင် ဆရာသည် စနစ်တကျ ကြိုတင်ပြင်ဆင်ထားရမည်။ ကျောင်းသားများ၏ လုပ်ဆောင်မှုများကို (Rubric Type) သာလွန်သောအဆင့်၊ ကျေနပ်နှစ်သိမ့်မှုအဆင့်နှင့် သင်ယူနေဆဲအဆင့်ဟူသော အဆင့်(၃)ဆင့် ခွဲခြားသတ်မှတ်ပြီး မှတ်တမ်းထားရှိရမည် ဖြစ်ပါသည်။

## (၄-၆) ဘေးအန္တရာယ်ကင်းရှင်းရေး

ဆရာများသည် သင်ကြား၊ သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျောင်းသားများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရန်အတွက် လုပ်ငန်းများဆောင်ရွက်ပြီးသောအခါ လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် နေရာနှင့် အရာများ (ဥပမာ၊ ရေတွင်း၊ ရေကန်နှင့် ရေအိုင်များအနီးသို့သွားခြင်း၊ ပျားအုံနှင့် ခူကောင် စသည်တို့ကို ကိုင်တွယ်ခြင်း) စသည်တို့ကို မပြုလုပ်စေရန် သတိပေးပြောကြားရပါမည်။ အချို့အရွက်များသည် အဆိပ်အတောက်ဖြစ်စေနိုင်ကြောင်း ကျောင်းသားများကို သတိပေးပြောပြထားရပါမည်။ (ဥပမာ၊ နွယ်သာကီရွက်)

## (၄-၇) ဆရာနှင့် ကျောင်းသား အပြန်အလှန်ဆက်ဆံမှု

ဆရာသည် ကျောင်းသားများနှင့် ဆက်ဆံရာတွင် " ပုဂ္ဂိုလ်ခင်မှ တရားမင် " သည်ဟူသော မြန်မာစကားရပ်အတိုင်း ကျောင်းသားများသည် ဆရာ့အား ချစ်ခင်လေးစားကြည်ညိုလျှင် သင်ကြားသင်ယူမှုလုပ်ငန်းကို အားဖြည့်ရာရောက်ပါသည်။ သို့ဖြစ်ပါ၍ နွေးထွေးမှုကို ပြသသော " သားတို့၊ သမီးတို့ " ဟု သုံးနှုန်းခြင်း၊ ကျောင်းသားအားလုံးကို အသားအရောင်၊ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ မခွဲခြားဘဲ တန်းတူညီမျှ ဆက်ဆံရန်လည်း အထူးအရေးကြီးပါသည်။ ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးပေးသော စကားများ ပြောကြားခြင်း၊ အားနည်းသူကို အားပေးခြင်း၊ ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို လမ်းဖွင့်ပေးခြင်းများ ပြုလုပ်ပေးရပါမည်။

## ၁ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်
### (၁) သက်ရှိနှင့် သက်မဲ့



**မေးခွန်းကို ဖြေကြည့်ရအောင်**
သက်ရှိနဲ့ သက်မဲ့ ဘယ်လိုကွဲပြားကြသလဲ။











၁

### သတိပြုရမည့်အချက်များ(၁)

* သက်ရှိများ၏ လက္ခဏာများမှာ အစာစားခြင်း၊ ကြီးထွားခြင်း၊ မျိုးပွားခြင်း၊ ရွေ့လျားခြင်း၊ တုံ့ပြန်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ အသက်ရှူခြင်း (၇)ချက် ဖြစ်ပါသည်။

* ဒုတိယတန်း ကျောင်းသားများကို သင်ကြားရာတွင် အချက်(၄)ချက်ဖြစ်သော ရေသောက်ခြင်း၊ အစာစားခြင်း၊ ရွေ့လျားခြင်း၊ ကြီးထွားခြင်းဖြင့်သာ သင်ကြားပါသည်။

* ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာတတ်ရန် ပြုလုပ်ပေးရမည်မှာ ဆရာ၏ တာဝန်ပင်ဖြစ်ပါသည်။

* သက်ရှိတို့မည်သည် အစာ၊ ရေနှင့် အလင်းရောင်တို့ လိုအပ်ပါသည်။

## အခန်း ၁(၁)

### စာသင်ချိန် စုစုပေါင်း(၅)ချိန်

**အခန်း ၁(၁)။ သင်ယူမှုဦးတည်ချက်**
ပတ်ဝန်းကျင်ရှိ သက်ရှိ၊ သက်မဲ့အရာများကို နှိုင်းယှဉ်ခွဲခြားတတ်ရန်။

### အခန်း ၁(၁)။ အသေးစိတ်ဦးတည်ချက်များ

(၁) ပေးထားသော ရုပ်ပုံများကိုကြည့်၍ သက်ရှိ၊ သက်မဲ့ ခွဲခြားတတ်ရန်။

(၂) ကျောင်းဝင်းထဲရှိ သက်ရှိ၊ သက်မဲ့ပစ္စည်းများကို လေ့လာခွဲခြားတတ်ရန်။

(၃) ပုရွက်ဆိတ်သွားသည့် အစာလမ်းကြောင်းကို ကြည့်ပြီး ပုရွက်ဆိတ်များသည် အစာကို သယ်ဆောင်သွားနိုင်ကြောင်းနှင့် ပုရွက်ဆိတ်သည်သက်ရှိဖြစ်ကြောင်း ပြောပြတတ်ရန်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ကျောင်းသားများအား ကြည့်ရှုခိုင်းပါ။ ဤအပိုင်းတွင် ပါရှိသောမေးခွန်းနှင့် စကားပြောများကို ဆရာက ဖတ်ပြရပါမည်။ ပြီးနောက် ပုံတွင် တွေ့မြင်ရသည်များကို ဆရာက မေးမြန်းရပါမည်။ အသက်ရှင်ရန်အတွက် အစာနှင့် ရေ လိုအပ်ကြောင်းကို ကျောင်းသားများကိုယ်တိုင် သိရှိနားလည်စေရန် ဆရာက ဦးဆောင်ရန် လိုအပ်ပါသည်။

အရုပ်ကလေးဖိုးဝမှာ သက်မဲ့ဖြစ်သဖြင့် အစာနှင့် ရေ မလိုအပ်ကြောင်းကို ကျောင်းသားများဆီမှ သူတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်တတ်သော အဖြေရရှိရန် ဆရာက မေးမြန်းရပါမည်။

DBE Box — Copyright Protected

## အခန်း ၁(၁)

### စာသင်ချိန် စုစုပေါင်း(၅)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ကြောင်နှင့် အပင်တွေမှာရော လိုအပ်ချက်တွေ တူသလားဟု ဆရာက မေးမြန်းပါမည်။ ပြီးနောက် ကျောင်းသားများ ဆက်လက်သင်ယူရန် အဆင်သင့်ဖြစ်မှုနှင့် စိတ်အားထက်သန်မှု ဖြစ်စေရန် ကျောင်းသားများကို ဆရာက ကူညီဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါသည်။ ပြီးနောက် **ကြိုးစားပြီးရှာဖွေကြ ရအောင်** အပိုင်းကို သင်ကြားရမည်ဖြစ်ပါသည်။

**လုပ်ငန်း(၁)**

ကျောင်းသားများကို ကျောင်းသုံးစာအုပ်တွင် ပေးထားသော ရုပ်ပုံ(၃)ပုံကို မိမိဘေးမှ သူငယ်ချင်းနှင့် ကြည့်ပြီး အတူတူပြောစေပါမည်။

(နှစ်ယောက်တွဲလုပ်ငန်း)

(ဆရာကပြောပြခြင်းထက် ကျောင်းသားများ ပြောပြခြင်းကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။)

**လုပ်ငန်း(၂)**

ဆရာက ကျောင်းသားများအား ကျောင်းဝင်းထဲ ခေါ်သွားရမည်။ (ကျောင်းဝင်းခြံမရှိသော ကျောင်းများ ရှိပါက စာသင်ခန်းအတွင်းတွင်သာ ရှာဖွေခိုင်းပါမည်။) ပြီးနောက် ဆရာက ကျောင်းသားများအား သက်ရှိပစ္စည်း(၃)မျိုးနှင့် သက်မဲ့ပစ္စည်း(၃)မျိုးကို ရှာဖွေခိုင်းပါမည်။ ရှာဖွေတွေ့ရှိရသည့် ပစ္စည်းများသည် မည်သည့်အတွက်ကြောင့် သက်မဲ့ဖြစ်သည် ဆိုသည်ကို အုပ်စုလိုက်အကြောင်းပြ၍ ဆရာက ကျောင်းသားများအား ဆွေးနွေးခိုင်းပါမည်။

(ဥပမာ- ကျောင်းသားက ကျောက်ခဲတစ်လုံးကို တွေ့ခဲ့သည်ဆိုပါစို့။ ကျောက်ခဲသည် ရေမသောက်နိုင်ပါ။ အစာ မစားနိုင်ပါ။ မကြီးထွားနိုင်ပါ။ ကိုယ်တိုင် မရွေ့လျားနိုင်ပါ။ ထို့ကြောင့် ကျောက်ခဲသည် သက်မဲ့ဖြစ်သည်။)

မည်သည့်အတွက်ကြောင့် သက်ရှိဖြစ်သည်၊ သက်မဲ့ဖြစ်သည် ဆိုသည်အား နမူနာပြောပြပြီး ရှာဖွေခိုင်းပါမည်။





**ကြိုးစားပြီးရှာဖွေကြရအောင်**

လုပ်ငန်း(၁)

အောက်မှာပေးထားတဲ့ ပုံတွေကိုကြည့်ပြီး ဇယားမှာ မှန်(✔)၊ မှား(✘)ခြစ်ကြရအောင်။

| | ရေသောက်တယ် | အစာစားတယ် | ရွေ့လျားတယ် | ကြီးထွားတယ် |
|---|---|---|---|---|
|  | | | | |
|  | | | | |
|  | | | | |

လုပ်ငန်း(၂)

ကျောင်းဝင်းထဲမှာ သက်ရှိ(၃)မျိုးနဲ့ သက်မဲ့(၃)မျိုးကို ရှာကြည့်ကြရအောင်။ ရှာဖွေတွေ့ရှိရတဲ့ အရာများကို ဇယားမှာဖြည့်ပြီး မှန်(✔)၊ မှား(✘) ခြစ်ကြရအောင်။

| စဉ် | သက်ရှိ၊ သက်မဲ့ အမည် | ရေသောက်တယ် | အစာစားတယ် | ရွေ့လျားတယ် | ကြီးထွားတယ် |
|---|---|---|---|---|---|
| (၁) | | | | | |
| (၂) | | | | | |
| (၃) | | | | | |
| (၄) | | | | | |
| (၅) | | | | | |
| (၆) | | | | | |

၂

### သတိပြုရမည့်အချက်များ(၂)

* အပင်များသည် ကိုယ်တိုင် အစာချက်လုပ်နိုင်ကြောင်း ကျောင်းသားများကို ပြောပြထားရမည်။
* လုပ်ငန်း(၂)သည် ကျောင်းသားများအတွက် စူးစမ်းလေ့လာမှုနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုကို အလေ့အကျင့်ရရှိစေရန် ဖြစ်ပါသည်။
* လုပ်ငန်း(၂)ပြုလုပ်ရာတွင် ဆရာက ကျောင်းသားများအား စာသင်ခန်း၏ အပြင်ဘက်တွင် သက်ရှိ၊ သက်မဲ့ ပစ္စည်းများကို ရှာဖွေခိုင်းခြင်းဖြစ်သည်။ (အပြင်ထွက်ရာတွင် ကျောင်းသားများ နေပူမမိစေရန်နှင့် အန္တရာယ်မဖြစ်စေရန် ဆရာက အထူးဂရုပြု ဆောင်ရွက်ရပါမည်။)
* လေ့လာတွေ့ရှိမှုကို ဖလှယ်ရာတွင် ကျောင်းသားများ ငြီးငွေ့မှုမရှိစေရန်၊ အာရုံစူးစိုက်မှုရှိစေရန်နှင့် အချိန်ဖြုန်းတီးမှုမဖြစ်ပေါ်စေရန် အုပ်စုတစ်စုချင်းစီကို ဆရာက စောင့်ကြည့်ပေးရန် လိုအပ်ပါသည်။
* လုပ်ငန်းများပြုလုပ်ရာ၌ ပူးပေါင်းဆောင်ရွက်မှုတွင် မပါဝင်သော ကျောင်းသားများ ပါဝင်လာအောင် ဆရာက စောင့်ကြည့်ဦးဆောင်ပေးရန် လိုအပ်ပါသည်။

DBE Book – Copyright Protected

လုပ်ငန်း(၃)

ကျောင်းဝင်းထဲမှာ ပုရွက်ဆိတ်တွေကို ရှာကြည့်ကြရအောင်။

သူတို့သွားတဲ့လမ်းကြောင်းကို လိုက်ကြည့်ပြီး နေတဲ့နေရာကို ရှာကြမယ်။ သူတို့ ဘာတွေသယ်သွားလဲ၊ တွေ့တာကို ပြောကြည့်ရအောင်။

ပုရွက်ဆိတ်လေးကတော့ ..............................

..............................










## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ



အပင်တွေ ရှင်သန်ကြီးထွားဖို့ အစာ၊ ရေ၊ လေနဲ့ နေရောင်ခြည်လိုအပ်တယ်။ အပင်တွေဟာ သက်ရှိဖြစ်ပြီး ကိုယ်တိုင်ရွေ့လျားသွားနိုင်ခြင်းမရှိပါ။

သစ်သားနဲ့ပြုလုပ်ထားတဲ့ ပစ္စည်းများဖြစ်တဲ့ စားပွဲ၊ ကုလားထိုင်တွေကတော့ သက်မဲ့ဖြစ်တယ်။



## သတိပြုရမည့်အချက်များ(၃)

* လုပ်ငန်း(၃)ကို မသင်ကြားမီ ဆရာက ပုရွက်ဆိတ်ရှိရာနေရာတွင် ချိုသောမုန့်ကို ချထားရန် လိုအပ်ပါမည်။ (စာမသင်မီဆရာက ကြိုတင်ပြင်ဆင်ထားရပါမည်။)
* သို့မှသာ ပုရွက်ဆိတ်များအုံလာပြီး ပုရွက်ဆိတ် အစာချီရာလမ်းကြောင်းကို ကျောင်းသားများကိုယ်တိုင် တွေ့ရှိမည်ဖြစ်ပါသည်။
* လုပ်ငန်းများလုပ်တိုင်း ကျောင်းသားများထဲမှ သင့်လျော်သူကို အဖွဲ့ခေါင်းဆောင်ထားပြီး ၎င်းတာဝန်ကိုလည်း အလှည့်ကျ လုပ်ဆောင်စေရမည်။
* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** အပိုင်းမှ အသိသညာများကို စစ်ဆေးခြင်းတွင် ထည့်သွင်းမေးမြန်းခြင်း ပြုလုပ်ရမည်မဟုတ်သည်ကို သတိပြုရမည်။
* အပင်အစာဖွဲ့စည်းခြင်းဆိုသည်မှာ အစိမ်းရောင်ခြယ်ပစ္စည်း (ကလိုရိုဖီးလ်) ပါရှိသော သစ်ရွက်စိမ်းများသည် နေရောင်ခြည်၏ အကူအညီဖြင့် ကိုယ်တိုင် အစာဖွဲ့စည်းနိုင်သည်။ (ဆရာများ သိရှိရန်သာ ဖြစ်ပါသည်။)
* သတ္တဝါ အစာဖွဲ့စည်းခြင်းဆိုသည်မှာ အစိမ်းရောင်ခြယ်ပစ္စည်း (ကလိုရိုဖီးလ်) မပါရှိသဖြင့် ကိုယ်တိုင် အစာမဖွဲ့စည်းနိုင်ပါ။ ထို့ကြောင့် အပင်များ သို့မဟုတ် သတ္တဝါအချင်းချင်း ပြန်၍စားသုံးသည်။ (ဆရာများ သိရှိရန်သာ ဖြစ်ပါသည်။)

# အခန်း ၁(၁)

## စာသင်ချိန် စုစုပေါင်း(၅)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၃)**

လုပ်ငန်း(၃)ပါ စာမျက်နှာတွင် တွေ့ရသည့် ပုံနှင့် စကားပြောများကို ဆရာက ရှင်းပြရမည်ဖြစ်သည်။ ကျောင်းဝင်းထဲတွင် ပုရွက်ဆိတ်များရှိရာ နေရာကို ဆရာက ပထမဆုံးရှာဖွေခိုင်းပါမည်။ ပြီးနောက် ပုရွက်ဆိတ်များသွားသည့် လမ်းကြောင်းကို ကြည့်ခိုင်းပါမည်။ ပြီးလျှင် ပုရွက်ဆိတ်နေသည့် နေရာကိုရှာခိုင်းရပါမည်။ ပုရွက်ဆိတ်က အစာများကို သယ်ဆောင်သွားနိုင်ကြောင်းကို ကျောင်းသားများကိုယ်တိုင် တွေ့မြင်နိုင်အောင် ဆရာက ရှာဖွေခိုင်းရမည် ဖြစ်ပါသည်။

စာသင်ခန်းထဲသို့ ပြန်ရောက်သောအခါ ဆရာက ကျောင်းသားများ၏ တွေ့ရှိချက်များကို အချင်းချင်းပြောခိုင်းပါမည်။ ဆရာက မှတ်တမ်းတင်ထားရပါမည်။ ကျောင်းသားများ၏ ပြောပြချက်များကို ဆရာက သင်ပုန်းမှတ်ချက်ရေးရပါမည်။ ကျောင်းသားများကိုယ်တိုင် ပုရွက်ဆိတ်များသည် သူတို့နေထိုင်ရာနေရာကို အစာများ သယ်ဆောင်သွားနိုင်ကြောင်းနှင့် ပုရွက်ဆိတ် အသက်ရှင်ရန် အစာလိုအပ်ကြောင်းကို ကျောင်းသားများထံမှ အဖြေရရှိအောင် ဆရာက ဦးဆောင်ပေးရပါမည်။

### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းသည် ဆရာများအနေဖြင့် ကျောင်းသားများအား ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံ၍ထွင် သင်ကြားပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်၊ နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**တွင် တွေ့မြင်ရသည့်ပုံကိုကြည့်ပြီး သစ်ပင်က သက်ရှိဖြစ်ကြောင်းနှင့် သစ်သားနှင့် ပြုလုပ်ထားသော ပစ္စည်းများဖြစ်သည့် စားပွဲ၊ ကုလားထိုင်တို့က သက်မဲ့ဖြစ်ကြောင်း ဆရာက ပြောပြရပါမည်။



DBEBox — Copyright Protected

# အခန်း ၁(၁)

## စာသင်ချိန် စုစုပေါင်း(၅)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်အား မည်မျှထိ ရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။

“ဒီသင်ခန်းစာက လုပ်ငန်းတွေလုပ်ပြီးသွားပြီ၊ ဘာတွေသိခဲ့လဲ ပြောပြပါဦး” မေးခွန်းကို မေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး သင်ပုန်းမှတ်ချက်ရေးခြင်းကို ဆရာက ပြုလုပ်ရမည်ဖြစ်သည်။

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ကျောင်းသားများ၏ ပြောပြမှုကို နားထောင်ပြီးမှသာ ၎င်းစာမျက်နှာကို ဆရာက ဖတ်ပြပြီး ကျောင်းသားများကို ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။

ပတ်ဝန်းကျင်တွင် သက်ရှိသက်မဲ့ အရာများနှင့် ဖွဲ့စည်းထားကြောင်းကို ဆရာက ကျောင်းသားများအား ရှင်းပြရပါမည်။ သက်ရှိများသည် ရေသောက်သည်။ အစာစားသည်။ ကြီးထွားနိုင်သည်။ ကိုယ်တိုင်လည်း ရွေ့လျားသွားလာနိုင်သည်။

သက်မဲ့များသည် ရေမသောက်နိုင်ပါ။ အစာမစားနိုင်ပါ။ မကြီးထွားနိုင်ပါ။ ကိုယ်တိုင်ရွေ့လျားခြင်း မပြုလုပ်နိုင်ကြောင်းပြော၍ အနှစ်ချုပ်ဆိုပါမည်။


အခန်း(၁) ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်

သိသွားပြီနော်

သက်ရှိနဲ့ သက်မဲ့ အမျိုးမျိုးဟာ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရှိနေတယ်

သက်ရှိတွေဟာ ရေသောက်တယ် အစာစားတယ် ကြီးထွားနိုင်တယ် သူတို့ကိုယ်တိုင် ရွေ့လျားသွားလာနိုင်တယ် သက်မဲ့တွေက အဲဒါတွေကို မလုပ်နိုင်ဘူး

အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်

သက်ရှိ

သက်မဲ့

ရေ သောက်တယ်၊ အစာ စားတယ်၊ ကြီးထွားတယ်၊ သူတို့ ကိုယ်တိုင် ရွေ့လျားသွားလာ နိုင်တယ်။

ရေ မသောက်နိုင်ဘူး၊ အစာ မစားနိုင်ဘူး၊ မကြီးထွားနိုင်ဘူး၊ သူတို့ ကိုယ်တိုင် မရွေ့လျား နိုင်ဘူး။

၄

### သတိပြုရမည့်အချက်များ(၄)

* **သိသွားပြီနော်** အပိုင်းကို ဆောင်ရွက်ရာတွင် ကျောင်းသားများကိုယ်တိုင် သိသွားသည်များကို ပြောပြပြီးသည်အထိ စောင့်ဆိုင်းမေးမြန်း နားထောင်ပေးရမည်ဖြစ်ပါသည်။ ဆန္ဒမစောရန် သတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။
* ကျောင်းသားများကိုယ်တိုင် သေချာရှင်းလင်းစွာ၊ တိကျစွာပြောပြနိုင်သည်အထိ ဆရာက အချိန်ပေးနားထောင်ရမည် ဖြစ်သည်။
* ဖြေဆိုလိုသည့် ကျောင်းသားများကို ဖြေဆိုခွင့်ပြုပါ။ ပါဝင်မှုမရှိသော ကျောင်းသားများကို အလှည့်ကျခေါ်ဆို၍ ပါဝင်စေရမည်။

DBE Box – Copyright Protected

**လေ့ကျင့်ခန်း**

၁။ သင့်အိမ်မှာရှိတဲ့ သက်ရှိအရာ(၃)မျိုးနဲ့ သက်မဲ့အရာ(၃)မျိုးရဲ့ အမည်တွေကို ပြောပြပါ။

၂။ ပုံအတွဲ(က)နဲ့ အတွဲ(ခ)မှာ ဘယ်အတွဲက သက်မဲ့ ဖြစ်သလဲ။

အတွဲ(က)   

အတွဲ(ခ)   

၃။ ကြက်အရိုးတွေ ငါးအရိုးတွေဟာ သက်ရှိလား၊ သက်မဲ့လား၊ အကြောင်းပြချက် ပေးပါ။

၄။ ကားက ရွေ့လျားနိုင်တယ်၊ အဲဒါက သက်ရှိလား၊ သက်မဲ့လား၊ သင့်အဖြေအတွက် အကြောင်းပြချက် တစ်ခုပေးပါ။

၅။ ပုံတွေရဲ့အောက်မှာ သက်ရှိလား၊ သက်မဲ့လား ရေးကြရအောင်။

  

  

၅

## သတိပြုရမည့်အချက်များ(၅)

* လေ့ကျင့်ခန်းသည် ကျောင်းသားများ ရေးဖြေပြုလုပ်ရမည်ဖြစ်သောကြောင့် တစ်ဦးချင်းလုပ်ငန်းဖြစ်သည်။
* အဖြေသည် မျိုးစုံဖြစ်နိုင်သောကြောင့် ကျောင်းသားများ၏ အဖြေများကို လက်ခံပေးရမည် ဖြစ်ပါသည်။
* ဆရာက သင်ပုန်းပေါ်တွင် အဖြေမှန်ကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ၊ ပီသစွာ၊ တစ်တန်းလုံး မြင်နိုင်သော အရွယ်အစားဖြင့် ရေးပြီး သိစေရပါမည်။
* ဆရာက အဖြေမှန်ကို သိစေသောအခါ ဘေးချင်းကပ် နှစ်ယောက်တစ်တွဲ အပြန်အလှန်စစ်ဆေးခိုင်းပါ။

# အခန်း ၁(၁)

## စာသင်ချိန် စုစုပေါင်း(၅)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ် လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ အိမ်တွင်တွေ့ရှိရသော သက်ရှိ(၃)မျိုး - ကြောင်၊ သစ်ပင်၊ လူ
အိမ်တွင်တွေ့ရှိရသော သက်မဲ့(၃)မျိုး - ရုပ်မြင်သံကြား၊ စားပွဲခုံ၊ မျက်မှန်
(ကျောင်းသားများ ကြိုက်နှစ်သက်ရာအဖြေကိုဖြေဆိုနိုင်ပါသည်။ နမူနာဖြေပြခြင်းသာ ဖြစ်ပါသည်။)

၂။ အတွဲ(ခ)

၃။ လူတို့၏ စားကြွင်းစားကျန်ဖြစ်သော ကြက်အရိုး၊ ငါးအရိုးများသည် သက်မဲ့ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စားကြွင်းစားကျန်အရိုးများသည် ရေ မသောက်နိုင်။ အစာမစားနိုင်။ မကြီးထွားနိုင်။ ကိုယ်တိုင်ရွေ့လျားခြင်းမပြုနိုင်ပါ။

၄။ ကားသည် ရွေ့လျားသွားနိုင်ပါသည်။ သက်ရှိမဟုတ်ပါ။ ကားသည် ရေ မသောက်နိုင်။ (အစာမစားနိုင်။ မကြီးထွားနိုင်ပါ။) အကြောင်းပြချက်တစ်ခုသာ ပေးရပါမည်။

၅။


သက်ရှိ


သက်မဲ့


သက်ရှိ


သက်မဲ့


သက်ရှိ


သက်ရှိ

DRE Box – Copyright Protected

# အခန်း ၁(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

**အခန်း ၁(၂)။ သင်ယူမှုဦးတည်ချက်**

ပတ်ဝန်းကျင်ရှိ တိုးသောအသံနှင့် ကျယ်သော အသံများကို နှိုင်းယှဉ်တတ်ရန်။

**အခန်း ၁(၂)။ အသေးစိတ်ဦးတည်ချက်များ**

(၁) ပေးထားသော ရုပ်ပုံများကိုကြည့်၍ ကြားရသော အသံများသည် တိုးသောအသံလား၊ ကျယ်သောအသံလား မည်သည့်အသံများဖြစ်ကြောင်း တစ်ဦးချင်းလေ့လာပြီးမှ အုပ်စုလိုက် ဆွေးနွေးနှိုင်းယှဉ်ပြောပြတတ်ရန်။

(၂) ပတ်ဝန်းကျင်ရှိ အသံများကို နားထောင်ပြီး ကြားရသော အသံများ တူ၊ မတူ ပြောပြတတ်ရန်။

(၃) အသံအတိုးအကျယ်ကို အသံထွက်နိုင်သည့် ပစ္စည်းဖြင့် ပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**မေးခွန်းကို ဖြေကြည့်ရအောင်**တွင် ပါရှိသော မေးခွန်းနှင့် စကားပြောများကို ဆရာက ဖတ်ပြပါ။ ဆရာက ကျောင်းသားများအား အသံတွေဟာ ဘယ်လိုကွဲပြားကြသလဲဟု မေးမြန်းပါမည်။ ပုံတွင် ယောကျ်ားလေးတစ်ယောက်က အားလုံးကြားရအောင် အကျယ်ကြီးအော်နေတယ်၊ ဆရာက ကျယ်တဲ့ အသံကြားရလား၊ တိုးတဲ့အသံ ကြားရလားဟု မေးပါမည်။ မိန်းကလေးနှစ်ယောက်ကတော့ တိုးတိုးပြောနေတာ ဘာအသံကိုကြားရလဲ၊ တိုးတဲ့အသံလား၊ ကျယ်တဲ့အသံလားဟု ဆရာက မေးမြန်းပါသည်။

ကျောင်းသားများ ဆက်လက် သင်ယူရန် အဆင်သင့်ဖြစ်မှုနှင့် စိတ်အားထက်သန်မှုဖြစ်စေရန် ကျောင်းသားများကို ဆရာက ကူညီဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါသည်။



## ၁ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်
### (၂) တိုးသောအသံ၊ ကျယ်သောအသံ



**မေးခွန်းကို ဖြေကြည့်ရအောင်**

အသံတွေဟာ ဘယ်လို ကွဲပြားကြသလဲ။










**သတိပြုရမည့်အချက်များ(၁)**

- ✻ ဆရာက ကျောင်းသားများအား အသံသင်ခန်းစာကို စတင်သင်ကြားရာတွင် အထူးဂရုပြုရမည်မှာ ပစ္စည်းတစ်ခုခုကို အားပြင်းပြင်းနှင့် တီးခတ်လျှင် ကျယ်သော အသံကို ကြားရမည်ဖြစ်ပြီး အားပျော့ပျော့နှင့်တီးလျှင် တိုးသောအသံကို ကြားရမည်ဖြစ်ကြောင်း ဒုတိယတန်းတွင် ရရှိသွားစေရန် ရည်ရွယ်ပါသည်။
- ✻ အသံများသည် အသံထွက်ပင်ရင်းပေါ်တွင် မူတည်ပါသည်။ အသံများသည် အသံထွက်ပင်ရင်း မတူလျှင် ကြားရသည့်အသံ မတူပါ။ (ဥပမာ- လင်းကွင်းသံ၊ ဗုံသံ)
- ✻ အသံထွက်နိုင်သည့် ပစ္စည်းများပြုလုပ်ရာတွင်လည်း လွယ်ကူသော သင်ထောက်ကူ ပစ္စည်းများကိုသာ အသုံးပြုနိုင်ပါသည်။ သင်ထောက်ကူပစ္စည်းများကို ဆရာကိုယ်တိုင် တတ်နိုင်သလောက် ဖန်တီးရပါမည်။
- ✻ အသံအတိုးအကျယ် ပြုလုပ်ရာတွင်လည်း စကားကိုတိုးတိုးပြောခြင်းနှင့် ကျယ်ကျယ်ပြောခြင်း ပြုလုပ်နိုင်ပါသည်။ သို့မဟုတ် လက်ခုပ်ကို ဖြည်းညင်းစွာ တီးခိုင်းခြင်းနှင့် အားပြင်းပြင်းတီးခိုင်းခြင်းများ ပြုလုပ်နိုင်ပါသည်။

DBE Box – Copyright Protected

# အခန်း ၁(၂)

**စာသင်ချိန် စုစုပေါင်း(၄)ချိန်**





**ကြိုးစားပြီးရှာဖွေကြရအောင်**

လုပ်ငန်း(၁) အောက်ဖော်ပြပါ အသံတွေဟာ တိုးတဲ့အသံလား၊ ကျယ်တဲ့အသံလား။ ကွက်လပ်ဖြည့်ကြရအောင်။

| အသံများ | တိုးတဲ့အသံ၊ ကျယ်တဲ့အသံ |
|---|---|
|  | |
|  | |
|  | |
|  | |
|  | |
|  | |



## သတိပြုရမည့်အချက်များ(၂)

* လုပ်ငန်း(၁)ကို မသင်ကြားမီ ဆရာက ကျောင်းသုံးစာအုပ်ပါ ပုံများကို သေချာစွာကြည့်ရန် မှာကြားရမည်။
* လုပ်ငန်း(၁)သည် ကျောင်းသားများအတွက် တစ်ဦးချင်း စူးစမ်းလေ့လာမှုနှင့် အုပ်စုလိုက် အတူတကွ ပူးပေါင်းဆောင်ရွက်မှုကို အလေ့အကျင့်ရရှိစေရန် ဖြစ်ပါသည်။
* လုပ်ငန်း(၁)ပြုလုပ်ရာတွင် ကျောင်းသားများသည် အဖြေအမျိုးမျိုး ရရှိနိုင်သည့်အတွက် ဆရာက နောက်ဆုံးတွင် အဖြေများသည် တိုးသော အသံဖြစ်သည်၊ ကျယ်သောအသံဖြစ်သည် ဆိုသည်တို့ကို ပြန်လည်ရှင်းပြရမည်ဖြစ်ပါသည်။
* ဖားအော်သံတိုးတိုး ကြားရခြင်းသည် အကွာအဝေး ဝေးသောကြောင့်ဖြစ်သည်။
* စာရေးစားပွဲကို ပေတံဖြင့် ဖြေးညင်းစွာတီးလျှင် တိုးသောအသံနှင့် အားပြင်းပြင်းတီးလျှင် ကျယ်သောအသံရရှိနိုင်ပါသည်။
(သင်ထောက်ကူပစ္စည်း မလိုအပ်ပါ။)

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားရမည်ဖြစ်ပါသည်။

**လုပ်ငန်း(၁)**

လုပ်ငန်း(၁)ပါ စာမျက်နှာတွင် တွေ့ရသည့်ပုံများကို ဆရာက ကျောင်းသားများအား သေချာစွာကြည့်ရှုရန်ပြောမည်။ ပြီးနောက် ဆရာက ကျောင်းသားများကို အုပ်စုများ သင့်လျော်သလိုဖွဲ့ပါမည်။ လုပ်ငန်း(၁)ပါ ပုံများသည် တိုးသောအသံလား၊ ကျယ်သော အသံလားဆိုတာကို ပြောခိုင်းပါ။ ဘယ်အဖြေတွေက မတူညီဘူးလဲဆိုသည်ကို အုပ်စုထဲမှာ အချင်းချင်းပြောခိုင်းစေပါမည်။ အဖြေများကို အုပ်စုထဲမှာ အချင်းချင်း နှိုင်းယှဉ်ပြောခိုင်းပါမည်။ မတူညီတဲ့အဖြေတွေ ရကြသလား။ ဘယ်အဖြေတွေက ဘာကြောင့် မတူညီဘူးလဲဆိုတာကို ဆွေးနွေးစေပါမည်။ (ဥပမာ၊ ဖားအော်သံကို တိုးသောအသံဟု ဖြေဆိုသူအုပ်စုရှိမည်။ ကျယ်သောအသံဟု ဖြေဆိုသူအုပ်စုလည်း ရှိနိုင်ပါသည်။ ဖားအော်သံကို ကျယ်ကျယ် ကြားခဲ့သူများက ကျယ်သောအသံဟု ဖြေဆိုခြင်းဖြစ်ပြီး၊ ဖားအော်သံကို တိုးတိုးကြားခဲ့သူများက တိုးသောအသံဟု ဖြေဆိုခြင်းဖြစ်၍ ဆရာက နှစ်ဖွဲ့စလုံး အဖြေမှန်ကန်ကြောင်းကို ပြန်လည် ရှင်းပြရမည်ဖြစ်သည်။) ဆရာက လိုအပ်သည်များကို ဖြည့်စွက်ဖြေကြားပေးပြီးနောက် ကျောင်းသားများကို တိုးတဲ့အသံလား၊ ကျယ်တဲ့အသံလားဆိုတာ လေ့ကျင့်ခန်းစာအုပ်တွင် ဖြည့်ခိုင်းစေပါမည်။

DBE Box – Copyright Protected

# အခန်း ၁(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၂)**

လုပ်ငန်း(၂)ပြုလုပ်ရန်အတွက် စာသင်ခန်းထဲရှိ ကျောင်းသားများအား ဆရာက တိတ်တိတ်နေခိုင်းပါ။ ပတ်ဝန်းကျင်မှာ ဘာအသံတွေ ကြားရလဲ၊ နားထောင်ကြည့်ရအောင်ဟု ဆရာက မေးမြန်းရပါမည်။ ပြီးနောက် ဆရာက ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ အုပ်စုလိုက် မိမိတို့ နားထောင်ခဲ့သော အသံများ တူမတူကို ဆွေးနွေးခိုင်းပါမည်။ အဖွဲ့များကို ဆရာက အသံတွေကို ကြားမကြား မေးကြည့်ပါ။ ဘာအသံတွေ ကြားရသလဲဟု မေးပါမည်။ ဆရာက ကျောင်းသားများ၏ ပြောပြချက်များကို သင်ပုန်းမှတ်ချက်ရေးပြီး အသံများ တူ၊ မတူ နိဂုံးချုပ်ဆိုပါမည်။

**လုပ်ငန်း(၃)**

ဆရာက ကျောင်းသားတစ်ဦးအား စာသင်ခန်းရှေ့သို့ခေါ်၍ ကျယ်လောင်စွာ အော်ခိုင်းကြည့်ပါ။ အတန်းထဲက လူအားလုံး အဲဒီအသံကို ကြားရသလားဟု မေးပါမည်။

ပြီးနောက် ဆရာက အောက်ပါ တေးကဗျာကို ကျောင်းသားများအား ဆရာနှင့်အတူ ဆိုခိုင်းပါမည်။ “ စကားတိုးတိုးပြောမယ်၊ စကားတိုးတိုးပြောမယ်။ စကားကျယ်ကျယ်ပြောတော့၊ စကားကျယ်ကျယ်ပြောတော့ ရှက်စရာ၊ ရှက်စရာ” သီဆိုစဉ် အသံကို တိုးတိုးပြုလုပ်နိုင်ကြောင်းနှင့် အားပိုထည့်လိုက်ပါက ကျယ်ကျယ်ပြုလုပ်နိုင်ကြောင်း ကျောင်းသားများကိုယ်တိုင် သိရှိသွားမည်ဖြစ်သည်။ ဆရာက တိုးသောအသံကို ကြားရလား၊ ကျယ်သောအသံကို ကြားရလားဟု မေးပါမည်။ ပြီးလျှင် ဆရာက အောက်ပါ တေးကဗျာကို သီဆိုခိုင်းပါမည်။

“ လက်ခုပ် ဖြည်းဖြည်းတီးမယ်။ လက်ခုပ်ဖြည်းဖြည်းတီးမယ်။ လက်ခုပ်ပြင်းပြင်းတီးတော့၊ လက်ခုပ်ပြင်းပြင်းတီးတော့၊ ကျယ်လောင်တယ်၊ ကျယ်လောင်တယ်။”

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ဤအပိုင်းသည် ဆရာများအနေဖြင့် ကျောင်းသားများအား ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံချဲ့ထွင်



(က) အဖြေတွေကို အုပ်စုထဲမှာ နှိုင်းယှဉ်ကြည့်ရအောင်။
(ခ) တူညီတဲ့ အဖြေတွေကို ရကြသလား။
(ဂ) ဘယ်အဖြေတွေဟာ မတူဘူးလဲဆိုတာကို ပြောကြည့်ကြမယ်။

လုပ်ငန်း(၂) ပတ်ဝန်းကျင်မှာ ကြားရတဲ့အသံတွေကို နားထောင်ပြီး အတန်းဖော်အချင်းချင်း ပြောကြရအောင်။ အသံတွေ တူသလား။

လုပ်ငန်း(၃) အသံထွက်အောင် လုပ်ကြည့်ကြရအောင်။ တိုးတဲ့အသံကို လုပ်ကြည့်မယ်။ ကျယ်တဲ့အသံကို လုပ်ကြည့်မယ်။




**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

လူတွေက အသံအမျိုးမျိုးကို နှစ်သက်ပုံမတူကြဘူး။ တချို့က ကျယ်တဲ့အသံကို ကြိုက်ပေမဲ့ တချို့က မကြိုက်ကြဘူး။

အလွန်ကျယ်တဲ့ အသံတွေဟာ နားကို ထိခိုက်နိုင်တယ်။ နားကြားကိရိယာကို အမြဲတမ်းသုံးရင် နားကိုထိခိုက်နိုင်တယ်။

၈

### သတိပြုရမည့်အချက်များ(၃)

* ကျောင်းသား(၄)ယောက်လျှင် တစ်အုပ်စုဖွဲ့ကာ ကျောင်းသားနှစ်ဦးကို စကားတီးတိုးပြောခိုင်းရပါမည်။ ကျန် အဖွဲ့ဝင်နှစ်ယောက် ကြားမကြားကိုလည်း မေးမြန်းရပါမည်။ ကျောင်းသားများ မိမိတို့ လေ့လာခဲ့သည်များကို ဖလှယ်ကာ ပြောဆိုစေပါမည်။
* တွေ့ရှိချက်များကို ဆရာက သင်ပုန်းမှတ်ချက်ရေးထားရမည် ဖြစ်ပါသည်။
* လုပ်ငန်း(၂)နှင့် (၃)တို့သည် ကျောင်းသားများအတွက် စူးစမ်းလေ့လာမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကို အလေ့အကျင့်ရရှိစေရန် ဖြစ်ပါသည်။
* လုပ်ငန်း(၃)ပြုလုပ်ရာတွင် ဆရာက ကျောင်းသားများကို လက်ခုပ် တိုးတိုးတီးခိုင်းခြင်း၊ ကျယ်ကျယ်တီးခိုင်းခြင်းများကို သေချာစွာ ပြုလုပ်ခိုင်းရပါမည်။
* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** အပိုင်းမှ အသိသညာများကို စစ်ဆေးခြင်းတွင် ထည့်သွင်းမေးမြန်းခြင်း ပြုလုပ်ရမည် မဟုတ်သည်ကို သတိပြုရမည်။

DBE Box – Copyright Protected



## သိသွားပြီနော်



ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ တိုးတဲ့အသံနဲ့ ကျယ်တဲ့အသံတွေကို ကြားရတယ်

လူနည်းနည်း ရှိတဲ့အုပ်စုမှာ စကားပြောရင် တိုးတိုးပြောနိုင်တယ် လူအများကြီးရှိတဲ့ အုပ်စုထဲမှာ စကားပြောရင် ကျယ်ကျယ်ပြောရမယ်





ကျွန်တော်က တိုးတဲ့အသံနဲ့ ကျယ်တဲ့အသံတွေကို လုပ်နိုင်တယ်



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း



ပတ်ဝန်းကျင်မှာ အသံအမျိုးမျိုးရှိတယ်။
- တီးတိုးပြောသံဟာ တိုးတဲ့အသံဖြစ်တယ်။
- မော်တော်ဆိုင်ကယ် စက်နှိုးသံဟာ ဆူညံသံဖြစ်တယ်။
- ပုံမှန်စကားပြောတဲ့အခါ သိပ်မတိုးသင့်သလို သိပ်လည်းမကျယ်သင့်ဘူး။



### သတိပြုရမည့်အချက်များ(၄)

* **သိသွားပြီနော်** အပိုင်းကို ဆောင်ရွက်ရာတွင် ဆရာက ကျောင်းသားများကိုယ်တိုင် သိသွားသည်များကို ပြောပြနိုင်သည်အထိ အချိန်ပေးစောင့်ဆိုင်းမေးမြန်းနားထောင်ရမည် ဖြစ်သည်။ ဆန္ဒမစောရန် ဆရာက သတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

# အခန်း ၁(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်၊ နေ့စဉ် ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**တွင် တွေ့မြင်ရသည့် ပုံကိုကြည့်ပြီး လူများသည် ကျယ်လောင်သောအသံများကို မကြိုက်နှစ်သက်ကြကြောင်းနှင့် အလွန်ကျယ်သော အသံများသည် နားကို ထိခိုက်တတ်ကြောင်းကို ဆရာက ပြောပြရပါမည်။ ယခုခေတ်ကျောင်းသားများသည် နားကြပ်ကို အသုံးပြုမှုများကြသည်။ နားကြပ်ကို ကြာရှည်စွာ အသုံးပြုပါက နားကိုထိခိုက်နိုင်ကြောင်းကို ဆရာက ရှင်းပြရပါမည်။

### သိသွားပြီနော်

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။ ကျောင်းသားများကိုယ်တိုင် သင်ခန်းစာကို သိရှိသွားရမည့် အပိုင်းဖြစ်ပါသည်။ “ ဒီသင်ခန်းစာက လုပ်ငန်းတွေ လုပ်ပြီးသွားပြီ၊ ဘာတွေသိခဲ့လဲ၊ ပြောပြပါဦး” မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး သင်ပုန်းမှတ်ချက်ရေးခြင်းကို ဆရာက ပြုလုပ်ရမည်ဖြစ်သည်။ ကျောင်းသားများ၏ ပြောပြမှုကို နားထောင်ပြီးမှသာ ထိုစာမျက်နှာကို ကျောင်းသားတို့အား ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။

### အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

ထိုအပိုင်းတွင် ဆရာက သင်ခန်းစာပါ အကြောင်းအရာများကို ကိုယ်တိုင် အနှစ်ချုပ်ဆိုပေးရမည်ဖြစ်သည်။ တီးတိုးပြောဆိုသောအသံသည် တိုးသောအသံဖြစ်ကြောင်းနှင့် မော်တော်ဆိုင်ကယ် စက်နှိုးသံ၊ ပြောက်အိုးဖောက်သံ၊ ကားဟွန်းတီးသံတို့မှာမူ ကျယ်သောအသံဖြစ်ကြောင်းကို ဆရာက အနှစ်ချုပ်ဆိုပါမည်။

DBE Box – Copyright Protected

# အခန်း ၁(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
### လေ့ကျင့်ခန်းအတွက် အဖြေများ

၁။



တိုးတဲ့အသံ



ကျယ်တဲ့အသံ



တိုးတဲ့အသံ



တိုးတဲ့အသံ



ကျယ်တဲ့အသံ



တိုးတဲ့အသံ



**လေ့ကျင့်ခန်း**

၁။ ပုံတွေရဲ့အောက်မှာ တိုးတဲ့အသံလား၊ ကျယ်တဲ့အသံလား ကွက်လပ်ဖြည့်ကြရအောင်။








၁၀

### သတိပြုရမည့်အချက်များ(၅)

* လေ့ကျင့်ခန်းသည် ကျောင်းသားများ ရေးဖြေပြုလုပ်ရမည်ဖြစ်သောကြောင့် တစ်ဦးချင်းလုပ်ငန်းဖြစ်သည်။
* အဖြေသည် မျိုးစုံဖြစ်နိုင်သောကြောင့် ကျောင်းသားများ၏ အဖြေများကို လက်ခံပေးရမည် ဖြစ်ပါသည်။

DRE Box — Copyright Protected





၂။ ကြားဖူးတဲ့ အသံတွေထဲက တိုးတဲ့အသံနဲ့ ကျယ်တဲ့အသံ(၃)မျိုးစီကို အတန်းဖော် သူငယ်ချင်းနဲ့ ပြောကြည့်ရအောင်။

၁၁

**သတိပြုရမည့်အချက်များ(၆)**

- ✱ ဆရာက သင်ပုန်းပေါ်တွင် အဖြေမှန်ကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ၊ ပီသစွာ၊ တစ်တန်းလုံးမြင်နိုင်သော အရွယ်အစားဖြင့် ရေးပြီး သိစေရပါမည်။
- ✱ ဆရာက အဖြေမှန်ကို သိစေပြီးသောအခါ ဘေးချင်းကပ်နှစ်ယောက်တွဲ အပြန်အလှန် စစ်ဆေးခိုင်းရပါမည်။

## အခန်း ၁(၂)

**စာသင်ချိန် စုစုပေါင်း(၄)ချိန်**

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်



တိုးတဲ့အသံ



ကျယ်တဲ့အသံ

၂။ တိုးတဲ့အသံ (၃)မျိုးမှာ ငှက်အော်သံ၊ စကား တိုးတိုးပြောသံ၊ ကလေးချော့သိပ်သံ
ကျယ်တဲ့အသံ (၃)မျိုးမှာ မိုးခြိမ်းသံ၊ ခွေး ဟောင်သံ၊ ကားဟွန်းတီးသံ
(နမူနာ ဖြေဆိုခြင်းသာ ဖြစ်ပါသည်။)
ကျောင်းသားများပေးသည့် အဖြေများ ကိုလည်း ဆရာက လက်ခံပေးရပါမည်။

DPE Box — Copyright Protected

## အခန်း ၂(၁)

**စာသင်ချိန် စုစုပေါင်း(၄)ချိန်**

**အခန်း ၂(၁)။ သင်ယူမှုဦးတည်ချက်**
ကျွန်ုပ်တို့ ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာတတ်ရန်။

**အခန်း ၂(၁)။ အသေးစိတ်ဦးတည်ချက်များ**

(၁) ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများ ပြောင်းလဲမှုများကို ဓာတ်ပုံများ၊ အသုံးအဆောင် ပစ္စည်းများအပေါ် အခြေခံ၍ နှိုင်းယှဉ်လေ့လာပြီး ပြောပြတတ်ရန်။

(၂) ခန္ဓာကိုယ် ပြင်ပအစိတ်အပိုင်းများသည် အချိန်နှင့်လိုက်၍ ပြောင်းလဲကြပြီး အသက်ကြီးလာသည်နှင့်အမျှ အလုပ်များကို ပိုမိုလုပ်ကိုင်လာနိုင်သည့်အကြောင်းကို ထုတ်ဖော်ပြောပြတတ်ရန်။

(၃) ယခင်က မပြုလုပ်နိုင်သည်များနှင့် ယခု ပြုလုပ်နိုင်သည်များကို နှိုင်းယှဉ်ပြောပြတတ်ရန်။

(၄) မိမိ၏ သွားအကြောင်းကို ပြောပြတတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

ကျောင်းသားများနှင့် နှုတ်ခွန်းဆက်ပြီးနောက် ဆရာက “ မနှစ်က စာအတူသင်ခဲ့တဲ့ သူငယ်ချင်းတွေကို မှတ်မိကြသလား။ သူငယ်ချင်းတွေရဲ့ ခန္ဓာကိုယ်မှာ ပြောင်းလဲတာတွေရှိလား ပြောပြပါဦး” ဟုဆိုကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

ကျောင်းသားများ၏ ဖြေဆိုမှုများကို နားထောင်ပြီးနောက် **မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကိုဖွင့်ပြီး မေးခွန်းကိုဖတ်၍ ရှင်းပြပြီး စကားပြောများကို ဖတ်ပြရပါမည်။ ကျောင်းသားများကို လည်း ဖတ်ခိုင်းရပါမည်။



## ၂ ကျွန်ုပ်တို့၏ခန္ဓာကိုယ်အစိတ်အပိုင်းများကိုနှိုင်းယှဉ်ခြင်း

### (၁) ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများ ပြောင်းလဲမှု



**မေးခွန်းကို ဖြေကြည့်ရအောင်**
ခန္ဓာကိုယ်မှာ ဘယ်လိုပြောင်းလဲမှုတွေ တွေ့ရသလဲ။










**သတိပြုရမည့်အချက်များ(၁)**

* **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို လှုံ့ဆော် နှိုးဆွပေးခြင်းဖြစ်သည်။
* ဆွေးနွေးသောအကြောင်းအရာနှင့် အချိန်ကို ဆရာက စနစ်တကျ စီမံခန့်ခွဲရပါမည်။
* ကျောင်းသားများ၏ ပြောဆိုချက်များကို ဆရာက သင်ပုန်းမှတ်ချက် ရေးထားရမည်။



DBE Box – Copyright Protected

## အခန်း ၂(ခ)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်





**ကြိုးစားပြီးရှာဖွေကြရအောင်**

လုပ်ငန်း(၁) ကျွန်ုပ်တို့ခန္ဓာကိုယ်အစိတ်အပိုင်းတွေရဲ့ အရင်နဲ့ အခုပြောင်းလဲမှုတွေကို နှိုင်းယှဉ်ကြည့်ရအောင်။

(က) ငယ်ငယ်ကဓာတ်ပုံ (ခ) အကျႌ (ဂ) ဖိနပ်









လုပ်ငန်း(၂) သွားအကြောင်းပြောကြရအောင်။

(က) သွားကျိုးဖူးသလား။ သွားဘယ်နှချောင်း ကျိုးပြီးပြီလဲ။

(ခ) ဘယ်အတန်းတုန်းက ကျိုးတာလဲ။

(ဂ) သွားအသစ်ထွက်ပြီလား။

၁၃

### သတိပြုရမည့်အချက်များ(၂)

- ✱ လုပ်ငန်း(၁)တွင် ဖော်ပြထားသော ပုံများကို ကျောင်းသားများအား ကြည့်ရှု လေ့လာချိန်ပေးရမည်။
- ✱ ဆရာက ကျောင်းသားများအား ၎င်းတို့ ငယ်စဉ်က ဓာတ်ပုံ၊ အကျႌနှင့် ဖိနပ် များရှိပါက ကျောင်းသို့ယူခဲ့ရန် ကြိုတင်မှာကြားရမည်။ (၃)မျိုးစလုံး မရှိပါက တစ်မျိုးစီယူခဲ့ရန် မှာကြားရမည်။
- ✱ ဓာတ်ပုံ၊ အကျႌနှင့် ဖိနပ်များ မယူလာနိုင်ပါက ပထမတန်းတွင် တိုင်းတာခဲ့သော အရပ်အမောင်းနှင့် အလေးချိန် မှတ်တမ်းများကို အသုံးပြု၍ ကွာခြားချက် များကို ပြောပြ၍ နှိုင်းယှဉ်သင်ကြားနိုင်ပါသည်။
- ✱ ယူဆောင်ခဲ့သော ပစ္စည်းများကို အဖွဲ့အတွင်း တစ်လှည့်စီ ဝတ်ဆင်စေရမည်။
- ✱ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက် နိုင်ရန် လှည့်လည်ကြည့်ရှု၍ ကူညီပေးရန်နှင့် စောင့်ကြည့်ကြပ်မတ်ရန် လိုအပ်ပါသည်။
- ✱ သက်ရှိများသည် အစာအာဟာရများကို မှီဝဲစားသုံး၍ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုး လာပါသည်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရပါမည်။

**လုပ်ငန်း(၁)**

လုပ်ငန်းပြုလုပ်ရန် ကျောင်းသားများအား ကြိုတင်၍ မှာလိုက်သော ၎င်းတို့ငယ်စဉ်က ဓာတ်ပုံ၊ အကျႌနှင့် ဖိနပ်များ ပါ၊ မပါ ဦးစွာ မေးမြန်းပါ။ ကျောင်းသားများအား ဆရာက သင့်တော်သလို အုပ်စုဖွဲ့ပါမည်။

အုပ်စုများအား ငယ်စဉ်က ဓာတ်ပုံများကို လေ့လာကြည့်ရှုစေပြီး ခန္ဓာကိုယ်အစိတ်အပိုင်း၏ ယခင်နှင့် ယခုပြောင်းလဲမှုများကို ဆရာက တစ်ယောက်ချင်းမေးမြန်းပြီး ကျောင်းသားများ၏ ပြောကြားချက်များကို သင်ပုန်းပေါ်တွင် ရေးမှတ်ထားရမည်။ ပြီးနောက် အကျႌနှင့် ဖိနပ်များကို ဝတ်ကြည့်စေရမည်။ ပြီးနောက် ဆရာက ဝတ်ဆင်၍ ရ၊ မရနှင့် အဘယ်ကြောင့် ဝတ်ဆင်၍ မရကြောင်းကို ကျောင်းသားများအား မေးမြန်း ရပါမည်။ ကျောင်းသားများ၏ ပြောဆိုချက်များကို နားထောင်ပြီးနောက် ဆရာက အသက်ကြီးလာ သည်နှင့်အမျှ ခန္ဓာကိုယ်ပြင်ပ အစိတ်အပိုင်း များသည် တဖြည်းဖြည်း ကြီးထွားလာကြောင်း ရှင်းလင်းပြောပြရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၂)**

" သွားကျိုးဖူးကြသလား။ "

" ဘယ်တုန်းက ကျိုးတာလဲ။ " စသော မေးခွန်းများကို စိတ်ဝင်စားအောင် မေး၍ ဆရာက သင်ခန်းစာကို နိဒါန်းပျိုးပါ။

ပြီးနောက် နှစ်ယောက်တစ်တွဲ တွဲပြီး လုပ်ငန်း (၂)ရှိ မေးခွန်းများကို အပြန်အလှန် မေးမြန်းစေ ရမည်။ ဆရာက ဘေးကနားထောင်ပြီး လိုအပ် သည်များကို ဖြည့်စွက်မေးမြန်းခြင်းများ ပြုလုပ်ပေး ရပါမည်။ ထို့နောက် ဆရာက ကလေးအရွယ်မှာ ငယ်သွားများ လဲလေ့ရှိကြောင်း၊ အသစ်ထွက် လာသည့် သွားများသည် အသက်ကြီးသည်အထိ ရှိမည်ဖြစ်ကြောင်း၊ အသစ်ထွက်လာသည့် သွား များကို မကျိုးအောင် ဂရုစိုက်သင့်ကြောင်း၊ သွား မှန်မှန် တိုက်သင့်ကြောင်း ပြောပြပြီး လုပ်ငန်း(၂)ကို နိဂုံးချုပ်ပါမည်။

DBE Box – Copyright Protected

## အခန်း ၂(ခ)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**လုပ်ငန်း(၃)**

“ငယ်ငယ်တုန်းက အမြင့်ပေါ်မှာတင်ထားတဲ့ ပစ္စည်းတွေ၊ မုန့်ဘူးတွေကို ယူနိုင်လား။” ကျောင်းသားများ၏ အဖြေများကို နားထောင်ပါမည်။ ကျောင်းသားများ၏ အဖြေကိုလိုက်၍ ဘာကြောင့်ယူနိုင်သလဲ၊ ဘာကြောင့်မယူ နိုင်သလဲ စသောမေးခွန်းများကို ဆရာက မေးမြန်းရမည်။ ကျောင်းသားများ၏ အဖြေများကို နားထောင်ပြီးနောက် ဆရာက သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ပြီးနောက် ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၄)၊ လုပ်ငန်း(၃)တွင် ဖော်ပြထားသော ပုံများကို ကျောင်းသားများအား ကြည့်ရှုလေ့လာစေရပါမည်။

ပြီးနောက် မေးခွန်းများကို ဆရာက အုပ်စုအတွင်းရှိ ကျောင်းသားအားလုံး ဖြေဆိုနိုင်ရန် အလှည့်ကျမေးမြန်းရမည်။ အေးဆေးငြိမ်သက်နေသောကျောင်းသားကို နာမည်တပ်၍ မေးမြန်းပါ။ ကျောင်းသားများ၏ အဖြေများကို နားထောင်ပြီး သင်ပုန်းမှတ်ချက် ရေးသားပါမည်။ အုပ်စုအားလုံး ဖြေဆိုပြီးနောက် အသက်ကြီးလာလျှင် ခန္ဓာကိုယ်၏ ပြင်ပအစိတ်အပိုင်းများ ကြီးထွားဖွံ့ဖြိုးလာပြီး အလုပ်များကို ပိုမိုလုပ်နိုင်လာကြောင်း ဆရာက ပြောပြ၍ လုပ်ငန်း(၃)ကို နိဂုံးချုပ်ပါမည်။

အခန်း(၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း

လုပ်ငန်း(၃) ပုံတွေကိုကြည့်ပြီး ပေးထားတဲ့မေးခွန်းတွေကို ဖြေကြည့်ရအောင်။

(က) ကိုကိုနဲ့ ညီညီမှာ ဘယ်သူက အသက်ပိုကြီးသလဲ။ ဘယ်သူက စင်ပေါ်မှာရှိတဲ့ မုန့်ကိုယူနိုင်သလဲ။ ဘာကြောင့်လဲ။

(ခ) ညီညီနဲ့ ပိုပို ဘယ်သူကပိုပြီး မြင့်မြင့် ခုန်နိုင်မလဲ။ ဘာကြောင့်လဲ။



ညီညီ ကိုကို





ပိုပို ညီညီ



၁၄

**သတိပြုရမည့်အချက်များ(၃)**

✱ ရေးမှတ်ထားသော သင်ပုန်းမှတ်ချက်များသည် သင်ခန်းစာကို နိဂုံးချုပ်ဆိုသည့်အခါ အသုံးပြုရန်ဖြစ်ပါသည်။

✱ ကျောင်းသားများ၏ ဖြေဆိုချက်များကို စိတ်ရှည်စွာ နားထောင်ပေးရမည်။

✱ ကျောင်းသားများ၏ အဖြေများသည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံနားထောင်ပေးပြီး မှန်ကန်သည့်အဖြေရောက်အောင် တည့်မတ်ပေးရမည်။

✱ သွားများ ဘာကြောင့် ကျိုးရသလဲဟု ကျောင်းသားများက မေးမြန်းခဲ့လျှင် ဆရာက ဖြေဆိုပေးရမည်။

✱ အသက် (၆$^{+}$)နှစ်ခန့် အရွယ်မှစ၍ (၁၂)နှစ် ဝန်းကျင်အထိ ငယ်သွားများနေရာတွင် ကြီးသွား(ဒုတိယသွား)များ အစားထိုးပေါက်လာကြသည်။ ဤနှစ်အပိုင်းအခြား တွင် ကြီးသွားနှင့် ငယ်သွားသည် သွားအမျိုးအစားအလိုက် လဲ၍ ပေါက်ကြပါသည်။ ကြီးသွား(ဒုတိယသွား)များသည် အရေးကြီးသဖြင့် ဂရုစိုက်ရန် ဆရာက မှာကြားရမည်။

DBE Box – Copyright Protected

## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ





ငယ်သွားတွေဟာ မွေးပြီးခြောက်လလောက်မှာ စပြီးထွက်ကြတယ်။ အသက်(၆)နှစ် နှင့် (၇)နှစ်ကြား လောက်မှာ ငယ်သွားတွေစပြီးကျိုးတယ်။ နည်းနည်း ကြာလာတော့ သွားဖုံးကနေ သွားအသစ်တွေပေါက်လာ ကြမယ်။ အသစ်ပေါက်လာတဲ့ သွားတွေဟာအသက် ကြီးတဲ့ အထိ ရှိလိမ့်မယ်။ ဒါကြောင့် ဂရုစိုက်သင့်တယ်။

## သိသွားပြီနော်




၁၅

### သတိပြုရမည့်အချက်များ(၄)

* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** သည် စစ်ဆေးခြင်းအပိုင်းတွင် ထည့်သွင်းမေးမြန်းခြင်း ပြုလုပ်ရမည် မဟုတ်ပါ။
* **သိသွားပြီနော်** အပိုင်းတွင် ကျောင်းသားများ၏ တစ်ဦးချင်းပြောဆိုမှုများကို ဆရာက အချိန်ပေး၍ စိတ်ရှည်စွာ နားထောင်ပေးရန် လိုအပ်ပါသည်။
* ကျောင်းသားအများစု မဖြေနိုင်လျှင် မိမိ၏ သင်ကြားမှုနည်းလမ်းကို ဆင်ခြင် သုံးသပ်၍ ပြုပြင်ပြောင်းလဲ သင်ကြားရမည်ဖြစ်ပါသည်။

# အခန်း ၂(၁)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

#### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းသည် ကျောင်းသားများကိုယ်တိုင် လက်တွေ့လုပ်ငန်းများကိုပြုလုပ်၍ သဘောပေါက် နားလည်ပြီးနောက် သင်ခန်းစာနှင့်ဆက်စပ်၍ အကြောင်းအရာများကို ထပ်မံချဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်နှင့် နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** တွင် တွေ့မြင်ရသည့်ပုံကို ကျောင်းသားများအား လေ့လာကြည့်ရှုစေပြီး စာများကို ဆရာက ဖတ်ပြ၊ ရှင်းပြရမည်။ ကျောင်းသားများအားလည်း ဖတ်ရှုနားလည်စေရမည်။

#### သိသွားပြီနော်

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်မည်မျှရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်းဖြစ်ပါသည်။

ကျောင်းသားများ၏ အဖြေတိုင်းကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံနားထောင်ပေးရပါမည်။ ကျောင်းသားများပြောပြမှုကို နားထောင်ပြီး နောက်မှသာ စာမျက်နှာကို ကြည့်ရှုစေပြီး ဆရာက ရှင်းလင်းပြောပြရမည်ဖြစ်ပါသည်။

DBE Box – Copyright Protected

## အခန်း ၂(ခ)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

**သိသွားပြီနော်** အပိုင်းတွင် ကျောင်းသားများ ဖြေဆိုရာတွင် လိုအပ်မှုများကို အနှစ်ချုပ်အပိုင်း၌ ဆရာက ဖြည့်စွက်၍ ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေမည် ဖြစ်ပါသည်။

**လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ လက်၊ ခြေဖဝါး၊ အရပ်
(အခြားမှန်ကန်သော အဖြေများကိုလည်း ဖြေဆိုနိုင်သည်။)

၂။ (ကျောင်းသားများ၏ လွတ်လပ်စွာ ဖြေဆိုမှုများကို မှန်ကန်ပါက လက်ခံပေးရမည် ဖြစ်ပါသည်။)





**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**



အသက်ကြီးလာတာနဲ့အမျှ ခန္ဓာကိုယ်ပြင်ပ အစိတ်အပိုင်းတွေရဲ့ အသွင်အပြင်ဟာ ပြောင်းလဲတယ်။ ငယ်ငယ်တုန်းကထက် အခု အလုပ်တွေ ပိုလုပ်နိုင်လာတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ကြီးထွားမှုမတူကြဘူး။ တချို့က ကြီးထွားမှု နှေးတယ်။ တချို့က ကြီးထွားမှု မြန်တယ်။ ကလေးအရွယ်မှာ ငယ်သွားလဲတဲ့ သဘာဝ ရှိတယ်။



**လေ့ကျင့်ခန်း**

၁။ သူငယ်တန်းကနေ ဒုတိယတန်းအထိ သင့်ခန္ဓာကိုယ်ရဲ့ပြောင်းလဲချက် အနည်းဆုံး (၃)မျိုးကိုပြောပါ။

၂။ သူငယ်တန်းတုန်းက သင်မလုပ်နိုင်ဘဲ အခုမှလုပ်နိုင်တဲ့အရာ အနည်းဆုံး(၃) မျိုးကို ပြောပါ။



### သတိပြုရမည့်အချက်များ(၅)

* ကျောင်းသားများအားလုံး ပါဝင်ဖြေဆိုနိုင်အောင် ဆရာက မေးမြန်းမှုပြုလုပ်ရပါမည်။
* အရပ်ရှည်ခြင်း၊ ကြီးထွားခြင်း စသည်တို့သည် သက်ရှိများ၏ ဘဝဖြစ်စဉ်ထဲမှ တစ်ခုဖြစ်ကြောင်း ဆရာက ပြောပြရပါမည်။

DBE Box – Copyright Protected

အခန်း(၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း

၃။ မေးခွန်းတွေကို ဖြေကြည့်ရအောင်။

(က) ဘယ်ကလေးက ပုံ(က) အနွေးထည်အကျႌနဲ့တော်သလဲ။

(ခ) ကျား-၁ ကလေးက ပုံ(၂) ဘောင်းဘီကိုဝတ်ရင် သူ့ကို ဘယ်လိုမြင်ရမလဲ။



ကျား-၁ ကျား-၂



ပုံ(က)



ပုံ(၁) ပုံ(၂)

၄။ သင့်ရဲ့ သွားအကြောင်းကို ပြောပြပါ။

၁၇

# အခန်း ၂(ၥ)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၃။ (က) ကျား (၁)ဖြစ်ပါသည်။

(ခ) ပွသည်။ ကြီးသည်။ ရှည်သည်။ (အခြားမှန်ကန်သော အဖြေများကိုလည်း ဖြေဆိုနိုင်သည်။)

၄။ ကျောင်းသားများ လွတ်လပ်စွာ ဖြေဆိုမှုများကို မှန်ကန်ပါက လက်ခံပေးရမည် ဖြစ်ပါသည်။

### သတိပြုရမည့်အချက်များ(၆)

* လေ့ကျင့်ခန်းပြုလုပ်ရာတွင် ကျောင်းသားများ၏ အဖြေသည် မှားယွင်းနေလျှင် သင်ယူမှုကို အားလျော့စေသည့် အပြောအဆိုမျိုးကို ဆရာက ရှောင်ကြဉ်ပြီး အဖြေမှန်ကို ရှာဖွေတတ်ရန်၊ ပြောဆိုတတ်ရန် ဦးတည်သော မေးခွန်းများ မေး၍ သင်ကြားပေးရပါမည်။
* အဖြေများကို ချီးကျူးပြောဆိုရပါမည်။

DBE Box – Copyright Protected

# အခန်း ၂(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

**အခန်း ၂(၂)။ သင်ယူမှုဦးတည်ချက်**

အရေပြားသည် ကျွန်ုပ်တို့အတွက် မည်သို့လုပ်ဆောင်ပေးနိုင်သည်နှင့် အရေပြားသည် လူတစ်ဦးနှင့်တစ်ဦး မတူညီကြောင်း နှိုင်းယှဉ်လေ့လာတတ်ရန်။

**အခန်း ၂(၂)။ အသေးစိတ်ဦးတည်ချက်များ**

(၁) အရေပြားသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ထားကြောင်း ထုတ်ဖော်ပြောပြတတ်ရန်။

(၂) တစ်ဦး၏အရေပြားနှင့် အခြားတစ်ဦး၏အရေပြား မတူညီမှုကို နှိုင်းယှဉ်ပြောပြတတ်ရန်။

(၃) အရေပြား၏ ထိတွေ့ခံစားမှုကို နှိုင်းယှဉ်ပြောပြတတ်ရန်။

(၄) အရေပြား၏ အသုံးဝင်မှုများကို ပြောပြတတ်ရန်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### မေးခွန်းကို ဖြေကြည့်ရအောင်

ကျောင်းသားများနှင့် နှုတ်ခွန်းဆက်ပြီးနောက် ယနေ့ သင်ခန်းစာသည် တစ်ဦးနှင့် တစ်ဦး အရေပြားများမည်သို့ ကွာခြားသည်ကို နှိုင်းယှဉ်လေ့လာကြမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါမည်။ ပြီးလျှင် **မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကိုဖွင့်၍ ကျောင်းသားများအား ကြည့်ရှုစေပြီး မေးခွန်းနှင့် စကားပြောများကို ဆရာကဖတ်၍ ရှင်းပြပါမည်။ ကျောင်းသားများ ကိုလည်း ဖတ်ခိုင်းပါမည်။



**၂ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုနှိုင်းယှဉ်ခြင်း**

**(၂) ကျွန်ုပ်တို့၏ အရေပြား**



**မေးခွန်းကို ဖြေကြည့်ရအောင်**

ကျွန်ုပ်နဲ့ သင့်ရဲ့ အရေပြားတွေဟာ ဘယ်လိုကွာခြားကြသလဲ။



















**သတိပြုရမည့်အချက်များ(၁)**

* **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို နှိုးဆွပေးသော အပိုင်းဖြစ်ပါသည်။

* ကျောင်းသားများအား ဒုတိယတန်းတွင် သိပ္ပံအသိသညာကိုပေးရာတွင် စူးစမ်းလေ့လာခြင်းနှင့် နှိုင်းယှဉ်လေ့လာခြင်း ကျွမ်းကျင်မှုကို တစ်ပြိုင်နက်တည်းပေးရမည်။

* ဆွေးနွေးသော အကြောင်းအရာနှင့် အချိန်ကို ဆရာက စနစ်တကျ စီမံခန့်ခွဲရမည်။

DBE Box – Copyright Protected

### ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) (က) အရေပြားကို ဘယ်နေရာမှာ တွေ့ရသလဲ၊ ပြောကြည့်ရအောင်။

| စဉ် | ခန္ဓာကိုယ်အစိတ်အပိုင်း | အရေပြားဖုံးအုပ်ထားခြင်း ရှိ၊ မရှိ |
|---|---|---|
| ၁။ | မျက်နှာ | |
| ၂။ | နားရွက် | |
| ၃။ | လည်ပင်း | |
| ၄။ | လက် | |
| ၅။ | ခြေထောက် | |



(ခ) ခန္ဓာကိုယ်တစ်ခုလုံး အရေပြားနဲ့ ဖုံးအုပ်ထားပါသလား။

လုပ်ငန်း(၂) အရေပြားတွေ ဘယ်လိုကွာခြားကြသလဲ၊ ပြောကြည့်ကြစို့။

| စဉ် | အရေပြားကွာခြားမှု | ကျွန်ုပ်၏ အရေပြား | သူငယ်ချင်း၏ အရေပြား |
|---|---|---|---|
| ၁။ | အရောင် | | |
| ၂။ | အမွေးပါ၊ မပါ | | |
| ၃။ | ကြမ်း၊ ချော | | |



## အခန်း ၂(၂)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရပါမည်။

**လုပ်ငန်း(၁)**

ဆရာက " အရေပြားကို ခန္ဓာကိုယ်ရဲ့ ဘယ်နေရာမှာ တွေ့ရသလဲ။ သူငယ်ချင်းနဲ့ ပြောကြည့်ရအောင်။ " ဟု ပြောကာ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပါ။ ပြီးနောက် အချင်းချင်း၏ မျက်နှာ၊ နားရွက်၊ လည်ပင်း၊ လက်နှင့် ခြေထောက်တို့ကို လေ့လာစေရမည်။ ဆရာက အချင်းချင်း လေ့လာကြည့်ရှုချိန် ပေးရပါမည်။ လေ့လာပြီးနောက် ဆရာက အချင်းချင်း၏မျက်နှာ၊ နားရွက်၊ လည်ပင်း၊ လက်နှင့် ခြေထောက်တို့တွင် အရေပြားများ ဖုံးအုပ်ထားခြင်း ရှိ၊ မရှိ မေးမြန်း၍ သင်ပုန်းပေါ်တွင် ကြိုတင်ရေးဆွဲထားသော ဇယားတွင် ဆရာက ရေးဖြည့်ရပါမည်။

လုပ်ငန်းပြီးဆုံးသောအခါ ဆရာက ခန္ဓာကိုယ်တစ်ခုလုံးတွင် အရေပြား ဖုံးအုပ်ထားပါသလား မေးခွန်းကို တစ်တန်းလုံးအား မေးမြန်း၍ လုပ်ငန်း(၁)ကို နိဂုံးချုပ်ရပါမည်။

**လုပ်ငန်း(၂)**

ကျောင်းသားများကို မိမိဘေးတွင်ရှိသော သူငယ်ချင်းနှင့် တစ်ဦးနှင့်တစ်ဦး အရေပြား ကွာခြားမှုများကို လေ့လာ၍ အပြန်အလှန် ပြောပြစေရမည်ဖြစ်ပါသည်။ (နှစ်ယောက်တွဲ လုပ်ငန်း ပထမအကြိမ်)

ဆရာက တစ်ဦးနှင့် တစ်ဦး မည်သို့လေ့လာရမည်ကို ရှင်းလင်းပြောပြရမည်။ ဆရာက လေ့လာရမည့်အချက်များကို ကျောင်းသားများ သိ၊ မသိ ပြန်လည် မေးမြန်းစစ်ဆေးရမည်။

ပြီးနောက် ဆရာက အချင်းချင်း၏ အသား အရောင်၊ အမွေးပါ၊ မပါနှင့် အရေပြား အကြမ်း၊ အချောတို့ကို လေ့လာစေရမည်။ အခြားတွေ့ရလေ့ ရှိသော မှဲ့၊ အမှတ်နှင့် အမာရွတ်တို့ကို တွေ့ရပါကလည်း ပြောပြခွင့် ပေးရပါမည်။

### သတိပြုရမည့်အချက်များ(၂)

* လုပ်ငန်း(၁)ကို ပြုလုပ်ရာတွင် ဆရာက ဇယားကို သင်ပုန်းပေါ်တွင် ကြိုတင်၍ ရေးဆွဲထားရမည်။
* နှစ်ယောက်တစ်တွဲ တွဲရာတွင် ဆရာက မိန်းကလေးအချင်းချင်း၊ ယောကျ်ားလေး အချင်းချင်း တွဲပေးရမည်။
* လုပ်ငန်းပြုလုပ်ရာတွင် ကျောင်းသားတိုင်း ပါဝင်လုပ်ဆောင်နိုင်ရန် ဆရာက စောင့်ကြည့်ကြပ်မတ်ရမည်။
* ဆရာက အတန်းထိန်းခြင်းကို အထူးဂရုပြုဆောင်ရွက်ရန် ဖြစ်ပါသည်။
* လူတို့၏ အသားအရောင်များသည် မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်ကြောင့် မတူ ကွဲပြားမှု ရှိကြပါသည်။

DBE Box – Copyright Protected

## အခန်း ၂(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

နှစ်ယောက်တွဲပြောခြင်း တစ်ကြိမ်ပြီးပါက ဒုတိယအကြိမ်တွင် နှစ်ယောက်တွဲခြင်းကို အသစ်ပြန်လည်တွဲပါ။ (ဥပမာ-ဘေးတိုက်တွဲခြင်းမှ မျက်နှာချင်းဆိုင်တွဲခြင်းကို ပြောင်းနိုင်ပါသည်။) ထို့နောက် ဒုတိယအကြိမ် နှစ်ယောက်တစ်တွဲ လေ့လာ၍ ပြောခိုင်းပါ။

ဆရာက တွေ့ရှိချက်များကို သင်ပုန်းပေါ်ရှိ ကြိုတင်ရေးဆွဲထားသော ဇယားတွင် ရေးဖြည့်ရပါမည်။ ကျောင်းသားအားလုံး လေ့လာပြောဆိုပြီးပါက ဆရာက တစ်ယောက်နှင့် တစ်ယောက် အရေပြား၏ အရောင်၊ အမွေး ပါ၊ မပါနှင့် အကြမ်း၊ အချောတို့ မတူညီကြကြောင်း ပြောပြ၍ နိဂုံးချုပ်ဆိုပါမည်။

**လုပ်ငန်း(၃)**

ဆရာက ကျောင်းသားအရေအတွက်ကို လိုက်၍ သင့်တော်သလို အုပ်စုဖွဲ့ပါ။ ဆရာက ကျောင်းသုံးစာအုပ်တွင် ယှဉ်တွဲဖော်ပြထားသော ပစ္စည်းများကို အုပ်စုတစ်စုစီအား ဝေငှပေးပါ။ ရေအေးနှင့် ရေနွေး၊ သကြားလုံးနှင့် ဂျယ်လီ၊ သစ်သားပေတံနှင့် ကော်ပေတံ၊ ဂေါ်လီလုံးနှင့် ကျောက်ခဲ အစရှိသောပစ္စည်းများကို ယှဉ်တွဲ၍ ထိတွေ့ကိုင်တွယ်ခိုင်းရမည်။ ဆရာက အရေပြား၏ ထိတွေ့ခံစားမှုများကို အုပ်စုများအား မေးမြန်းပြီး သင်ပုန်းမှတ်ချက်များ ရေးမှတ်ထားရမည်။ ပြီးနောက် ဆရာက အုပ်စုတစ်စုစီမှ ကျောင်းသားများအား အရေပြား၏ခံစားမှုနှင့် ပတ်သက်သော အခြား အတွေ့အကြုံများ ရှိပါကလည်း ပြောပြခွင့်ပေးရပါမည်။

အုပ်စုအားလုံး မေးမြန်းပြီးနောက် ဆရာက အရေပြားသည် အေးခြင်း၊ နွေးခြင်း၊ မာခြင်း၊ ပျော့ခြင်း၊ ကြမ်းတမ်းခြင်း၊ ချောမွေ့ခြင်း၊ မာကျော၍ ချောမွေ့ခြင်း၊ မာကျော၍ ကြမ်းတမ်းခြင်း အစရှိသော ထိတွေ့ခံစားမှုများကို သိရှိခံစားနိုင်ကြောင်း ပြောပြ၍ နိဂုံးချုပ်ဆိုပါမည်။

**လုပ်ငန်း(၄)**

ကျောင်းသားတစ်ဦးစီ၏ အရေပြားနှင့် ပတ်သက်သော ခံစားမှုအတွေ့အကြုံများကို ပြောပြစေသော လုပ်ငန်းဖြစ်ပါသည်။ ဆရာက လုပ်ငန်းကိုဖတ်ပြပြီး တစ်ဦးချင်းစီ အတန်းရှေ့ထွက်၍ ပြောပြစေရမည်။ လုပ်ငန်းတွင် မပါဝင်သော အခြားအတွေ့အကြုံများရှိပါကလည်း ပြောပြခွင့်ပေးရပါမည်။

အခန်း(၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း

လုပ်ငန်း(၃) အရေပြားနဲ့ ထိတွေ့ခံစားမှုကို နှိုင်းယှဉ်ကြည့်ရအောင်။



လုပ်ငန်း(၄) ခြင် (သို့မဟုတ်) ပုရွက်ဆိတ် အကိုက်ခံရဖူးသလား။ ဘယ်လိုသိသလဲ။ အရေပြားပေါ်မှာ ဘာတွေ့ရသလဲ။

၂၀

### သတိပြုရမည့်အချက်များ(၃)

- ✳ သင်ပုန်းမှတ်ချက်များသည် သင်ခန်းစာကို ပြန်လည်နိဂုံးချုပ်ဆိုသောအခါ အသုံးပြုသွားရမည်။
- ✳ လုပ်ငန်းပြုလုပ်ရာတွင် မပါဝင်သော ကျောင်းသားများပါဝင်လာအောင် ဆရာက စောင့်ကြပ်ကြည့်ရှုပေးရပါမည်။
- ✳ ဆရာက ကျောင်းသားများ၏ ပြောကြားချက်များကို စိတ်ရှည်စွာနားထောင်ပေးရမည်။ ပြောဆိုသည်များ မှားယွင်းပါက မှန်ကန်သည်ထိရောက်အောင် တည့်မတ်ပေးရမည်။
- ✳ အများဆုံးမှန်ကန်စွာ ပြောပြနိုင်သည့် အုပ်စုကို ဆရာကချီးမွမ်းစကား ပြောကြားရမည်။

DRE Box – Copyright Protected

အခန်း(၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း



## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

အရေပြားက ခန္ဓာကိုယ်အတွင်းပိုင်းကို ကာကွယ်ပေးပြီး အပူအအေးကို ထိန်းပေးတယ်။ ချွေးထွက်ရင် ခန္ဓာကိုယ်ကိုလဲ အေးမြစေတယ်။ အထိအတွေ့ခံစားမှုကိုသိနိုင်ပြီး အန္တရာယ် ရှိ၊ မရှိကိုလဲ သိနိုင်တယ်။



## သိသွားပြီနော်










၂၀

## သတိပြုရမည့်အချက်များ(၄)

* ဆရာက ကျောင်းသားများကိုယ်တိုင် သိရှိသွားသည်များကို စိတ်ရှည်စွာ စောင့်ဆိုင်းပြီး မေးမြန်းခြင်း၊ နားထောင်ခြင်း ပြုလုပ်ပေးရပါမည်။
* **သိသွားပြီနော်** အပိုင်းတွင် ဖော်ပြထားသည့်အသိသညာများကို ကျောင်းသားအများစု မဖြေနိုင်ပါက မိမိ၏ သင်ကြားမှုနည်းလမ်းကို ဆင်ခြင်သုံးသပ်၍ ပြုပြင်ပြောင်းလဲ သင်ကြားရမည်ဖြစ်သည်။
* အရေပြားမှတစ်ဆင့် ရောဂါပိုးများ ကူးစက်နိုင်ကြောင်းနှင့် အထူးသတိထားရန် လိုအပ်ကြောင်း ကျောင်းသားများအား ပြောပြထားရပါမည်။

# အခန်း ၂(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

(ဥပမာ- ပျားတုပ်ခံရခြင်း၊ ချွန်သည့်အရာနှင့် ပြတ်ရှခြင်း၊ ချော်လဲ၍ ထိခိုက်ဒဏ်ရာရခြင်း အစရှိသည်တို့ဖြစ်သည်။)

### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းသည် ကျောင်းသားများကိုယ်တိုင် လက်တွေ့လုပ်ငန်းများကို ပြုလုပ်၍ သဘောပေါက်နားလည်ပြီးနောက် သင်ခန်းစာနှင့် ဆက်စပ်၍ အကြောင်းအရာများကို ထပ်မံခဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်နှင့် နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** တွင် ဖော်ပြထားသော အရေပြား၏ လုပ်ဆောင်ချက်များကို ဆရာက ဖတ်ပြရှင်းပြရမည်။

### သိသွားပြီနော်

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ် မည်မျှရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။

ဆရာက ကျောင်းသားများအား “ အရေပြားအကြောင်း ဘာတွေသိသွားပြီလဲ ပြောပြပါဦး ” မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို ဆရာက လက်ခံနားထောင်ပေးရပါမည်။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီးမှသာ ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေမည်ဖြစ်ပါသည်။

DRE Box — Copyright Protected

# အခန်း ၂(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ဤအပိုင်းသည် **သိသွားပြီနော်** အပိုင်းတွင် ကျောင်းသားများ၏ ဖြေဆိုမှုများပြည့်စုံမှု မရှိပါက ဆရာက ပြန်လည်ဖြည့်စွက်၍ တည့်မတ်မှန်ကန်စွာ အနှစ်ချုပ်ဆိုရမည် ဖြစ်ပါသည်။

**လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ (က) (✔)
(ခ) (✔)
(ဂ) (✘)
(ဃ) (✔)
(င) (✘)





**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**



ကျွန်ုပ်တို့၏ အရေပြား

- တစ်ဦးနှင့် တစ်ဦး အရေပြားများ မတူညီကြပါ။
- ခန္ဓာကိုယ် တစ်ခုလုံးကို အရေပြားဖြင့် ဖုံးအုပ်ထားသည်။
- အရေပြားဖြင့် ထိတွေ့ ခံစားမှုကို သိနိုင်သည်။

**လေ့ကျင့်ခန်း**

၁။ ပေးထားတဲ့ အချက်တွေ မှန်လျှင်(✔)၊ မှားလျှင်(✘)ခြစ်ပါ။

(က) အရေပြားသည် ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ထားသည်။ (   )
(ခ) အရေပြားသည် အပူ အအေးကို သိနိုင်သည်။ (   )
(ဂ) အရေပြားသည် အလင်း အမှောင်ကို သိနိုင်သည်။ (   )
(ဃ) ကျွန်ုပ်တို့ ကစားလျှင် အရေပြားမှ ချွေးထွက်သည်။ (   )
(င) လူအားလုံး၏ အရေပြားအရောင်သည် အတူတူပင်ဖြစ်သည်။ (   )



**သတိပြုရမည့်အချက်များ(၅)**

* လေ့ကျင့်ခန်း(၁)သည် တစ်ဦးချင်း ပြုလုပ်ခိုင်းပြီး ဆရာက အဖြေမှန်ကိုသိစေပြီး ဘေးချင်းကပ် နှစ်ယောက်တစ်တွဲ အပြန်အလှန် စစ်ဆေးခိုင်းရမည်။
* ကျောင်းသား၏ အဖြေသည် မှားယွင်းနေလျှင် အဖြေမှန်ကို ရှာဖွေတတ်ရန်၊ ပြောဆိုတတ်ရန် သင်ကြားပေးရမည် ဖြစ်ပါသည်။

DBE Box — Copyright Protected

အခန်း(၂) ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နှိုင်းယှဉ်ခြင်း

၂။ သင်၏ အရေပြားနှင့် သူငယ်ချင်း၏ အရေပြား တူညီမှု (၂)မျိုးကို ပြောပြပါ။

၃။ သင်၏ အရေပြားနှင့် သူငယ်ချင်း၏ အရေပြား မတူညီမှု (၂)မျိုးကို ပြောပြပါ။

၄။ သင်၏ အရေပြားအကြောင်းကို ပြောပြပါ။

၂၇

# အခန်း ၂(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**လေ့ကျင့်ခန်းအတွက် အဖြေများ**

၂။ သင်၏ အရေပြားနှင့် သူငယ်ချင်း၏ အရေပြား တူညီမှု (၂)မျိုး -
အသားဖြူခြင်း၊ အသားအရေချောမွေ့မှု
(ကျောင်းသားများ ကြိုက်နှစ်သက်ရာ အဖြေကို ဖြေဆိုနိုင်ပါသည်။)

၃။ သင်၏ အရေပြားနှင့် သူငယ်ချင်း၏ အရေပြား မတူညီမှု (၂)မျိုး -
အသားဖြူခြင်းနှင့် ညိုခြင်း၊ အမွေးပါခြင်းနှင့် မပါခြင်း
(ကျောင်းသားများ ကြိုက်နှစ်သက်ရာ အဖြေကို ဖြေဆိုနိုင်ပါသည်။)

၄။ ကျောင်းသားများ မိမိတို့၏ အရေပြားအကြောင်း လွတ်လပ်စွာ ပြောဆိုခွင့်ပေးရပါမည်။

**သတိပြုရမည့်အချက်များ(၆)**

* လေ့ကျင့်ခန်း(၂)နှင့် (၃)တို့၏ အဖြေများသည် မျိုးစုံဖြစ်နိုင်သောကြောင့် မှန်ကန်ပါက လက်ခံပေးရပါမည်။
* အသားအရောင်၊ အရပ် အနိမ့် အမြင့်၊ ဝခြင်း ပိန်ခြင်း စသည်တို့နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံခြင်း၊ နောက်ပြောင်ခြင်း၊ စိတ်အားငယ်ခြင်းနှင့် စိတ်ဖိစီးမှုများ မဖြစ်စေရန် ဆရာက အထူးဂရုပြု ပြောဆိုဆောင်ရွက်သင့်ပါသည်။
* ကျောင်းသားများ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေရန် အထူးအလေးပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

DBE Box — Copyright Protected

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

**အခန်း ၃(၁)။ သင်ယူမှုဦးတည်ချက်**

အပင်များအကြား ကွဲပြားခြားနားမှုများကို ပင်စည်နှင့်အရွက်များပေါ် အခြေခံပြီး ပြောပြတတ်ရန်။

**အခန်း ၃(၁)။ အသေးစိတ်ဦးတည်ချက်များ**

(၁) ပေးထားသော အပင်များ၏ သွင်ပြင်လက္ခဏာများကိုကြည့်ပြီး မည်သည့်အပင်က သစ်ပင်အုပ်စုတွင် ပါဝင်ကြောင်း ပြောပြတတ်ရန်။

(၂) ပေးထားသော အပင်များ၏ သွင်ပြင်လက္ခဏာများကိုကြည့်ပြီး မည်သည့်အပင်က ချုံပင်အုပ်စုတွင် ပါဝင်ကြောင်း ပြောပြတတ်ရန်။

(၃) ပေးထားသော အပင်များ၏ သွင်ပြင်လက္ခဏာများကိုကြည့်ပြီး မည်သည့်အပင်က မြေလျှောက်ပင်အမျိုးအစားနှင့် နွယ်ပင်အမျိုးအစားတွင် ပါဝင်ကြောင်း ပြောပြတတ်ရန်။

(၄) ပေးထားသော အရွက်များကို ကြည့်၍ အရွက်တွင် အမွေး ရှိ၊ မရှိ ရွက်ကြောပုံစံနှင့် အရွက်တွင် အနားတွန့်ခြင်း ရှိ၊ မရှိကို နှိုင်းယှဉ်ပြောပြတတ်ရန်။

(၅) အရွက်နှစ်ရွက်ကိုကြည့်၍ အရွက်၏ အထူအပါး၊ အရွက်၏ ချောမွတ်မှုနှင့် ကြမ်းတမ်းမှုကို နှိုင်းယှဉ်ပြောပြတတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ ပုံများကို သေသေချာချာကြည့်ရှုစေ၍ ၎င်းအပိုင်းတွင် ပါရှိသောမေးခွန်းနှင့် စကားပြောများကို ဆရာက ဖတ်ပြပါမည်။ ပြီးနောက် ဆရာက ပင်စည်နဲ့ အရွက်တွေမှာ ဘယ်လိုမတူညီမှုတွေ တွေ့ရပါသလဲဟု မေးပါမည်။ အပင်တစ်ပင်မှာ ပင်စည် ဘယ်နှခု ရှိသလဲ။ နှင်းဆီရွက်နဲ့ ညောင်ရွက်မှာ ဘယ်အရွက်က အနားတွန့်တွေ ပါသလဲဟု ဆရာက ကျောင်းသားများကို မေးမြန်းပါမည်။





### ၃ အပင်များကို နှိုင်းယှဉ်ခြင်း
### (၁) ပင်စည်များနှင့် အရွက်များ



**မေးခွန်းကို ဖြေကြည့်ရအောင်**

ပင်စည်နဲ့ အရွက်တွေမှာ ဘယ်လိုမတူညီမှုတွေ တွေ့ရသလဲ။





အပင်တစ်ပင်မှာ ပင်စည် ဘယ်နှခုရှိသလဲ သိသလား





နှင်းဆီရွက်နဲ့ ညောင်ရွက်မှာ ဘယ်အရွက်က အနားတွန့်တွေ ပါသလဲ





**သတိပြုရမည့်အချက်များ(၁)**

* ဆရာက ပင်စည်များနှင့် အရွက်များ သင်ခန်းစာကို သင်ကြားရာတွင် လက်တွေ့ပြသခြင်း မပြုနိုင်သည့် အပင်တို့အတွက် ကျောင်းသုံးစာအုပ်ပါ ပုံများကို ပြသနိုင်ပါသည်။
* အကယ်၍ ကျောင်းသားများကို ပိုမိုသိသာစွာ မြင်နိုင်ရန်အတွက် ဆရာက Vinyl ကားချပ်ဖြင့် ဖြစ်စေ၊ Flipchart တွင်ဖြစ်စေ ပြသရေးဆွဲနိုင်လျှင် သင်ကြားသင်ယူမှု လုပ်ငန်းကို ပိုပြီးထိရောက်စေနိုင်ပါသည်။
* ဆရာက အုပ်စုလုပ်ငန်းမလုပ်မီ ညွှန်ကြားချက်ကို တိတိကျကျ ပေးသင့်ပါသည်။

DBE Box – Copyright P...



## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပေးထားတဲ့ အပင်တွေကို ကြည့်ရှုပြီး မှန်(✔)၊ မှား(✘)ခြစ်ကြရအောင်။

|  |  |  |  |
|---|---|---|---|
| သရက်ပင် | အုန်းပင် | ပုဏ္ဏရိက်ပင် | ကုက္ကိုပင် |

| အပင်အမည်များ / အပင်၏သွင်ပြင်လက္ခဏာများ | သရက်ပင် | အုန်းပင် | ပုဏ္ဏရိက်ပင် | ကုက္ကိုပင် |
|---|---|---|---|---|
| အပင်က မြင့်တယ်၊ ကြီးတယ် | | | | |
| ပင်စည်က တုတ်ခိုင်တယ် | | | | |
| အကိုင်းအခက်တွေများစွာ ရှိတယ် | | | | |
| ပင်စည်တစ်ခုပဲ ရှိတယ် | | | | |

အချက်အလက်အားလုံးတွင် အမှန်(✔)ခြစ်ရရှိသောအပင်သည် **သစ်ပင်** အုပ်စုတွင် ပါဝင်သည်။



### သတိပြုရမည့်အချက်များ(၂)

* ဆရာက ကျောင်းသားများကို ပထမတန်းတွင် သင်ကြားခဲ့သော ပင်စည်၊ အရွက်၊ အမြစ်အခန်းကို ကျောင်းသားများ သိရှိစေရန် သေချာပြန်လည်မေးမြန်းရပါမည်။ ပင်စည်က ဘယ်နေရာမှာရှိတယ်ဆိုတာကို ပြောရပါမည်။
* ကျောင်းသားများကို အုပ်စုဖွဲ့ရာတွင် ဆရာက သင့်တော်သလို အုပ်စုဖွဲ့ပေးရပါမည်။ အုပ်စုတစ်စုစီတွင် တစ်ဦးကဦးဆောင်၍ တွေ့ရှိချက်များကို ပြန်လည်ကာ အတန်းသို့ ပြောပြရမည်။
* ဆရာက အုပ်စုလုပ်ငန်းမလုပ်ခင် လုပ်ငန်း(၁)ပါ ဇယားအတိုင်း သစ်ပင်နှင့်ပတ်သက်သည့် ညွှန်ကြားချက်ကို တိတိကျကျပေးရပါမည်။
* ကျောင်းသားများ ဖြေဆိုရာတွင် လိုအပ်မှုရှိပါက ဆရာက ဖြည့်စွက်ပေးရပါမည်။
* ကျောင်းသားအားလုံးပါဝင်အောင် ဆရာက လိုက်လံကြည့်ရှုရပါမည်။

## အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၁)**

ဆရာက လုပ်ငန်း(၁)မစမီ သစ်ပင်၏ ပင်စည်၊ အရွက်၊ အမြစ်တို့ကို ကျောင်းသားများ နားလည်မှုရှိ၊ မရှိကို ပြန်လည်မေးမြန်းပြီးမှသာ လုပ်ငန်း(၁)ကို စတင်ပါမည်။ ဆရာက လုပ်ငန်း(၁)တွင် တွေ့ရသောပုံများကို သေသေချာချာ လေ့လာခိုင်းပါမည်။ ကျောင်းသားများအား ဆရာက ဘာပုံတွေ တွေ့ရပါသလဲဟု မေးပါမည်။ ထိုသို့မေးပြီးမှ တွေ့ရသောပုံများ၏အမည်များကို ဆရာက ဖတ်ပြပါမည်။ ပြီးနောက် ဆရာက ကျောင်းသားများအား သင့်တော်သလို အုပ်စုဖွဲ့စေပါမည်။ ထိုအုပ်စုအတွင်းတွင် သရက်ပင်၊ အုန်းပင်၊ ပုဏ္ဏရိက်ပင်၊ ကုက္ကိုပင်တို့ရဲ့ အပင်က မြင့်သလား။ ကြီးသလား။ ပင်စည်က တုတ်ခိုင်သလား။ အကိုင်းအခက်တွေက အများကြီးရှိသလား။ ပင်စည်တစ်ခုတည်းရှိသလား ဆိုသည်ကို မေးမြန်းရပါမည်။ ပြီးနောက် ကျောင်းသားများ ထံမှ ရရှိသောအဖြေများကို အုပ်စုတစ်စုချင်းစီမှ တစ်ယောက်ကိုသာ ပြောခိုင်းစေပါမည်။ ကျောင်းသားများ၏ ဖြေကြားချက်များကို လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပေးရပါမည်။ ဆရာက ကျောင်းသားများအား လုပ်ငန်း(၁)ဇယားကို ဖတ်ပြရပါမည်။ ဇယားတွင် မှန်လျှင်(✔)၊ မှားလျှင်(✘)သင်္ကေတ ဖြည့်ခိုင်းရပါမည်။ ဇယားတွင် ကျောင်းသားများ ဖြည့်နေချိန်တွင် ဆရာက လိုက်လံကြည့်ရှုရပါမည်။

ကျောင်းသားများ မှန်၊ မှား ဖြည့်ပြီးသောအခါ အဖြေကို နှစ်ယောက်တစ်တွဲ အချင်းချင်း စစ်ဆေးစေပါမည်။ ဆရာက ကျောင်းသားများအား အပင်က မြင့်တယ်။ ကြီးတယ်။ ပင်စည်ကတုတ်ခိုင်တယ်။ အကိုင်းအခက်တွေ များစွာရှိတယ်။ ပင်စည် တစ်ခုတည်းရှိတယ်ဆိုရင် သစ်ပင်အုပ်စုတွင် ပါဝင်ကြောင်းပြော၍ နိဂုံးချုပ်ပါမည်။

DBE Box — Copyright Protected

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၂)**

ဆရာက ကျောင်းသားများကို စက္ကူပန်းပင်၊ ရွက်လှပင်၊ စံပယ်ပင်၊ ထန်းပင်တို့ကို ကျောင်းသားများ၏ ပတ်ဝန်းကျင်မှာ တွေ့ဖူးသလား။ မြင်ဖူးသလားဟု မေးမြန်းပါမည်။ ဆရာက ကျောင်းသားများကို သင့်တော်သလို အုပ်စုဖွဲ့၍ စက္ကူပန်းပင်၊ ရွက်လှပင်၊ စံပယ်ပင်နှင့် ထန်းပင်တို့ဟာ သစ်ပင်ထက် အရွယ်ငယ်သလား။ ပင်စည်က သေးသွယ်သလား။ မြေကြီးနားမှကပ်ပြီး အကိုင်းအခက်များစွာ ဖြာထွက်သလား။ ပင်စည်အရေအတွက် တစ်ခုထက်ပိုသလား ဆိုသည်ကို အုပ်စုဖွဲ့၍ ပြောဆိုစေပါမည်။ ပြီးနောက် ကျောင်းသားများထံမှ ရရှိသော အဖြေများကို အုပ်စုတစ်ခုချင်းစီမှ တစ်ယောက်ကိုသာ ပြောခိုင်းစေပါမည်။ ကျောင်းသားများ၏ ဖြေကြားချက်များတွင် လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပေးရပါမည်။ ဆရာက ကျောင်းသားများအား လုပ်ငန်း(၂)ဇယားကို ဖတ်ပြရပါမည်။

ဆရာက ကျောင်းသားများကို ဇယားတွင် မှန်လျှင်(✔)၊ မှားလျှင်(✘) သင်္ကေတ ဖြည့်ခိုင်းရပါမည်။ ဇယားတွင် ကျောင်းသားများ ဖြည့်နေချိန်တွင် ဆရာက လိုက်လံကြည့်ရှုရပါမည်။ ကျောင်းသားများ ဖြည့်ပြီးသောအခါ အဖြေကို နှစ်ယောက်တစ်တွဲ အချင်းချင်း စစ်ဆေးစေပါမည်။

ဆရာက ကျောင်းသားများအား အပင်ဟာ သစ်ပင်ထက် အရွယ်ငယ်တယ်။ ပင်စည်က သေးသွယ်တယ်။ မြေကြီးနားမှာကပ်ပြီး အကိုင်းအခက်များစွာ ဖြာထွက်တယ်။ ပင်စည် အရေအတွက် တစ်ခုထက်ပိုတယ် စသည့်အချက်များနှင့် ပြည့်စုံလျှင် ချုံပင်အုပ်စုဖြစ်ကြောင်း ဆရာက ဖြည့်စွက်၍ ပြောပြရပါမည်။

အခန်း(၃) အပင်များကို နှိုင်းယှဉ်ခြင်း

လုပ်ငန်း(၂) ပေးထားတဲ့ အပင်တွေကိုကြည့်ပြီး အဖြေအတွက် မှန်(✔)၊ မှား(✘)ခြစ်ကြရအောင်။



စက္ကူပန်းပင်



ရွက်လှပင်



စံပယ်ပင်



ထန်းပင်

| အပင်အမည်များ / အပင်၏သွင်ပြင်လက္ခဏာများ | စက္ကူပန်းပင် | ရွက်လှပင် | စံပယ်ပင် | ထန်းပင် |
|---|---|---|---|---|
| သစ်ပင်ထက် အရွယ်ငယ်တယ် | | | | |
| ပင်စည်က သေးသွယ်တယ် | | | | |
| မြေကြီးနားမှကပ်ပြီး အကိုင်းအခက်များစွာ ဖြာထွက်တယ် | | | | |
| ပင်စည်တစ်ခုထက် ပိုတယ် | | | | |

အချက်အလက်အားလုံးတွင် အမှန်(✔)ခြစ်ရရှိသောအပင်သည် **ချုံပင်** အုပ်စုတွင် ပါဝင်သည်။

၂၆

### သတိပြုရမည့်အချက်များ(၃)

* သင်ကြားသင်ယူမှုလုပ်ငန်း ပိုမိုထိရောက်မှုရှိစေရန်အတွက် စက္ကူပန်းပင်၊ ရွက်လှပင်၊ စံပယ်ပင်၊ ထန်းပင်တို့ကို ကျောင်းသားများ မြင်သာအောင် ပုံကြီးကြီးပြသနိုင်လျှင် ပိုမိုကောင်းမွန်ပါမည်။ ပုံကြီးကြီး မပြသနိုင်လျှင်လည်း ကျောင်းသုံးစာအုပ်ပါ ပုံများကို ပြသနိုင်ပါသည်။
* ကျောင်းဝင်းတွင် ပန်းဥယျာဉ်ရှိပါက ကျောင်းသားများကို အုပ်စုဖွဲ့၍ အထက်ပါ အပင်များကို လက်တွေ့ကျကျ စူးစမ်းလေ့လာခွင့် ပြုရပါမည်။
* လုပ်ငန်း(၂)သည် ကျောင်းသားများ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာမှု ပြုတတ်သော အလေ့အကျင့်နှင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များ ရရှိစေရန် ဖြစ်ပါသည်။

DPE Box – Copyright Protected

အခန်း(၃) အပင်များကို နှိုင်းယှဉ်ခြင်း

လုပ်ငန်း(၃) ပေးထားတဲ့ အပင်တွေကိုကြည့်ပြီး မှန်(✔)၊ မှား(✘)ခြစ်ကြရအောင်။

| | | | |
|---|---|---|---|
|  |  |  |  |
| သခွားပင် | မြက်ပင် | ကြက်ဟင်းခါးပင် | မြင်းခွာပင် |

| အပင်အမည်များ / အပင်၏သွင်ပြင်လက္ခဏာများ | သခွားပင် | မြက်ပင် | ကြက်ဟင်းခါးပင် | မြင်းခွာပင် |
|---|---|---|---|---|
| (၁) ပင်စည်က ပျော့ပျောင်းပြီး မထောင်မတ်နိုင်ပါ။ | | | | |
| (၂) တခြားအပင်ပေါ်၊ ဝါးတိုင်ပေါ်၊ နံရံပေါ်တွယ်တက်တယ်။ | | | | |
| (၃) မြေကြီးနဲ့ကပ်ပြီး တွားသွားလေ့ရှိတယ်။ | | | | |
| (၄) အကိုင်းအခက်တွေက သေးသွယ်တယ်။ | | | | |

အချက်အလက်အချို့တွင် အမှန်(✔)ခြစ်ရရှိသောအပင်သည် **နွယ်ပင်(တွယ်တက်သောအပင်)** အုပ်စုတွင် ပါဝင်သည်။

အချက်နံပါတ်(၂) အမှန်(✔)ခြစ်မရသောအပင်သည် **မြေလျှောက်ပင်** အုပ်စုတွင် ပါဝင်သည်။

၂၃

## သတိပြုရမည့်အချက်များ(၄)

* ကျောင်းသုံးစာအုပ်ပါ ပုံများအပြင် ဆရာက သင်ကြားသင်ယူမှု ပိုမိုထိရောက်စေရန်အတွက် သခွားပင်၊ မြက်ပင်၊ ကြက်ဟင်းခါးပင်၊ မြင်းခွာပင် တို့ကို Vinyl ကားချပ်ဖြင့်ဖြစ်စေ၊ Flipchart ဖြင့်ဖြစ်စေ ပုံကြီးချဲ့ပြနိုင်လျှင် ပိုမိုကောင်းမွန်ပါမည်။
* နွယ်ပင်(တွယ်တက်သောအပင်)၏ သွင်ပြင်လက္ခဏာမှာ ပင်စည်က ပျော့ပျောင်းပြီး မထောင်မတ်နိုင်ပါ။ တခြားအပင်ပေါ်၊ ဝါးတိုင်ပေါ်၊ နံရံပေါ်တွယ်တက်တယ်၊ အကိုင်းအခက်များ သေးသွယ်လျှင် နွယ်ပင်အမျိုးအစားဖြစ်ကြောင်း ဆရာက ရှင်းပြရပါမည်။
* မြေလျှောက်ပင်သည် ပင်စည်က ပျော့ပျောင်းပြီး မထောင်မတ်နိုင်ပါ။ မြေကြီးနဲ့ကပ်ပြီး တွားသွားလေ့ရှိတယ်။ အကိုင်းအခက်များ သေးသွယ်တယ်။ အခြားအပင်ပေါ် တွယ်မတက်နိုင်လျှင် မြေလျှောက်ပင် အမျိုးအစားဖြစ်ပါသည်။

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၃)**

ဆရာက ကျောင်းသားများအား သခွားပင်၊ မြက်ပင်၊ ကြက်ဟင်းခါးပင်၊ မြင်းခွာပင် တို့ကို ကျောင်းသားများ၏ ပတ်ဝန်းကျင်မှာ တွေ့ဖူးသလား။ မြင်ဖူးသလားဟု မေးမြန်းပါမည်။

ကျောင်းသားများ၏ ပြောပြချက်များကို ဆရာက သင်ပုန်းမှတ်ချက်ရေးရပါမည်။

ဆရာက ကျောင်းသားများကို သင့်တော်သလိုအုပ်စုဖွဲ့၍ သခွားပင်၊ မြက်ပင်၊ ကြက်ဟင်းခါးပင်၊ မြင်းခွာပင်တို့ရဲ့ ပင်စည်က ပျော့ပျောင်းသလား။ ကိုယ်တိုင်ထောင်မတ်နိုင်သလား။ တခြားအပင်ပေါ်၊ ဝါးတိုင်ပေါ်၊ နံရံပေါ် တွယ်တက်တတ်သလား။ မြေကြီးနဲ့ကပ်ပြီး တွားသွားလေ့ရှိသလား။ အကိုင်းအခက်တွေက သေးသွယ်သလားဆိုသည်ကို အုပ်စုဖွဲ့၍ ပြောဆိုစေပါမည်။ ပြီးနောက် ကျောင်းသားများထံမှ ရရှိသောအဖြေများကို အုပ်စုတစ်စုချင်းစီမှ တစ်ယောက်ကိုသာ ပြောခိုင်းစေပါမည်။ ကျောင်းသားများ၏ ဖြေကြားချက်များကို လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပေးရပါမည်။ ဆရာက ကျောင်းသားများကို လုပ်ငန်း(၃) ဇယားကို ဖတ်ပြရပါမည်။

**နမူနာအဖြေ**

| အပင်အမည်များ / အပင်၏ သွင်ပြင်လက္ခဏာများ | သခွားပင် | မြက်ပင် | ကြက်ဟင်းခါးပင် | မြင်းခွာပင် |
|---|---|---|---|---|
| (၁) ပင်စည်က ပျော့ပျောင်းပြီး မထောင်မတ်နိုင်ပါ။ | ✔ | ✔ | ✔ | ✔ |
| (၂) တခြားအပင်ပေါ်၊ ဝါးတိုင်ပေါ်၊ နံရံပေါ်တွယ်တက်တယ်။ | ✔ | ✘ | ✔ | ✘ |
| (၃) မြေကြီးနဲ့ကပ်ပြီး တွားသွားလေ့ရှိတယ်။ | ✘ | ✔ | ✘ | ✔ |
| (၄) အကိုင်းအခက်တွေက သေးသွယ်တယ်။ | ✔ | ✔ | ✔ | ✔ |

သခွားပင်နှင့် ကြက်ဟင်းခါးပင်သည် နွယ်ပင်အုပ်စုတွင်ပါဝင်ပြီး မြက်ပင်နှင့် မြင်းခွာပင်သည် မြေလျှောက်ပင်အုပ်စုတွင် ပါဝင်ကြောင်း ဆရာက ရှင်းပြရပါမည်။

DRE Box – Copyright Protected

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၄)**

လုပ်ငန်း(၄)ပါပုံများနှင့် စာများကို ကျောင်းသားများအား ဆရာက ဖတ်ပြ ရှင်းပြရပါမည်။ ဆရာက ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပေးရပါမည်။ ထိုအုပ်စုများကို အုပ်စုလုပ်ငန်းပေးရာတွင် သစ္စာပန်းရွက်၊ မာလကာရွက်၊ ဘူးရွက်၊ သရက်ရွက်တို့တွင် အမွေးများ ရှိ၊ မရှိနှင့် ရွက်ကြောများသည် ပြိုင်နေသလား ပိုက်ကွန်ပုံရှိသလားဆိုသည်ကို ကျောင်းသားများအား ပြောဆိုစေရပါမည်။ အရွက်တွင် အနားတွန့်ခြင်း ရှိ၊ မရှိကိုလည်း ကျောင်းသားများကို ဆရာက မေးမြန်းရပါမည်။ ရရှိသော ပြောဆိုချက် အဖြေများကို အုပ်စုတစ်အုပ်စုချင်းစီမှ ကျောင်းသားတစ်ဦးစီက ပြောပြရပါမည်။ ပြီးနောက် ကျောင်းသားများ၏ ပြောဆိုချက်များကို ဆရာက ဖြည့်စွက်ပေးရပါမည်။

**လုပ်ငန်း(၅)**

လုပ်ငန်း(၅)ကို လုပ်ဆောင်ရာတွင် ကြံရွက်များကို ဆရာကယူလာ၍ ကျောင်းသားများအား အရွက်၏ အထူအပါးကို ကိုင်ကြည့်ခိုင်းပါ။ ကြံရွက်၏ ချောမွတ်မှု၊ ကြမ်းတမ်းမှုကို ကျောင်းသားများ ကိုယ်တိုင်သိရှိပြီး ပြောပြခိုင်းပါ။ ကြံရွက်သည် ပါး၍ ကြမ်းတမ်းမှုရှိကြောင်းကို ဆရာက ရှင်းပြရပါမည်။ ကြံရွက် မရရှိနိုင်ပါက အထူအပါးနှင့် ကြမ်းတမ်း ချောမွတ်မှု မတူညီကွဲပြားသော အခြားအရွက်များကို အစားထိုး အသုံးပြုနိုင်ပါသည်။ မိမိကျောင်းပတ်ဝန်းကျင်တွင် တွေ့ရသော အရွက်(၂)ရွက်စီကို စားပွဲအလယ်တွင် ဆရာက ချပေးပါ။ ကျောင်းသားများကိုယ်တိုင် အရွက်ကို ကိုင်ကြည့်ပြီး အရွက်၏ အထူအပါးနှင့် အရွက်၏ ချောမွတ်မှု၊ ကြမ်းတမ်းမှုတို့ကို လေ့လာခိုင်းပါမည်။ အုပ်စုတစ်စုချင်းစီမှ ကျောင်းသားများ၏ တွေ့ရှိချက်များကို ဆရာက မေးမြန်းရပါမည်။ ပြီးနောက် ဆရာက ကျောင်းသားများအား အရွက် အမည်၊ အထူအပါးနှင့် ချောမွတ်မှု၊ ကြမ်းတမ်းမှု တို့ကို ဇယားတွင်ဖြည့်ခိုင်းပါမည်။ ကျောင်းသား များ၏ လိုအပ်ချက်များရှိပါက ဆရာက ဖြည့်စွက်ပေးရပါမည်။

အခန်း(၃) အပင်များကို နှိုင်းယှဉ်ခြင်း

လုပ်ငန်း(၄) မေးခွန်းတွေဖြေဖို့ အရွက်တွေလေ့လာကြမယ်။

| စဉ် | အရွက် | အမွေး (ရှိ၊မရှိ) | ရွက်ကြော (ပြိုင်၊ပိုက်ကွန်) | အရွက်အနားတွန့်ခြင်း (ရှိ၊မရှိ) |
|---|---|---|---|---|
| ၁။ |   | | | |
| ၂။ |   | | | |
| ၃။ |   | | | |
| ၄။ |   | | | |

လုပ်ငန်း(၅) နှစ်သက်ရာ အရွက်နှစ်မျိုးကို ကိုင်ကြည့်ပြီး အရွက်ရဲ့ အထူ၊ အပါး၊ ချောမွတ်မှု၊ ကြမ်းတမ်းမှုကို အမှန်(✔) ခြစ်ကြရအောင်။

နမူနာ




| စဉ် | ကြံရွက် | |
|---|---|---|
| ၁။ | အထူ | |
| ၂။ | အပါး | ✔ |
| ၃။ | ချောမွတ်မှု | |
| ၄။ | ကြမ်းတမ်းမှု | ✔ |

| စဉ် | အရွက်အမည် | အထူ | အပါး | ချောမွတ်မှု | ကြမ်းတမ်းမှု |
|---|---|---|---|---|---|
| ၁။ | | | | | |
| ၂။ | | | | | |

၂၈

### သတိပြုရမည့်အချက်များ(၅)

* ✳ လုပ်ငန်း(၄)ကို လုပ်ဆောင်ရာတွင် သစ္စာပန်းရွက်၊ မာလကာရွက်၊ ဘူးရွက်၊ သရက်ရွက်တို့ကို လက်တွေ့ပြသနိုင်ပါက သင်ကြားသင်ယူမှုကို ပိုမိုထိရောက်နိုင်ပါသည်။ နမူနာအရွက်များမရရှိခဲ့လျှင်လည်း ကျောင်းသုံးစာအုပ်ပါ ပုံများကို ပြသနိုင်ပါသည်။
* ✳ လုပ်ငန်း(၄) ပြုလုပ်ရာတွင် အရွက်တွင် အမွေးရှိ၊ မရှိနှင့် ရွက်ကြောများသည် ပြိုင်နေသလား ပိုက်ကွန်ပုံရှိသလားဆိုတာကို ကျောင်းသားများကို သေသေချာချာ လေ့လာစေပါမည်။ အရွက်တွင် အနားတွန့် ရှိ၊ မရှိကိုလည်း လေ့လာခိုင်းပါမည်။
* ✳ ရွက်ကြောပုံစံသည် (၂)မျိုးရှိသော်လည်း ထူးကဲသော ရွက်ကြောပုံစံများလည်း ရှိသည်။
* ✳ အချို့ အမွေးပါသော အရွက်များသည် ယားယံတတ်ကြောင်း ကျောင်းသားများ သိအောင် ပြောပြထားရပါမည်။
* ✳ လုပ်ငန်း(၅) လုပ်ဆောင်ရာတွင် ဆရာက ကျောင်းသားများအား အရွက်များကို သေသေချာချာ ကိုင်ကြည့်ခိုင်းရပါမည်။
* ✳ အရွက်၏ အထူအပါးနှင့် ချောမွတ်မှု၊ ကြမ်းတမ်းမှုတို့ကို ကျောင်းသားများ ကိုယ်တိုင် လေ့လာခိုင်းရပါမည်။

DBE Box – Copyright Protected



## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ








အပင်အားလုံးလိုလို ဆေးဖက်ဝင်ပါတယ်။




အရွက်တွေဟာ တစ်ရွက်တည်းရှိတဲ့ အရွက်ရှိသလို အရွက်ငယ်အများကြီးစုနေတဲ့ အရွက်တွေလဲရှိတယ်။

အပင်တွေအစာချက်လုပ်ဖို့အတွက် အရွက်တွေက လုပ်ဆောင်ပေးတယ်။



## သတိပြုရမည့်အချက်များ(၆)

* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** အပိုင်းမှ အသိသညာများကို စစ်ဆေးခြင်းတွင် ထည့်သွင်းမေးမြန်းခြင်း ပြုလုပ်ရမည် မဟုတ်ပါ။
* သစ်ပင်များသည် ရာသီဥတုကို ထိန်းသိမ်းပေးခြင်း၊ စားဝတ်နေရေး ဖြည့်ဆည်းပေးခြင်း စသည်ဖြင့် လူသားများနှင့် ပတ်ဝန်းကျင်အတွက် ကောင်းကျိုး ရရှိနိုင်သည်ကို ဆရာက ကျောင်းသားများအား ဗဟုသုတပေးသင့်ပါသည်။

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းတွင် ဆရာများအနေဖြင့် ကျောင်းသားများအား ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံချဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်၊ နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**တွင် တွေ့မြင်ရသည့် ပုံနှင့်စာများကို ဆရာက ဖတ်ပြရပါမည်။ သနပ်ခါးပင်ရဲ့ ပင်စည်က အသုံးဝင်တယ်။ သနပ်ခါးကို လိမ်းလို့လည်းရတယ်။ သနပ်ခါးအရည်ကျဲလေးလိမ်းရင် ယားယံခြင်းကို သက်သာစေတယ်လို့ ဆရာက ကျောင်းသားများအား ပြောပြရပါမည်။ အပင်အားလုံးလိုလိုသည် ဆေးဖက်ဝင်အပင်များဖြစ်ကြောင်း ဆရာက ရှင်းပြရပါမည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** တွင် တွေ့မြင်ရသည့် အရွက်များဖြစ်သော ပိန်းရွက်သည် အရွက် တစ်ရွက်ချင်းတွေ့ရသည်။ တမာရွက်သည် အရွက်ငယ်နှစ်ရွက်ချင်းစီ ရိုးတံမှဆုံ၍ထွက်သည်။ ပဲရွက်သည် အရွက် (၃)ရွက်စီ စုနေကြောင်းနှင့် ဒန့်သလွန်ရွက်တွင် အရွက်ငယ် အများကြီး စုနေကြောင်း ဆရာက ရှင်းပြရပါမည်။ အပင်တွေအစာချက်လုပ်ဖို့အတွက် အရွက်တွေက လုပ်ဆောင်ပေးကြောင်းကို ဆရာက ရှင်းပြပေးရပါမည်။

DPEBox — Copyright Protected

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။

"ဒီသင်ခန်းစာက လုပ်ငန်းတွေလုပ်ပြီးသွားပြီ ဘာတွေသိခဲ့သလဲ ပြောပြပါဦး" မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး သင်ပုန်းမှတ်ချက်ရေးခြင်းကို ဆရာက ပြုလုပ်ရမည်ဖြစ်သည်။

ကျောင်းသားများ၏ ပြောပြမှုကို နားထောင်ပြီးမှသာ ၎င်းစာမျက်နှာကို ကျောင်းသားတို့အား ကိုယ်တိုင်ဖတ်ရှုကြည့်စေပြီးမှ ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ထိုအပိုင်းတွင် ဆရာက သင်ခန်းစာပါ အကြောင်းအရာများကို ကိုယ်တိုင် အနှစ်ချုပ်ဆိုရမည်ဖြစ်သည်။





**သိသွားပြီနော်**



သစ်ပင်ရဲ့ ပင်စည်က ကြီးတယ် မြင့်တယ် တုတ်ခိုင်တယ် ချုံပင်က သစ်ပင်လောက် မကြီးပါဘူး နွယ်ပင် မြေလျှောက်ပင်တွေရဲ့ ပင်စည်တွေကတော့ ပျော့ပြီး သေးသွယ်တယ်

တချို့မှာ ဆူးတွေရှိသလို တချို့မှာ အမွေးတွေရှိတယ် အရွက်တွေမှာ ပုံသဏ္ဍာန်နဲ့ အနားတွေလဲ မတူကြဘူး



အရွက်မှာ ရွက်ကြောလေးတွေရှိတယ် ပုံသဏ္ဍာန်က တစ်ခုနဲ့တစ်ခု ပြိုင်နေတယ် တချို့ ရွက်ကြောလေးတွေက ပိုက်ကွန်နဲ့တူတယ်



**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**






### သတိပြုရမည့်အချက်များ(၇)

- * **သိသွားပြီနော်** အပိုင်းကို ဆောင်ရွက်ရာတွင် ကျောင်းသားများကိုယ်တိုင် သိသွားသည်များကို ပြောပြပြီးသည်အထိ စောင့်ဆိုင်းပြီး မေးမြန်းခြင်း၊ နားထောင်ခြင်း ပြုလုပ်ပေးရမည် ဖြစ်ပါသည်။
- * အချို့အရွက်များသည် အဆိပ်အတောက် ဖြစ်စေနိုင်ကြောင်း ကျောင်းသားများအား သတိပေး ပြောပြထားရပါမည်။ (ဥပမာ နွယ်သာကီရွက်)
- * ဆရာက အရွက်များကို လက်တွေ့ကိုင်တွယ်ရာတွင် ပေါက်ဖတ်၊ ခူယားကောင်၊ ခရု စသည်များ မပါရှိစေရန် သေချာစွာစစ်ဆေး ပြင်ဆင်ထားရပါမည်။
- * ကျောင်းသားများကို အရွက်များခူးခိုင်းခြင်း မပြုလုပ်ရပါ။



DBE Box – Copyright Protected

# အခန်း ၃(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်



**လေ့ကျင့်ခန်း**

၁။ အပင်အမျိုးအစား ခွဲကြည့်ကြရအောင်။

ညောင်ပင် ________________

နှင်းဆီပင် ________________

ရွှေဖရုံပင် ________________

ကွမ်းရွက်ပင် ________________

ပိန္နဲပင် ________________

၂။ ယှဉ်တွဲကြရအောင်။

(က) ပဲပင် (၁) ပင်စည်တစ်ခုတည်းရှိတယ်၊ ပင်စည်တုတ်တယ်။

(ခ) စံပယ်ပင် (၂) ပင်စည်ပျော့တယ်၊ မြေကြီးတွင် တွားသွားတယ်။

(ဂ) ဆီးပင် (၃) ပင်စည်ပျော့တယ်၊ နွယ်တက်တယ်။

(ဃ) ဖရဲပင် (၄) မြေကြီးနားမှကပ်ပြီး အကိုင်းအခက်များစွာထွက်တယ်။

၃။ ပေးထားတဲ့ အချက်တွေ မှန်လျှင်(✔)၊ မှားလျှင်(✘) ခြစ်ကြရအောင်။

(က) အရွက်အားလုံး စိမ်းတယ်။ ( )

(ခ) အရွက်တွေမှာ ပုံသဏ္ဌာန်အမျိုးမျိုးရှိတယ်။ ( )

(ဂ) အရွက်အားလုံး ချောမွတ်တဲ့ မျက်နှာပြင်ရှိတယ်။ ( )

(ဃ) ဖရုံရွက်မှာ အမွေးငယ်လေးတွေရှိတယ်။ ( )

(င) ရွက်ကြောလေးတွေ ပြိုင်နေတဲ့ အရွက်တွေဟာ ကြီးမားတယ်။ ( )

(စ) အရွက်အားလုံး အရွယ်အစား တူကြတယ်။ ( )

(ဆ) အရွက်တွေဟာ အထူ အပါး မတူကြဘူး။ ( )

၄။ ရွက်လှရွက်ကို လေ့လာပြီး တွေ့တာတွေပြောပြပါ။





**သတိပြုရမည့်အချက်များ(စ)**

* လေ့ကျင့်ခန်းသည် ကျောင်းသားများ ရေးဖြေပြုလုပ်ရမည် ဖြစ်သောကြောင့် တစ်ဦးချင်းလုပ်ငန်းဖြစ်သည်။
* အဖြေသည် မျိုးစုံဖြစ်နိုင်သောကြောင့် ကျောင်းသားများ၏ အဖြေများကို လက်ခံပေးရမည် ဖြစ်ပါသည်။
* ဆရာက သင်ပုန်းပေါ်တွင် အဖြေမှန်ကို စာလုံးပေါင်းသတ်ပုံမှန်ကန်စွာ၊ ပီသစွာ၊ တစ်တန်းလုံး မြင်နိုင်သော အရွယ်အစားဖြင့်ရေးပြီး သိစေရပါမည်။
* ငှက်ပျောပင်၊ ပိန်းပင်၊ မြက်ပင် စသောအပင်များသည် ပင်စည်ပျော့များတွင် ပါဝင်ပါသည်။
* ရွက်လှအပင်အမျိုးအစားပေါ်မူတည်၍ အရွယ်အစား၊ အထူအပါး၊ အရောင်နှင့် ရွက်ကြောများ ကွဲပြားကြောင်း ဆရာများ သိထားရပါမည်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ် လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ ညောင်ပင် - သစ်ပင်အုပ်စု

နှင်းဆီပင် - ချုံပင်

ရွှေဖရုံပင် - မြေလျှောက်ပင်

ကွမ်းရွက်ပင် - နွယ်ပင်

ပိန္နဲပင် - သစ်ပင်အုပ်စု

၂။ (က) ပဲပင် (၃)

(ခ) စံပယ်ပင် (၄)

(ဂ) ဆီးပင် (၁)

(ဃ) ဖရဲပင် (၂)

၃။ (က) ✘

(ခ) ✔

(ဂ) ✘

(ဃ) ✔

(င) ✘

(စ) ✘

(ဆ) ✔

၄။ အရွက်မှာ ရွက်ကြောလေးတွေရှိတယ်။

အနီရောင် ဖြစ်နေတယ်။

(နမူနာအဖြေသာ ဖြစ်ပါသည်။)

DRE Box – Copyright Protected

**စာသင်ချိန် စုစုပေါင်း(၄)ချိန်**

### အခန်း ၃(၂)။ သင်ယူမှုဦးတည်ချက်

အပင်များအကြား ကွဲပြားခြားနားမှုများကို အပွင့်များနှင့် အသီးများအပေါ် အခြေခံပြီး ပြောပြတတ်ရန်။

### အခန်း ၃(၂)။ အသေးစိတ်ဦးတည်ချက်များ

(၁) နှင်းဆီပွင့်နှင့် စံပယ်ပွင့်တို့၏ အရွယ်အစားနှင့် အရောင်မတူညီမှုကို နှိုင်းယှဉ်ပြောပြတတ်ရန်။

(၂) ပေးထားသော အပင်၏ အရွက်နှင့် အပွင့်များကိုကြည့်ပြီး ၎င်းအပင်တွင် သီးသော အသီး၏ အမည်ကို ပြောပြတတ်ရန်။

(၃) ဒေသထွက် အသီး(၃)မျိုး၏ အမည်နှင့် အသီးထဲတွင် အစေ့အနည်း အများရှိကြောင်းကို ကျောင်းသားများကိုယ်တိုင် လေ့လာစူးစမ်း၍ နှိုင်းယှဉ်ပြောပြတတ်ရန်။

(၄) အပင်၏ အစိတ်အပိုင်းများဖြစ်သော အသီး၊ အရွက်၊ ပင်စည်၊ အမြစ်၊ အပွင့်တို့သည် မည်သည့် အပင်မှရရှိကြောင်း နှိုင်းယှဉ်ပြောပြတတ်ရန်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ ပုံများကို သေသေချာချာ ကြည့်ရှုခိုင်းပြီး ၎င်းအပိုင်းတွင်ပါရှိသော မေးခွန်းနှင့် စကားပြောများကို ဆရာက ဖတ်ပြပါမည်။

ပြီးနောက် ဆရာက အပွင့်နှင့် အသီးတွေရဲ့ မတူညီမှုတွေက ဘာတွေလဲဟုမေး၍ ကျောင်းသားများ စိတ်ဝင်စားမှုရအောင် သင်ခန်းစာကို စတင်စေပါမည်။ ကျောင်းသားများ၏ ဖြေဆိုချက်များကို ဆရာက သင်ပုန်းမှတ်ချက် ရေးရပါမည်။ ကျောင်းသားများ ဆက်လက်သင်ယူရန် အဆင်သင့်ဖြစ်မှုနှင့် စိတ်အားထက်သန်မှုဖြစ်စေရန် ဆရာက ကူညီဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါသည်။

အခန်း(၃) အပင်များကို နှိုင်းယှဉ်ခြင်း

## ၃ အပင်များကို နှိုင်းယှဉ်ခြင်း
## (၂) အပွင့်များနှင့် အသီးများ



**မေးခွန်းကို ဖြေကြည့်ရအောင်**
အပွင့်နဲ့ အသီးတွေရဲ့ မတူညီမှုတွေက ဘာတွေလဲ။





ဒန့်သလွန်ပင်မှာ အသီးတွေ တွေ့တယ်နော်

ဒန့်သလွန်ပင်မှာ အပွင့်တွေလဲ တွေ့ရတယ်



၃၂

### သတိပြုရမည့်အချက်များ(၁)

* ဆရာက အုပ်စုလုပ်ငန်းများကို စတင်မလုပ်ဆောင်ခင် ကျောင်းသားကို အပွင့်၊ အသီးနှင့် ပတ်သက်၍ တိကျသော ညွှန်ကြားချက်ပေးရမည် ဖြစ်ပါသည်။
* ဆရာက သင်ခန်းစာသင်ကြားရာတွင် အပွင့်နှင့် အသီးများကို ကြိုတင်ပြင်ဆင်ထားရပါမည်။
* အပွင့်နှင့် အသီးသင်ခန်းစာကို သင်ကြားရာတွင် ကျောင်းသားများ မြင်သာအောင် အပွင့်အသီးပုံများကို Vinyl ကားချပ်ဖြင့် ဆရာက ပြသနိုင်လျှင် သင်ကြားသင်ယူမှုကို ပိုမိုထိရောက်နိုင်ပါမည်။
* ကျောင်းသုံးစာအုပ်ပါ အပင်နှင့်ပတ်သက်သော အကြောင်းအရာများကို ဆရာများအနေဖြင့် သိထားသင့်ပါသည်။

DRF Box – Copyright Protected

# အခန်း ၃(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်





### ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) နှင်းဆီပွင့်နဲ့ စံပယ်ပွင့်ကို လေ့လာပြီး အရွယ်အစားနဲ့ အရောင်၊ မတူတာကို ပြောကြမယ်။

 

လုပ်ငန်း(၂) ပေးထားတဲ့အပင်ရဲ့ အရွက်နဲ့ အပွင့်တွေကိုကြည့်ပြီး အဲဒီအပင်က ဘာအသီး သီးသလဲ ပြောပါ။

 







အဖြေကို ဒီသင်ခန်းစာရဲ့ တစ်နေရာမှာ ရှာကြည့်ပါ။ အဖြေရှိတယ်။



### သတိပြုရမည့်အချက်များ(၂)

* လုပ်ငန်း(၁)ကို စတင်လုပ်ဆောင်ရာတွင် ဆရာက နှင်းဆီပွင့်နှင့် စံပယ်ပွင့်ကို ပြသနိုင်လျှင် ပိုမိုကောင်းမွန်ပါမည်။ နမူနာပန်းပွင့်များ မရရှိခဲ့လျှင်လည်း ကျောင်းသုံးစာအုပ်ပါပုံများနှင့် သင်ကြား နိုင်ပါသည်။
* လုပ်ငန်း(၁)ကို လုပ်ဆောင်ရာတွင် နှင်းဆီပွင့်နှင့် စံပယ်ပွင့်တို့၏ အရွယ်အစား နှင့်အရောင် မတူညီမှုကို ပြောပြခိုင်းရပါမည်။ ဆရာက ကျောင်းသားများကို တိကျသော လမ်းညွှန်မှုပေးရပါမည်။
* နှင်းဆီပွင့်ရဲ့အရောင်က အရောင်မျိုးစုံရှိနိုင်ကြောင်းကို ကျောင်းသားများ သိအောင် ဆရာက ပြောပြရပါမည်။
* ပန်းပွင့်များကို ပါးစပ်ထဲ မထည့်ရန်နှင့် ဓာတ်မတည့်မှုများရှိကြောင်း ဆရာက အထူးဂရုပြု မှာကြားရပါမည်။
* လုပ်ငန်း(၂)သည် ကျောင်းသားများ စူးစမ်းလေ့လာမှုပြုတတ်သော အလေ့အကျင့်နှင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များ ရရှိစေရန် ဖြစ်ပါသည်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၁)**

လုပ်ငန်း(၁)ကို စတင်လုပ်ဆောင်ရာတွင် ဆရာက ကျောင်းသားများကို နှင်းဆီပွင့်နှင့် စံပယ်ပွင့်ကို သေသေချာချာ ကြည့်ခိုင်းပါမည်။ ပြီးနောက် ဆရာက နှင်းဆီပွင့်နှင့် စံပယ်ပွင့်၏ အရွယ်အစားနှင့် အရောင်ကိုလေ့လာထားကြရန် ပထမဆုံး မှာကြားရပါမည်။ ပြီးနောက် ဆရာက နှင်းဆီပွင့်နှင့် စံပယ်ပွင့် အရွယ်အစား၊ အရောင် မတူတာတွေကို နှစ်ယောက်တစ်တွဲ အချင်းချင်း ဆွေးနွေးခိုင်းပါမည်။ ပြီးနောက် ဆရာက ကျောင်းသားများ အားလုံးထဲမှ ကျောင်းသား(၅)ဦး သို့မဟုတ် (၆)ဦးကို ရရှိသောမတူညီချက်များကို ပြောပြခိုင်းပါမည်။ ကျောင်းသားများ၏ ပြောပြချက်များကို ဆရာက သင်ပုန်းမှတ်ချက် ရေးရပါမည်။ လုပ်ငန်း(၁)အပြီးတွင် နှင်းဆီပွင့်က အရွယ်ကြီးကြောင်း၊ စံပယ်ပွင့်က အရွယ်သေးကြောင်းနှင့် နှင်းဆီပွင့်၏ အရောင်က အနီရောင်နှင့် စံပယ်ပွင့်၏ အရောင်က အဖြူရောင် တွေ့ရကြောင်း နှိုင်းယှဉ် ပြော၍ ဆရာက နိဂုံးချုပ်ဆိုပါမည်။

**လုပ်ငန်း(၂)**

ဆရာက လုပ်ငန်း(၂)ပါ ပုံ(၂)ပုံကို ကျောင်းသားများအား သေသေချာချာ ကြည့်ခိုင်းပါမည်။ ပြီးနောက် အပင်အမည်၊ ၎င်းအပင်၏ အရွက်၊ အသီးတို့၏ အမည်များကို ပြောပြခိုင်းပါမည်။ ပထမပုံက သရက်ပင်၊ သရက်ပွင့်တွေ တွေ့ရပြီး သရက်သီး သီးပါသည်။ ဒုတိယပုံက အုန်းပင်၊ အုန်းပင်မှာ အပွင့်တွေ တွေ့ရကြောင်းနှင့် အုန်းသီး သီးကြောင်း ကျောင်းသားများကို ဆရာက ရှင်းပြရပါမည်။ ကျောင်းသားများ အချင်းချင်း တိုင်ပင်ထားသော အဖြေများကို မှန်၊ မမှန်သိရှိရန်အတွက် ကျောင်းသား (၄)ဦး သို့မဟုတ် (၅)ဦးကို မေးမြန်းစေပါမည်။

DBE Box – Copyright Protected

# အခန်း ၃(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် ဆရာက ကျောင်းသားများကို ကျောင်းသုံးစာအုပ်တွင် အသီးအမည်ကို ကျောင်းသားများကိုယ်တိုင် အဖြေကိုစဉ်းစား၍ ရေးခိုင်းပါမည်။ ပြီးမှသာ ကျောင်းသားများ၏ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ပေးရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၃)**

လုပ်ငန်း(၃)တွင် တွေ့ရသောပုံများကို ကျောင်းသားများသိရှိရန်အတွက် ဆရာက ပုံတွင်ပါသော သစ်သီးအမည်တွေကို ပြောပြပါ။ ဘာအသီးတွေ တွေ့သလဲ။ သင်္ဘောသီးမှာ အစေ့အများကြီးရှိသလား။ အစေ့တစ်စေ့တည်းရှိသလား။ ပန်းသီးမှာရော အစေ့ဘယ်နှခု တွေ့ရသလဲ။ သရက်သီးမှာရော အစေ့ဘယ်နှခု တွေ့ရသလဲ။ ထောပတ်သီးမှာရော အစေ့ဘယ်နှခု တွေ့ရသလဲ။ ဆရာက ပုံများကို သေသေချာချာ ကြည့်ခိုင်းပြီး တစ်ဦးချင်း မေးပါမည်။ ပြီးနောက် ဆရာက မိမိဒေသတွင် ထွက်သော သစ်သီး(၃)မျိုး၏ အမည်များကို မေးမြန်းပါမည်။ ပြီးနောက် ဆရာက မိမိယူလာသော အသီး(၃)မျိုးကို စားပွဲပေါ်တွင်တင်ထားပြီး ကျောင်းသားများကို အုပ်စုလိုက် လေ့လာခိုင်းပါမည်။ အသီးထဲတွင် တွေ့ရသော အစေ့အနည်းအများကို ဆရာက ကျောင်းသားများအား မေးပါမည်။



လုပ်ငန်း(၃) ဒေသထွက် အသီး(၃)မျိုးယူလာပြီး အသီးထဲမှာရှိတဲ့ အစေ့အနည်း၊ အများကို လက်တွေ့ လေ့လာကြရအောင်။

| စဉ် | အသီးအမည် | အစေ့ အနည်း၊ အများ |
|---|---|---|
| ၁။ | | |
| ၂။ | | |
| ၃။ | | |








### သတိပြုရမည့်အချက်များ(၃)

* လုပ်ငန်း(၃)ပြုလုပ်ရာတွင် ဆရာက မိမိဒေသထွက် အသီး(၃)မျိုးကို ကြိုတင်ယူဆောင်လာရပါမည်။
* အသီးများကို မခွဲမစိတ်ပဲ ကျောင်းသားများ၏ စားပွဲအလယ်တွင် ချပေးပါ။ ကျောင်းသားအားလုံးကို ကြည့်ခိုင်းပြီးမှသာ အသီးများကို ခွဲပါ။
* အသီးများကို ကြိုတင်ခွဲထားလျှင် အစေ့အနည်းအများကို ကျောင်းသားက မြင်နိုင်မည် မဟုတ်ပါ။
* မိမိတို့ဒေသတွင် လွယ်ကူစွာ ရရှိနိုင်သော အသီးများကို အသုံးပြု၍ ကျောင်းသားများ နားလည်အောင် ပြင်ဆင်ပြသ ပေးသင့်ပါသည်။
* အစေ့မှ အပင်ငယ်များ ပေါက်နိုင်ပါသည်။

DBE Box – Copyright Protected

အခန်း(၃) အပင်များကို နှိုင်းယှဉ်ခြင်း

လုပ်ငန်း(၄) သင်စားဖူးတဲ့ အပင်ရဲ့ အမည်တွေကို ဇယားမှာ ပြောကြရအောင်။

| စဉ် | အပင်အစိတ်အပိုင်း | အပင်အမည် |
|---|---|---|
| ၁။ | အသီး | |
| ၂။ | အရွက် | |
| ၃။ | ပင်စည် | |
| ၄။ | အမြစ် | |
| ၅။ | အပွင့် | |

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ပန်းပွင့်တစ်ပွင့်ရဲ့ အစိတ်အပိုင်းများ








**သတိပြုရမည့်အချက်များ(၄)**

* စားရ၍ရသော အပွင့်များမှာ ပေါက်ပန်းဖြူပွင့်၊ တရုတ်စံကားပွင့်၊ ဂေါ်ဖီပန်းပွင့်၊ မုန်ညင်းပွင့်၊ ကြောင်လျှာပွင့်၊ သခွတ်ပွင့်၊ လက်ပံပွင့်နှင့် မလွှပွင့်စသည်တို့ ဖြစ်ကြပါသည်။
* စားရ၍ရသော အမြစ်များမှာ ပဲမြစ်၊ ဂျုံးမြစ်နှင့် ထန်းမြစ်စသည်တို့ ဖြစ်ကြပါသည်။
* စားရ၍ရသော ပင်စည်များမှာ ကြံပင်၊ ကညွတ်ပင်နှင့် မျှစ်စသည်တို့ ဖြစ်ကြပါသည်။
* လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဆရာက ကျောင်းသားများကို တိတိကျကျ လမ်းညွှန်ချက် ပေးရပါမည်။
* မိမိစားဖူးသော အပင်၏ အစိတ်အပိုင်းများ အမည်ကို ကျောင်းသားများက ဖော်ပြရမည် ဖြစ်ပါသည်။
* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** အပိုင်းမှ အသိသညာများကို စစ်ဆေးခြင်းအပိုင်းတွင် ထည့်သွင်းမေးမြန်းခြင်း ပြုလုပ်ရမည် မဟုတ်ပါ။

## အခန်း ၃(၂)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**လုပ်ငန်း(၄)**

ဆရာက လုပ်ငန်း(၄)ကို မလုပ်ဆောင်ခင် ပထမတန်းတွင် သင်ခဲ့သည့် အပင်၏အစိတ်အပိုင်းများဖြစ်သော အရွက်၊ ပင်စည်၊ အမြစ်တို့အကြောင်းကို ပြန်လည်၍မေးမြန်းရပါမည်။ ဆရာက ကျောင်းသားများကို “ သင်္ဘောသီး စားဖူးသလား၊ စားဖူးတယ် ဆိုကြပါစို့၊ ဒါဆို သင်္ဘောသီးကို ဘယ်အပင်က ရပါသလဲ ” ဟုမေးပါမည်။ သင်္ဘောပင်မှ ရရှိကြောင်း ကျောင်းသားများဆီမှ အဖြေရအောင် ဆရာက ဦးဆောင်ရပါမည်။

ပြီးနောက် ဆရာက ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့၍ အုပ်စုလုပ်ငန်း လုပ်စေပါမည်။ စားဖူးသော အသီး၏အမည်နှင့် ထိုစားဖူးသော အသီးကို မည်သည့်အပင်က ရကြောင်း ကျောင်းသားများကို အုပ်စုဖွဲ့၍ ပြောပြစေပါမည်။ ကျောင်းသားများ လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပြောပြရပါမည်။ ထို့နောက် ကျောင်းသုံးစာအုပ်ပါဇယားကို ဖြည့်စွက်စေပါမည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ဤအပိုင်းတွင် ဆရာများအနေဖြင့် ကျောင်းသားများအား ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံချဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်၊ နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** တွင် တွေ့မြင်ရသည့် ပန်း၏ ပွင့်ချပ်၊ ပွင့်ဖတ်နှင့် အညှာတို့ကို ဆရာက ပြောပြရပါမည်။

DBE Box — Copyright Protected

## အခန်း ၃(၂)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။ “ ဒီသင်ခန်းစာက လုပ်ငန်းတွေ လုပ်ပြီးသွားပြီ၊ ဘာတွေသိခဲ့လဲ ပြောပြပါဦး ” မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး သင်ပုန်းမှတ်ချက်ရေးခြင်းကို ဆရာက ပြုလုပ်ရမည်ဖြစ်သည်။

ကျောင်းသားများ၏ ပြောပြမှုကို နားထောင်ပြီးမှသာ ၎င်းစာမျက်နှာကို ဆရာက ဖတ်ပြ၍ ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ထိုအပိုင်းတွင် ဆရာက သင်ခန်းစာပါ အကြောင်းအရာများကို ကိုယ်တိုင် အနှစ်ချုပ်ဆိုရမည်ဖြစ်သည်။

---

အခန်း(၃) အပင်များကို နှိုင်းယှဉ်ခြင်း



**သိသွားပြီနော်**



အပွင့်တွေက အရောင်စုံ အရွယ်စုံရှိတယ်



အသီးတွေရဲ့ ပုံစံ အရွယ်အစား အရောင်တွေ မတူဘူးနော်
အစေ့တစ်စေ့တည်းရှိတဲ့ အသီးလဲ ရှိတယ်
အစေ့များတာလဲ ရှိတယ်

လုပ်ငန်း(၂)ရဲ့ အဖြေ - အပွင့်ကနေ အသီးဖြစ်တယ်



**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**



အပွင့်တွေက အရောင်တွေ၊ အရွယ်အစားတွေ မတူကြဘူး။

အသီးတွေရဲ့ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အရောင်တွေ မတူကြဘူး။
အစေ့တစ်စေ့ရှိတဲ့ အသီးလဲရှိတယ်။
အစေ့တစ်စေ့ထက် ပိုတဲ့ အသီးတွေလဲရှိတယ်။

တချို့အပင်ရဲ့ အသီး၊ အပွင့်၊ အရွက်၊ ပင်စည်နဲ့ အမြစ်တွေက စားလို့ရတယ်။
တချို့အပင်ရဲ့ အစိတ်အပိုင်းတွေက စားလို့မရဘူး။

၃၆

---

### သတိပြုရမည့်အချက်များ(၅)

* **သိသွားပြီနော်** အပိုင်းကို ဆောင်ရွက်ရာတွင် ကျောင်းသားများကိုယ်တိုင် သိသွားသည်များကို ပြောပြပြီးသည်အထိ စောင့်ဆိုင်းပြီး မေးမြန်းခြင်း၊ နားထောင်ခြင်း ပြုလုပ်ပေးရမည်ဖြစ်ပါသည်။

DBE Box — Copyright Protected

**လေ့ကျင့်ခန်း**

၁။ အပင်ရဲ့ အစိတ်အပိုင်း (၅)မျိုး အမည်ကိုရေးပါ။

____________________

____________________

____________________

____________________

____________________

၂။ ကြိုက်နှစ်သက်ရာ အပွင့်(၂)မျိုးကို နှိုင်းယှဉ်ပြီး ပြောရအောင်။

၃။ စားဖူးတဲ့ အသီး(၂)မျိုးအကြောင်းကို နှိုင်းယှဉ်ပြီး ပြောကြရအောင်။

၄။ နှစ်သက်ရာ အပင်တစ်ပင်အကြောင်း ပြောကြရအောင်။ ဘာအစိတ်အပိုင်းတွေ တွေ့ရသလဲ။ အဲဒီအပိုင်းတွေအကြောင်း ပြောပြပါ။ ဘယ်အစိတ်အပိုင်းတွေက စားလို့ရသလဲ။



**သတိပြုရမည့်အချက်များ(ဗ)**

- လေ့ကျင့်ခန်းသည် ကျောင်းသားများ ရေးဖြေပြုလုပ်ရမည်ဖြစ်သောကြောင့် တစ်ဦးချင်းလုပ်ငန်းဖြစ်သည်။
- အဖြေသည် မျိုးစုံဖြစ်နိုင်သောကြောင့် ကျောင်းသားများ၏ အဖြေများကို လက်ခံပေးရမည်ဖြစ်ပါသည်။
- ဆရာက သင်ပုန်းပေါ်တွင် အဖြေမှန်ကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာ၊ ပီသစွာ၊ တစ်တန်းလုံး မြင်နိုင်သော အရွယ်အစားဖြင့် ရေးပြီးသိစေရပါမည်။

## အခန်း ၃(၂)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ အပင်ရဲ့ အစိတ်အပိုင်း(၅)မျိုးမှာ

အသီး

အရွက်

ပင်စည်

အမြစ်

အပွင့်တို့ ဖြစ်ပါသည်။

၂။ နှင်းဆီပွင့်နှင့် စံပယ်ပွင့်

နှင်းဆီပွင့်ရဲ့ အရောင်က အနီရောင်

စံပယ်ပွင့်ရဲ့ အရောင်က အဖြူရောင်

နှင်းဆီပွင့်ရဲ့ အရွယ်အစားက ကြီးတယ်။

စံပယ်ပွင့်ရဲ့ အရွယ်အစားက သေးတယ်။

၃။ ပန်းသီးနှင့် သင်္ဘောသီး

ပန်းသီးက အစေ့အများကြီးရှိတယ်၊

အရွယ်က သေးတယ်။

သင်္ဘောသီးက အစေ့အများကြီးရှိတယ်၊

အရွယ်က ကြီးတယ်။

၄။ သင်္ဘောပင်

ပင်စည်၊ အရွက်၊ အသီး၊ အမြစ်၊ အပွင့်

သင်္ဘောပင်က အရွက်ကို စားလို့ရတယ်၊

အသီးကိုလည်း စားလို့ရတယ်။

(အဖြေများသည် နမူနာဖြေပြခြင်းသာဖြစ်ပါသည်။)

DRE Box — Copyright Protected

## အခန်း ၄(၁)

**စာသင်ချိန် စုစုပေါင်း(၆)ချိန်**

**အခန်း ၄(၁)။ သင်ယူမှုဦးတည်ချက်**

တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အဖုံးအကာနှင့် ရွေ့လျားမှုတို့ကို လေ့လာနှိုင်းယှဉ်တတ်ရန်။

**အခန်း ၄(၁)။ အသေးစိတ်ဦးတည်ချက်များ**

(၁) ကြောင်၊ ဘဲနှင့် ကဏန်းတို့၏ ခန္ဓာကိုယ် အဖုံးအကာများကို ရွေးချယ်ပြတတ်ရန်။

(၂) ပုံရေးဆွဲခြင်းဖြင့် တိရစ္ဆာန်နှစ်ကောင်၏ အစိတ်အပိုင်းနှင့် အဖုံးအကာကို နှိုင်းယှဉ်ပြောပြတတ်ရန်။

(၃) တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အဖုံးအကာကို တူရာစု၍ ဖော်ပြတတ်ရန်။

(၄) တိရစ္ဆာန်များ၏ ရွေ့လျားမှုကို စူးစမ်းလေ့လာပြီး ရွေးချယ်ပြောပြတတ်ရန်။

(၅) ကဏန်းနှင့် ငှက်တို့၏ ခန္ဓာကိုယ်အဖုံးအကာနှင့် ရွေ့လျားမှုကို စူးစမ်းလေ့လာပြီး နှိုင်းယှဉ်ဖော်ပြတတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ပုံတွင်တွေ့မြင်ရသည်များ၊ မေးခွန်းနှင့် စကားပြောများကို ကြည့်ရှုခိုင်းပါ။

" တိရစ္ဆာန်တွေရဲ့ ခန္ဓာကိုယ်ကို ဘာတွေနဲ့ ဖုံးအုပ်ထားသလဲ၊ ဘယ်လိုသွားသလဲ " ဟူသော မေးခွန်းကို ဆရာက ပြန်၍ဖတ်ပြပါ။ ကျောင်းသားများ၏ အဖြေကို နားထောင်ပေးပါ။



**၄ တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း**
**(၁) ခန္ဓာကိုယ်အဖုံးအကာနှင့် ရွေ့လျားမှု**



**မေးခွန်းကို ဖြေကြည့်ရအောင်**
တိရစ္ဆာန်တွေက ခန္ဓာကိုယ်ကိုဘာတွေနဲ့ဖုံးအုပ်ထားသလဲ၊ ဘယ်လိုသွားသလဲ။















**သတိပြုရမည့်အချက်များ(၁)**

* အခန်း ၄(၁)သည် တိရစ္ဆာန်များ ခန္ဓာကိုယ်အဖုံးအကာနှင့် ရွေ့လျားမှုကို သိပ္ပံအသိသညာပေးရမည် ဖြစ်သည်။
* **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို နှိုးဆွပေးခြင်းဖြစ်သည်။ ကျောင်းသားများကြည့်ရှုချိန် အချိန်(၂)မိနစ်ခန့်ပေးပါ။
* လိပ်ပြာလေးတွေ ဘာလုပ်နေတာလဲဆိုသော မေးခွန်းကိုမေးပါ။ " မြွေရဲ့ခန္ဓာကိုယ်ကို ဘာနဲ့ဖုံးအုပ်ထားသလဲ" ဆိုသော မေးခွန်းကို မေးပါ။
* ကျောင်းသားများ၏ အဖြေသည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လက်ခံနားထောင်ပေးရမည်။
* ဒုတိယတန်းတွင် သိပ္ပံအသိသညာကိုပေးရာတွင် စူးစမ်းလေ့လာခြင်းနှင့် နှိုင်းယှဉ်လေ့လာခြင်း ကျွမ်းကျင်မှုများကို တစ်ပြိုင်နက်တည်း ပေးရမည်။

DRE Box – Copyright Protected

### အခန်း(၄) တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း



**ကြိုးစားပြီးရှာဖွေကြရအောင်**

လုပ်ငန်း(၁) ပုံထဲက တိရစ္ဆာန်များကိုကြည့်ပြီး ခန္ဓာကိုယ်မှာ ဘာနဲ့ ဖုံးအုပ်ထားသလဲ၊ အဖြေကိုရွေးပြီး အမှန်(✔)ခြစ်ပါ။



အကြေးခွံ ☐ အမွေးအတောင် ☐ အမွေး ☐



အခွံ ☐ အမွေးအတောင် ☐ အမွေး ☐



အကြေးခွံ ☐ အခွံ ☐ အရေပြား ☐

လုပ်ငန်း(၂) နှစ်သက်ရာ တိရစ္ဆာန်နှစ်ကောင်ရဲ့ပုံကို ရေးဆွဲပြီး ခန္ဓာကိုယ်အစိတ်အပိုင်းနဲ့ အဖုံးအကာကို နှိုင်းယှဉ်ပြီး ပြောကြည့်မယ်။

၃၉

**သတိပြုရမည့်အချက်များ(၂)**

- ✳ လုပ်ငန်း(၂)ကို ပြုလုပ်ရာတွင် ပထမတန်းတွင် သင်ကြားလေ့လာခဲ့သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပြန်လည်ထုတ်ဖော်ခြင်း စူးစမ်းလေ့လာခြင်းကို ကျောင်းသားများ ဦးစွာပြုလုပ်စေရပါမည်။
- ✳ ဒုတိယတန်းတွင် နှိုင်းယှဉ်လေ့လာခြင်းဆိုင်ရာ သိပ္ပံကျွမ်းကျင်မှုကို ပေးရမည်ဖြစ်ရာ လုပ်ငန်း(၂)၏ ဒုတိယပိုင်းတွင် ကျောင်းသားများ ရေးဆွဲထားသော ပုံ(၂)ပုံရှိ တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်အဖုံးအကာကို နှိုင်းယှဉ်ပြောပြရမည်ဖြစ်ပါသည်။
- ✳ နှိုင်းယှဉ်လေ့လာခြင်းဆိုသည်မှာ မည်သို့ပြုလုပ်ရမည်ဆိုသည်ကို ဆရာလမ်းညွှန် အပိုင်း(၁) သိပ္ပံဆိုင်ရာ သိရှိရန် အချက်များအပိုင်းတွင် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုပြီးမှ သင်ကြားပါ။

## အခန်း ၄(၁)

### စာသင်ချိန် စုစုပေါင်း(၆)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သွားကြရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၁)**

ကြောင်၊ ဘဲနဲ့ ကဏန်းပုံဘေးမှာ ခန္ဓာကိုယ်အဖုံးအကာ (၃)မျိုးထဲက အဖြေမှန်ကို ရွေးချယ်ခိုင်းပါ။ (တစ်ဦးချင်းလုပ်ငန်း)

ပြီးနောက် ကျောင်းသားတစ်ဦး၏ ရွေးချယ်ထားသော ခန္ဓာကိုယ်အဖုံးအကာအဖြေကို ဘေးမှ သူငယ်ချင်းသို့ ပြောစေပါမည်။ “ ကိုယ့်ဘေးက သူငယ်ချင်းနဲ့ကြည့်ပြီး အဖြေရွေးပြီးရင် အတူတူစစ်ကြည့်မယ်” (၂ ယောက်တွဲလုပ်ငန်း)

အဖြေမတူရင် ဆရာကို ပြောပါဟု ပြောထားရပါမည်။

အတန်းကို လှည့်လည်ကြည့်ရှုပြီး နောက်ဆုံး အဖြေမှန်ကို အတန်းသားအားလုံး သိစေရပါမည်။

**လုပ်ငန်း(၂)**

ကျောင်းသားတစ်ဦးချင်းစီ ကြိုက်နှစ်သက်ရာ တိရစ္ဆာန်ပုံ(၂)ပုံ ရေးဆွဲပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ခန္ဓာကိုယ်အဖုံးအကာများကို ပုံများကြည့်ပြီး ပြောပါဟု ဆရာက ပြောရပါမည်။ (တစ်ဦးချင်းလုပ်ငန်း)

ကျောင်းသားများ ရေးဆွဲနေစဉ် အတန်းတွင်းလိုက်လံလှည့်လည်ကြည့်ရှုနေရပါမည်။ လိုအပ်ပါက ပြုပြင်လမ်းညွှန်ရပါမည်။

ပြီးနောက် ကျောင်းသား(၃)ဦး ရေးဆွဲထားသော တိရစ္ဆာန်နှစ်ကောင်၏ ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် အဖုံးအကာများကို နှိုင်းယှဉ် ပြောပြစေရပါမည်။ ကျန်ရှိသော ကျောင်းသားများက နားထောင်စေရပါမည်။

ကျောင်းသားများ၏ ရေးဆွဲထားသည့် ပုံများကို အတန်းတွင်း သင့်လျော်ရာတွင် ကပ်ထားပြီး ကျောင်းသားများ အားလပ်ချိန်တွင် ကြည့်ရှုပါဟု မှာကြားရပါမည်။

DBE Box – Copyright Protected

# အခန်း ၄(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ဆရာက သင်ခန်းစာမစမီ ကျောင်းသားများကို သင့်လျော်သော ကျောင်းသားအရေအတွက်ပါသည့် အုပ်စုဖွဲ့ရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၃)**

ကျောင်းသားများအား လုပ်ငန်း(၃)ပါ စာနှင့် ပုံများကို ပထမဦးစွာ ဖတ်ခိုင်းရပါမည်။ ပြီးနောက် ဆရာက diagram ရှိ တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အဖုံးအကာ (၅)မျိုးကို ပြောပြရပါမည်။ ဆရာက ပုံထဲရှိ တိရစ္ဆာန်များ၏အမည်ကိုလည်း ကျောင်းသားများကို မေးမြန်းပြီးနောက် ပြောပြရပါမည်။

ဆရာက အုပ်စုလုပ်ငန်းပြုလုပ်ရန် လမ်းညွှန်ချက်များ ပေးရပါမည်။

(၁) တိရစ္ဆာန်များကို သေချာကြည့်ရှုပြီး ဘာနဲ့ ခန္ဓာကိုယ်ကို ဖုံးကာထားသလဲ၊ သူငယ်ချင်းများနဲ့အတူ စဉ်းစားပါ။

(၂) တိရစ္ဆာန်ခန္ဓာကိုယ်အဖုံးအကာ (၅)မျိုး နေရာတွင် အဖုံးအကာတူရာ တိရစ္ဆာန်လေး (၁၄)ကောင်၏ နံပါတ်များကို သူငယ်ချင်းများနဲ့ တိုင်ပင်ပြီး ထည့်ပါ။

(၃) အကုန်ဖြည့်ပြီးပါက လက်ထောင်ပါ။

(၄) အုပ်စုအားလုံးပြီးလျှင် တစ်အုပ်စုစီမှ တစ်ယောက်က ကိုယ်စားပြုပြီး အဖြေကို အတန်းသို့ ပြောကြားပါ။

ဆရာက လုပ်ငန်းလမ်းညွှန်ချက်များကို ကျောင်းသားများ သိ၊ မသိ ပြန်လည်စစ်ဆေးရမည် ဖြစ်ပါသည်။

ကျောင်းသားများ လုပ်ငန်းလမ်းညွှန်ချက်ကို သိရှိလျှင် အုပ်စုလုပ်ငန်း စတင်လုပ်ဆောင်ရမည် ဖြစ်ပါသည်။ (အုပ်စုလုပ်ငန်း)

ကျောင်းသားများ အုပ်စုလုပ်ငန်း ပြုလုပ်နေစဉ် ဆရာက လိုက်လံကြည့်ရှုနေရမည် ဖြစ်ပါသည်။ အုပ်စုလုပ်ငန်းပြီးဆုံးသောအခါ ဆရာက အဖြေမှန်ကို အတန်းသို့ ပြောကြားရမည် ဖြစ်ပါသည်။



လုပ်ငန်း(၃) တိရစ္ဆာန်များကို ခန္ဓာကိုယ်အဖုံးအကာ တူရာအုပ်စုမှာ နံပါတ်လေးတွေနဲ့ ထည့်ကြည့်ကြမယ်။









### သတိပြုရမည့်အချက်များ(၃)

* အုပ်စုလုပ်ငန်းပြုလုပ်ရာတွင် ကျောင်းသားများအား ငြီးငွေ့မှု၊ အာရုံစူးစိုက်ခြင်း လျော့နည်းစေမှုများနှင့် အချိန်ဖြုန်းတီးမှု မဖြစ်ပေါ်စေရန် အုပ်စုတစ်ခုမှ စတင်ပြီးတွေ့ရှိမှုကို အတန်းသို့ ဝေငှပြောဆိုပြီးနောက် အခြားသောအဖွဲ့များက ပထမအဖွဲ့နှင့် မတူသော တွေ့ရှိမှုကိုသာ တင်ပြစေရပါမည်။
* လုပ်ငန်းများ ပြုလုပ်ရာ၌ ပူးပေါင်းဆောင်ရွက်မှုတွင် မပါဝင်သော ကျောင်းသားများ ပါဝင်လာအောင် ဆရာက စောင့်ကြည့်တည့်မတ်ပေးရန် လိုအပ်ပါသည်။
* လုပ်ငန်း(၃)၏ အဖြေများ

| | | |
|---|---|---|
| အရေပြား | - | ၂၊ ၄၊ ၅ |
| အမွေးအတောင် | - | ၁၊ ၆၊ ၁၀၊ ၁၂ |
| အမွေး | - | ၃၊ ၇၊ ၁၁၊ ၁၄ |
| အကြေးခွံ | - | ၈ |
| အခွံ | - | ၉၊ ၁၃ |

* အခြားမှန်ကန်သော အဖြေများကိုလည်း လက်ခံပေးရပါမည်။

DBE Box – Copyright Protected

လုပ်ငန်း(၄) တိရစ္ဆာန်တွေ ဘယ်လိုသွားသလဲဆိုတာ ဖြေကြည့်ကြမယ်။

(က)





ဘယ်တိရစ္ဆာန်က လမ်းလျှောက်သလဲ။ ____________

(ခ)





ဘယ်တိရစ္ဆာန်က ပျံနိုင်သလဲ။ ____________

(ဂ)





ဘယ်တိရစ္ဆာန်က ရေကူးနိုင်သလဲ။ ____________

(ဃ)





ဘယ်တိရစ္ဆာန်က တွားသွားနိုင်သလဲ။ ____________

(င)





ဘယ်တိရစ္ဆာန်က ခုန်ဆွခုန်ဆွသွားသလဲ။ ____________



## သတိပြုရမည့်အချက်များ(၄)

* ကျောင်းသားများအား မေးခွန်းများကို ရှင်းလင်းခြင်း၊ လုပ်ငန်းမည်သို့ ပြုလုပ်ရန် ညွှန်ကြားခြင်းတို့ကို (၇)မိနစ်ထက် မကျော်လွန်စေရပါ။
* ကျောင်းသားများ ဆောင်ရွက်ချိန် (၁၀)မိနစ်ခန့် ပေးရမည် ဖြစ်ပါသည်။
* ကျောင်းသားများ ဖြေထားသည့် အဖြေများကို စစ်ဆေးရာတွင် အတန်း၏ ကျောင်းသားဦးရေပေါ် မူတည်၍ စစ်ဆေးနိုင်ပါသည်-
  - ကျောင်းသားဦးရေနည်းပါက တစ်ဦးချင်းကို စစ်ဆေးပေးပါ။
  - ကျောင်းသားဦးရေများပါက ကျောင်းသားအားလုံးသိစေရန် သင်ပုန်းမှတ်ချက်ရေးပြီး အဖြေရေးပြခြင်း၊ နှုတ်ဖြင့် ပြောပြခြင်းတို့ကို ပြုလုပ်ပါ။
* လုပ်ငန်း(၄)၏ အဖြေများ

  (က) ဆင် (ခ) ငှက် (ဂ) ငါး (ဃ) မြွေ (င) ဖား

# အခန်း ၄(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၄)**

လုပ်ငန်း(၄)တွင် ကျောင်းသားများသည် မေးထားသည့် ရွေ့လျားမှုပြုသည့် တိရစ္ဆာန်ကို ပေးထားသော တိရစ္ဆာန်(၃)ကောင်ထဲမှ ရွေးချယ်ပေးရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဦးစွာ မေးခွန်းများကို ဆရာက ဖတ်ပြရပါမည်။ မေးခွန်းတစ်ခု ဖတ်ပြီးတိုင်း ပေးထားသော တိရစ္ဆာန်(၃)ကောင်၏ အမည်များကို မေးမြန်းရပါမည်။ ကျောင်းသား၏ အဖြေတွင် လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပြောဆိုပေးရပါမည်။

မေးခွန်း(င)အထိ ပြီးဆုံးသောအခါ ဆရာက ကျောင်းသားတိုင်း မေးခွန်းကိုနားလည်ပြီး အဖြေရှာနိုင်ရန် ထပ်မံသေချာစွာ ရှင်းပြရပါမည်။

ရွေးချယ်ထားသော တိရစ္ဆာန်လေး၏ အမည်ကို အဖြေရေးရန်နေရာတွင် စာဖြင့်ရေးပြီး ဖော်ပြရမည်ဖြစ်ကြောင်း ညွှန်ကြားရပါမည်။ ညွှန်ကြားချက်ကို သိ၊ မသိ ပြန်လည်စစ်ဆေးရပါမည်။ (တစ်ဦးချင်းလုပ်ငန်း)

ကျောင်းသားများ ဖြေဆိုနေချိန်တွင် ဆရာက အတန်းသို့ လှည့်လည်ကြည့်ရှုရပါမည်။ ကျောင်းသားအားလုံး ပါဝင်လုပ်ဆောင်ရန် လှုံ့ဆော်ပေးရပါမည်။

လိုအပ်ချက်ရှိသော ကျောင်းသားများကို သဲလွန်စပေးခြင်းဖြင့် ကူညီပံ့ပိုးပေးရပါမည်။ ကျောင်းသားအားလုံး ဖြေဆိုပြီးလျှင် အဖြေမှန်ကို ဆရာက ပြောပြရပါမည်။

DBE Box — Copyright Protected

# အခန်း ၄(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ကျောင်းသားများကို ဖတ်ရှုလေ့လာရန် အချိန်(၅)မိနစ်ခန့် ပေးရပါမည်။

တွေ့မြင်ရသည့် မျောက်ကလေး၏

- ခန္ဓာကိုယ်ကို ဘာနဲ့ဖုံးအုပ်ထားတာ တွေ့သလဲ၊
- ဘယ်လိုရွေ့လျားလဲဟု ဆရာက မေးမြန်းရပါမည်။

ပြီးနောက်

- အမွေးများဖြင့် ဖုံးအုပ်ထားခြင်းသည် သူ့အတွက် ဘာလုပ်ပေးတာလဲ၊
- လမ်းလျှောက်ခြင်း၊ ပြေးခြင်းက ဘာကြောင့်လုပ်တာလဲဟု ဆရာက ဆက်လက်မေးမြန်းရပါမည်။

ကျောင်းသားများ ဖြေဆိုသည်ကို နားထောင်ပေးပြီးနောက် မျောက်၏ ခန္ဓာကိုယ်ကို ဖုံးအုပ်ထားသော အဖုံးအကာများသည်

- ခန္ဓာကိုယ်အတွင်းအင်္ဂါများကို ဖုံးအုပ်ပေးထားသည်၊
- အန္တရာယ်များက ကာကွယ်နိုင်သည်၊
- ခန္ဓာကိုယ်အပူချိန်ကို ထိန်းပေးနိုင်ပါသည်။

မျောက်ကလေးများ လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်းတို့သည်

- အစာစားရန်၊
- အန္တရာယ်က လွတ်မြောက်ရန်၊

အခြားတိရစ္ဆာန်များသည်လည်း ထို့အတူပင်ဖြစ်ကြောင်း ပြောကြားရပါမည်။

ပြီးနောက် ဖတ်ရှုကြည့်ရန် စာမျက်နှာပါ စာများကို ဆရာက ဖတ်ပြပြီး ကျောင်းသားများကို နားထောင်ခိုင်းရပါမည်။

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်မည်မျှထိ ရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။

အခန်း(၄) တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**



တိရစ္ဆာန်တွေရဲ့ ခန္ဓာကိုယ်အဖုံးအကာတွေဟာ ခန္ဓာကိုယ်အတွင်းအင်္ဂါတွေကို ဖုံးအုပ်ပေးတယ်၊ အန္တရာယ်တွေမှ ကာကွယ်နိုင်တယ်၊ ခန္ဓာကိုယ်အပူချိန်ကို ထိန်းပေးတယ်။

ရွေ့လျားမှုဟာ တိရစ္ဆာန်တွေအတွက် အလွန်အရေးကြီးပါတယ်။ တိရစ္ဆာန်တွေဟာ အစာရှာဖို့၊ အန္တရာယ်မှလွတ်မြောက်ဖို့အတွက် ရွေ့လျားကြတယ်။

**သိသွားပြီနော်**




၄၂

### သတိပြုရမည့်အချက်များ(၅)

- ✳ ဤအပိုင်းသည် အသက်အရွယ်နှင့် ကိုက်ညီသော အသိများဖြင့် လေ့လာသင်ယူစေပြီးနောက် ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံချဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက် အကူပြုရန်၊ နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။
- ✳ ကျောင်းသားများ ပြောဆိုခြင်းကို စိတ်ရှည်စွာ လက်ခံနားထောင်ပေးရပါမည်။
- ✳ ဆရာက စတင်ဦးဆောင်ပြောဆိုခြင်း မပြုလုပ်ရပါ။
- ✳ **သိသွားပြီနော်** အပိုင်းတွင် ဖော်ပြထားသည့် အသိသညာများကို ကျောင်းသားအများစု မဖြေနိုင်လျှင် မိမိ၏ သင်ကြားမှုနည်းလမ်းကို ပြန်လည်ဆန်းစစ်ပြုပြင်ပြောင်းလဲ သင်ကြားရမည် ဖြစ်ပါသည်။

DBE Box – Copyright Protected



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း



ခန္ဓာကိုယ်အဖုံးအကာ
- အရေပြား
- အမွေး
- အမွေးအတောင်
- အကြေးခွံ
- အခွံ

ရွေ့လျားပုံ
- လမ်းလျှောက်သည် ပြေးသည်
- ပျံသည်
- ခုန်ဆွခုန်ဆွ သွားသည်
- ရေကူးသည်
- တွားသွားသည်

**လေ့ကျင့်ခန်း**

၁။ ပေးထားသော ခန္ဓာကိုယ်အဖုံးအကာရှိတဲ့ တိရစ္ဆာန်အမည်(၂)ခုစီ ရေးကြည့်ကြစို့။

(က) အရေပြား ________________

(ခ) အမွေး ________________

(ဂ) အမွေးအတောင် ________________

(ဃ) အကြေးခွံ ________________

(င) အခွံ ________________

၂။ အောက်ပါတိရစ္ဆာန်တို့ရဲ့ ခန္ဓာကိုယ်အဖုံးအကာနဲ့ ရွေ့လျားမှုတွေကို နှိုင်းယှဉ်ပါ။

| ငါး | ကြောင် | ဖား |
|---|---|---|
| ________ | ________ | ________ |
| ________ | ________ | ________ |

၄၇

## သတိပြုရမည့်အချက်များ(၆)

* အနှစ်ချုပ်ဆိုရာတွင် ကျောင်းသုံးစာအုပ်ပါ word diagram ကို အသုံးပြုခြင်း သို့မဟုတ် သင်ပုန်းပေါ်တွင် ရေးဆွဲခြင်းတို့ကို သင်ထောက်ကူအဖြစ် အသုံးပြု သင်ကြားရန် ဖြစ်ပါသည်။

* ကျောင်းသုံးစာအုပ်တွင် မပါဝင်သော မည်သည့်တိရစ္ဆာန်၏ ခန္ဓာကိုယ်အဖုံး အကာနှင့် ရွေ့လျားမှုကိုမဆို ကျောင်းသားက မေးမြန်းလာပါက ဆရာက ဖြေဆိုပေးရမည် ဖြစ်ပါသည်။

* လေ့ကျင့်ခန်း(၁)အတွက် အဖြေသည် မျိုးစုံဖြစ်နိုင်သောကြောင့် ကျောင်းသား များ၏ မှန်ကန်သော မည်သည့်အဖြေများကိုမဆို လက်ခံပေးရမည်ဖြစ်ပါ သည်။

# အခန်း ၄(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

" သင်ခန်းစာ ၄(၁)မှာ လုပ်ငန်းများကိုလုပ်ပြီး သွားပြီ၊ ဘာတွေသိသွားကြပြီလဲ၊ ပြောပြပါဦး " မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး နောက်ဆုံးတွင် ဆရာက ပြန်လည် ပြောဆိုရမည် ဖြစ်သည်။

ကျောင်းသားများ၏ အဖြေတိုင်းကို မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံနားထောင်ပေး ရမည်ဖြစ်ပါသည်။

ကျောင်းသားများပြောပြမှုကို နားထောင်ပြီး နောက်မှသာ " **သိသွားပြီနော်** " စာမျက်နှာကို ကြည့်ရှုစေပြီး ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။

### အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

ဤအပိုင်းသည် **သိသွားပြီနော်** အပိုင်းတွင် ကျောင်းသားများ၏ ဖြေဆိုမှုကိုပြန်လည်၍ တည့်မတ်မှန်ကန်စွာ ပြောဆိုရခြင်းအပိုင်း ဖြစ်ပါသည်။

### လေ့ကျင့်ခန်းအတွက် အဖြေများ

၁။ (က) တီကောင်၊ နွား

(ခ) ခွေး၊ ကြောင်

(ဂ) စာကလေး၊ ဘဲ

(ဃ) ငါး၊ မိကျောင်း

(င) ခရု၊ လိပ်

(အခြားမှန်ကန်သော အဖြေများကိုလည်း ဖြေဆိုနိုင်ပါသည်။)

၂။

| ငါး | ကြောင် | ဖား |
|---|---|---|
| အကြေးခွံ | အမွေး | အရေပြား |
| ရေကူးသည် | လမ်းလျှောက်သည် ပြေးသည် | ခုန်ဆွ ခုန်ဆွ သွားသည် |

DDE Box — Copyright Protected

# အခန်း ၄(၂)

**စာသင်ချိန် စုစုပေါင်း(၆)ချိန်**

**အခန်း ၄(၂)။ သင်ယူမှုဦးတည်ချက်**

ငှက်များနှင့် အင်းဆက်များ၏ ခန္ဓာကိုယ် ပြင်ပ အစိတ်အပိုင်းများ၊ ခြေထောက်တို့ကို လေ့လာ နှိုင်းယှဉ်တတ်ရန်။

**အခန်း ၄(၂)။ အသေးစိတ်ဦးတည်ချက်များ**

(၁) ငှက်တစ်ကောင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပုံတွင် မှန်ကန်စွာ တွဲဖက်ဖြည့်စွက်တတ်ရန်။

(၂) ငှက်များ၏ ခြေထောက်ပုံများကို ကြည့်၍ လေ့လာနှိုင်းယှဉ်ပြီး ဖော်ပြတတ်ရန်။

(၃) ခြင်နှင့် လိပ်ပြာတစ်ကောင်၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ပုံတွင် စူးစမ်းလေ့လာ ဖော်ထုတ်ပြတတ်ရန်။

(၄) ပင့်ကူနှင့် ဝါပိုးနီကောင်တို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကို လေ့လာနှိုင်းယှဉ် ဖော်ပြတတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

ဆရာက ကျောင်းသားများအား သင်ခန်းစာ ၄(၂)တွင် ငှက်တစ်ကောင်၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ၊ ငှက်များ၏ခြေထောက်၊ နှုတ်သီးနှင့် အတောင်ပံကို နှိုင်းယှဉ်လေ့လာ သင်ယူနိုင်အောင် ပြုလုပ်ရမည် ဖြစ်ပါသည်။ အင်းဆက်တစ်ကောင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း စူးစမ်းလေ့လာရမည် ဖြစ်ပါသည်။

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ပထမဦးစွာ ပုံနှင့်စာများကို ကျောင်းသားတို့အား စူးစမ်းလေ့လာခွင့် ပေးရပါမည်။ ပြီးနောက် တွေ့မြင်ရသည်များကို မေးမြန်းပြီး ပြန်လည် ဖြေကြားမှုများကို နားထောင်ပေးရပါမည်။ မေးခွန်းနှင့် စကားပြောများကို ဆရာက ပိုမိုနားလည်အောင် ပြောပြပါ။



## ၄ တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း
## (၂) ငှက်များနှင့် အင်းဆက်များ



**မေးခွန်းကို ဖြေကြည့်ရအောင်**

ငှက်နဲ့ အင်းဆက်တွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေက ဘာတွေလဲ။














**သတိပြုရမည့်အချက်များ(၁)**

⁎ **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ သင်ယူမှုကို နှိုးဆွပေးသောအပိုင်း ဖြစ်ပါသည်။

⁎ ကျောင်းသားများအား ဒုတိယတန်းတွင် သိပ္ပံလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု နှိုင်းယှဉ်လေ့လာခြင်းကို လေ့ကျင့်ပေးရမည် ဖြစ်ပါသည်။

⁎ နှိုင်းယှဉ်လေ့လာမှုပြုရန်အတွက် ပထမဦးစွာ ပထမတန်းတွင် တစ်နှစ်တာလုံး လေ့ကျင့်ပေးခဲ့သော စူးစမ်းလေ့လာမှုကို ဦးစွာပြုလုပ်ရမည်ကို ဆရာများ အနေဖြင့် သတိချပ်ရပါမည်။

⁎ အင်းဆက်သင်ခန်းစာသည် ကျောင်းသားများအတွက် ပထမဆုံး သင်ကြားသင်ယူမှု သင်ခန်းစာဖြစ်ပါသည်။

DBE Box – Copyright Protected



## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပုံကိုကြည့်ပြီး ပေးထားတဲ့စာတန်းလေးတွေနဲ့ ငှက်တစ်ကောင်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို နံပါတ်မှန်ကန်အောင် ဖြည့်ကြည့်ရအောင်။

၁။ ဦးခေါင်း
၂။ လည်ပင်း
၃။ အတောင်ပံ
၄။ မျက်လုံး
၅။ နှုတ်သီး
၆။ ရင်အုပ်
၇။ အမြီး
၈။ ခြေထောက်
၉။ ခြေချောင်း



လုပ်ငန်း(၂) ပေးထားတဲ့ငှက်တွေရဲ့ ခြေထောက်တွေကိုကြည့်ပြီး မေးခွန်းတွေကိုဖြေကြမယ်။


သစ်တောက်ငှက်


ကြက်


ဇီးကွက်


သိမ်းငှက်


ဘဲ

(က) ငှက်တွေမှာ ခြေချောင်း ဘယ်နှချောင်း ရှိပါသလဲ။ ________
(ခ) ခြေချောင်းတွေက အရေပြားနဲ့ တွဲနေတဲ့ငှက်။ ________
(ဂ) သားကောင်(အစာ)ကို ချိနိုင်သော ခြေထောက်ရှိတဲ့ငှက်။ ________
(ဃ) ခြေချောင်းတွေက သစ်ပင်သစ်ကိုင်းတွေမှာ ကုပ်တွယ်နိုင်တဲ့ ငှက်များ။ ________

၅၅

## သတိပြုရမည့်အချက်များ(၂)

* ကျောင်းသားများ တစ်ဦးချင်းလုပ်ငန်း လုပ်နေစဉ် ဆရာက ကျောင်းသားအားလုံး ပါဝင်ရန်နှင့် အခက်အခဲရှိသူကို လမ်းညွှန်ကူညီပေးရန်တို့အတွက် လှည့်လည်ကြည့်ရှုနေရပါမည်။
* ငှက်အစိတ်အပိုင်းတစ်ကောင်ပြချင်လျှင် လွယ်ကူစွာရနိုင်ပါက ပြလိုလျှင် ပြနိုင်သည်၊ ပိုကောင်းပါသည်၊ ပြရမည်ဟု မဆိုလိုပါ။
* ကျောင်းသားများသည် ခြေထောက်နှင့် ခြေချောင်း ရှင်းလင်းစွာ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။
* ငှက်၏ ခန္ဓာကိုယ်အစိတ်အပိုင်း (၉)ခုကို ဆရာက သင်ပုန်းပေါ်တွင် ရေးသားပြီး စာလုံးပေါင်း၍ အသံထွက်ပြပါ။

# အခန်း ၄(၂)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သွားရမည်ဖြစ်ပါသည်။

**လုပ်ငန်း(၁)**

ဆရာက မေးခွန်းကို ပြန်လည်ရှင်းပြပေးပါ။ ဖြည့်စွက်ရမည့် စကားလုံးများနှင့် ဖြည့်စွက်ပုံနေရာကို ရှင်းပြပါ။ (တစ်ဦးချင်းလုပ်ငန်း)

ကျောင်းသုံးစာအုပ်မှ ရုပ်ပုံကို အသုံးပြုသင်ကြားနိုင်ပါသည်။ ထပ်မံ၍ သင်ထောက်ကူ ကားချပ်ဆွဲရန် မလိုအပ်ပါ။

အဖြေမှန်ကို ဆရာက ရှင်းပြ ပြောပြရပါမည်။ အဖြေ




**လုပ်ငန်း(၂)**

မေးခွန်းကို ဆရာကဖတ်ပြပြီး မည်သို့ပြုလုပ်ရမည်ကို ရှင်းပါ။

လုပ်ငန်းကို တစ်ဦးချင်း ပြုလုပ်ရမည်ဖြစ်ကြောင်းနှင့် ပြုလုပ်ပြီးလျှင် ဘေးမှသူငယ်ချင်းနှင့် အဖြေစစ်ဆေးကြည့်ရန် (နှစ်ယောက်တွဲလုပ်ငန်း) တို့ကို လမ်းညွှန်မှာကြားရမည် ဖြစ်ပါသည်။

ပြုလုပ်ရမည့်အချက်များကို ကျောင်းသားအားလုံး နားလည်မှု ရှိ၊ မရှိကို ပြန်စစ်ဆေးပါ။

အဖြေမှန်ကို ဆရာက ရှင်းပြ ပြောပြရပါမည်။ အဖြေ

(က) လေးချောင်း
(ခ) ဘဲ
(ဂ) သိမ်းငှက်
(ဃ) သစ်တောက်ငှက်၊ ဇီးကွက်

DPE Box – Copyright Protected

# အခန်း ၄(၂)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၃)**

ခြင်ပုံနှင့် လိပ်ပြာပုံကို အသုံးပြုပြီး သင်ကြားရမည် ဖြစ်ပါသည်။

ကျောင်းသားများကို တစ်ဦးချင်းလုပ်ငန်း ပြုလုပ်ခိုင်းပြီး၊ နှစ်ယောက်တွဲ အပြန်အလှန် ဖလှယ်ခြင်းဖြင့် အဖြေကို စစ်ဆေးကြရမည် ဖြစ်ပါသည်။

ပထမဦးစွာ ကျောင်းသားများအား မေးခွန်းနှင့်ပုံများကို လေ့လာခွင့်ပေးပါ။

ပြီးနောက် ဆရာက မေးခွန်းများ ဖတ်ပြပြီး ကျောင်းသားများ မည်သို့ပြုလုပ်ရမည်ကို နားလည်အောင် ရှင်းပြပါ။ လမ်းညွှန်ချက်အား သိရှိနားလည်မှု ရှိ ၊ မရှိကို ပြန်လည်စစ်ဆေးပါ။

(ဆရာက ပြောပြခြင်းထက် ကျောင်းသားများ ပြောပြခြင်းကို ဦးစားပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။)

နမူနာအဖြေများ

၁။ ခြေထောက်(၆)ချောင်း

၂။ ဦးခေါင်းရှိသည်။ (၂ယောက်တွဲမှ တစ်ယောက်ကို “ ဦးခေါင်းက ဘယ်မှာလဲ ” ဟုမေးပါ။ ထောက်ပြ၍ ရပါသည်။ ကျောင်းသားတိုင်းကို စစ်ဆေးရန်မလိုပါ။ စစ်ဆေးရန်လိုအပ်မည့်သူကိုသာ စစ်ဆေးပါ။)

၃။ ရင်အုပ်ပိုင်း၊ ဝမ်းဗိုက်ပိုင်းသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။

၄။ ခြေထောက်(၆)ချောင်းရှိသည်။ ခေါင်း၊ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းဟူ၍ ခန္ဓာကိုယ်အစိတ်အပိုင်း (၃)ခုတွေ့ရသည်ဟု ပြောပြနိုင်လျှင် ပြည့်စုံပါသည်။

**လုပ်ငန်း(၄)**

လုပ်ငန်း(၄)သည် အုပ်စုလုပ်ငန်းဖြစ်သည်။ အုပ်စုဖွဲ့ပြီးလျှင် လုပ်ငန်းပြုလုပ်ရမည့် ညွှန်ကြားချက်ကို တိကျစွာပေးပြီး သိရှိမှုကို ပြန်စစ်ဆေးပါ။

အဖြေ - ပင့်ကူ (ခြေ ၈ ချောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း ၂ ခု)
ဝါပိုးနီကောင် (ခြေ ၆ ချောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း ၃ ခု)



လုပ်ငန်း(၃) ခြင်နဲ့ လိပ်ပြာကို ပုံကြီးချဲ့ပြထားတယ်။ ပုံတွေကိုကြည့်ပြီး မေးခွန်းတွေ ဖြေကြရအောင်။





၁။ ခြေထောက်ဘယ်နှချောင်းရှိသလဲ။
၂။ ဦးခေါင်းရှိသလား၊ ရှိရင် သူငယ်ချင်းကို ပုံမှာပြလိုက်ပါ။
၃။ ရင်အုပ်နဲ့ ဝမ်းဗိုက်ရော တွေ့သလား၊ တွေ့ရင်ပုံမှာ ပြလိုက်ပါ။
၄။ ခြင်နဲ့ လိပ်ပြာအကြောင်း ပြောပြပါ။

လုပ်ငန်း(၄) ပင့်ကူက အိမ်ဆောက်နေတယ်။ ဝါပိုးနီကောင်က တစ်ခုခုရှာနေတယ်။ ပင့်ကူနဲ့ ဝါပိုးနီကောင်အကြောင်းကို လုပ်ငန်း(၁)အတိုင်း ဖြေကြည့်ရအောင်။







### သတိပြုရမည့်အချက်များ(၃)

* မိမိကျောင်းရှိ ကျောင်းသားများသည် အရေးနှင့် အဖတ်ကို အားနည်းလျှင် ဆရာက အကူအညီပေးပြီး သိပ္ပံအသိနှင့် သိပ္ပံကျွမ်းကျင်မှုရလျှင် သိပ္ပံဘာသာအတွက် ပြည့်စုံပါသည်။
* ကျောင်းသားများ စာရေးရာတွင် အသက်(၇+)နှစ်အရွယ်ကလေးများ ရေးသားပုံကို လက်ခံပေးရပါမည်။ **ဆရာက ရေးပြပြီး ကူးယူနိုင်ခြင်းကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**
* သင်ခန်းစာအဆုံးပိုင်းတွင် ဆရာက ကျောင်းသားများ “ ခြင်နှင့် လိပ်ပြာတို့တွင် ခြေထောက်အရေအတွက် (၆)ချောင်းနှင့် ခန္ဓာကိုယ် အစိတ်အပိုင်း(၃)ခု” ရှိသည်ကို သိ၊ မသိ ပြန်လည် စစ်ဆေးအကဲဖြတ်ရမည် ဖြစ်ပါသည်။
* ကျောင်းသုံးစာအုပ်ရှိ ပုံများကို အသုံးပြုပြီးလည်း သင်ကြားမှု ပြုလုပ်နိုင်ပါသည်။
* လိပ်ပြာများတွင် အကြီး၊ အသေးရှိသည်။

DBE Box — Copyright Protected

## စာသင်ချိန် စုစုပေါင်း(၆)ချိန်





### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ




ဘဲနဲ့ ကြက်တို့ဟာ ငှက်တွေဖြစ်ကြတယ်။ ကောင်းကင်မှာ မြင့်မြင့် မပျံနိုင်ပါ။ ကြာရှည်စွာလည်း မပျံနိုင်ကြပါ။

ပင်ဂွင်နဲ့ ငှက်ကုလားအုတ်ဟာ ငှက်ဖြစ်ပေမဲ့ မပျံနိုင်ပါ။
ပင်ဂွင်ဟာ ရေကူးနိုင်တယ်။
ငှက်ကုလားအုတ်က ပြေးနိုင်တယ်။







ပင့်ကူ၊ ကင်းမြီးကောက်၊ မွှားတို့ဟာ အင်းဆက်တွေ မဟုတ်ကြပါ။ သူတို့မှာ ခေါင်းနဲ့ ကိုယ် အစိတ်အပိုင်း (၂)ခုသာရှိပြီး ခြေထောက် (၈)ချောင်းစီရှိတယ်။



### သတိပြုရမည့်အချက်များ(၄)

* ကျောင်းသားများသည် ကျောင်းသုံးစာအုပ်ထဲမှ ပုံများကို စူးစမ်းလေ့လာခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းဖြင့် သင်ကြားသင်ယူမှု ပြုလုပ်နိုင်သည်။
* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** အပိုင်းသည် ကျောင်းသားများအား အသက်အရွယ်နှင့် ကိုက်ညီသော အသိများကို လေ့လာကြည့်ရှုပြီးနောက် ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံချဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန် ဖြစ်ပါသည်။
* ကျောင်းသားများအား ကြက်နှင့် ဘဲသည် ငှက်ဖြစ်သည်ဟု သတိထားမိသွားရန် ပြောပြရမည် ဖြစ်ပါသည်။
* ထို့အတူ ပင်ဂွင်သည်လည်း ငှက်ဖြစ်သည်ဟု သတိထားမိသွားရန် ပြောပြရမည် ဖြစ်ပါသည်။
* ခြေထောက် ၆ ချောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း ၃ ခုရှိလျှင် အင်းဆက်ဖြစ်ကြောင်း ဆရာက ပြောပြရမည်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းတွင် ကျောင်းသားများကို ၎င်းစာမျက်နှာရှိ ပုံနှင့် စာများအား ကြည့်ရှုစေရပါမည်။ ပြီးနောက် ဆရာက ၎င်းစာမျက်နှာရှိ အကြောင်းအရာများနှင့် ပတ်သက်သော အမေးအဖြေပြုလုပ်ပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် ရှင်းလင်းပြောကြားပါ။

ရင်အုပ်သည် လွန်းပုံသဏ္ဌာန်ရှိလျှင် ပျံသန်းရန် လွယ်ကူသည်။ ပင်ဂွင်ငှက်သည် အတောင်ပံတိုသောကြောင့် မပျံသန်းနိုင်ပါ။ ငှက်ကုလားအုတ်နှင့် ပင်ဂွင်ငှက်တို့၏ ရင်အုပ်သည် လွန်းပုံသဏ္ဌာန် မရှိပါ။

DBE Box — Copyright Protected

# အခန်း ၄(၂)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။ “သားတို့ သမီးတို့ သင်ခန်းစာ ၄(၂)မှာ လုပ်ငန်းများကို လုပ်ပြီးသွားပြီ၊ ဘာတွေသိသွားကြပြီလဲ၊ ပြောပြပါဦး” မေးခွန်းကိုမေးပါ။ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးရမည်။

ကျောင်းသားများ၏ အဖြေတိုင်းကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံနားထောင် ပေးရမည်ဖြစ်ပါသည်။ ကျောင်းသားများ ပြောပြမှုကို နားထောင်ပြီးမှသာ “ **သိသွားပြီနော်** ” ပါသော စာမျက်နှာကို ၎င်းတို့အား ကြည့်ရှုစေပြီး ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေရမည်။

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

အနှစ်ချုပ်ရှိ စာများကို သင်ပုန်းတွင် ဖော်ပြခြင်းဖြင့်သော်လည်းကောင်း၊ အနှစ်ချုပ် သရုပ်ပြပုံများဖြင့် သင်ပုန်းပေါ်တွင် ရေးဆွဲဖော်ပြခြင်းသော်လည်းကောင်း ပြုလုပ်ပြီး အနှစ်ချုပ်ဆိုရပါမည်။







အခန်း(၄) တိရစ္ဆာန်များကို နှိုင်းယှဉ်ခြင်း

**သိသွားပြီနော်**







**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ငှက်တွေမှာ ဦးခေါင်း၊ လည်ပင်း၊ မျက်လုံး၊ နှုတ်သီး၊ ရင်အုပ်၊ အမြီး၊ အတောင်ပံ၊ ခြေထောက်နှစ်ချောင်းစီရှိတာ တူကြတယ်။
ခြေထောက်တစ်ချောင်းစီမှာ ခြေချောင်းလေးတွေ လေးချောင်း ရှိတာလည်း တူတယ်။
ခြေထောက်ပုံသဏ္ဌာန်တွေ ကွဲပြားကြတယ်။




၄၈

### သတိပြုရမည့်အချက်များ(၅)

- **သိသွားပြီနော်** အပိုင်းတွင် ဖော်ပြထားသည့် အသိပညာများကို ကျောင်းသားအများစု မဖြေနိုင်လျှင် မိမိ၏ သင်ကြားမှုနည်းလမ်းကို ပြန်လည်ဆန်းစစ်ပြုပြင်ပြောင်းလဲသင်ကြားရမည် ဖြစ်ပါသည်။ ကျောင်းသားများ၏ တတ်မြောက်မှုကို ဖော်ထုတ်ခြင်းဖြစ်သည်။
- **အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း** အပိုင်းတွင် မပြည့်စုံသည့်အချက်များကို ဆရာက ဖြည့်စွက်ပြီး ပြောဆိုပေးခြင်းဖြင့် ကျောင်းသားများ၏ အဖြေများကို ပိုမိုတိကျစွာ ပြုလုပ်ပေးခြင်းဖြစ်ပါသည်။
- ငှက်များတွင် အတောင်ပံရှိပြီး ရင်အုပ်သည် လွန်းပုံသဏ္ဌာန်ရှိသောကြောင့် လေထဲတွင် ပျံသန်းနိုင်ပါသည်။
- ပုရွက်ဆိတ်များတွင် အတောင်ပံရှိသော ပုရွက်ဆိတ် ရှိသကဲ့သို့ အတောင်ပံမရှိသော ပုရွက်ဆိတ်များလည်းရှိသည်။
- အမည်းရောင် ပုရွက်ဆိတ် ရှိသကဲ့သို့ အနီရောင် ပုရွက်ဆိတ်လည်းရှိသည်။
- အတောင်ပံရှိသော အင်းဆက်များသည် ပျံသန်းနိုင်သည်။

DBE Box – Copyright Protected

**လေ့ကျင့်ခန်း**

၁။ (က) သင်နှစ်သက်တဲ့ ငှက်၏ အမည်က ဘာလဲ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပုံတွင်ပြောပြပါ။

(ခ) ငှက်ကလေးရဲ့ ခြေထောက်အကြောင်းကို ပြောပါ။

၂။ တိရစ္ဆာန်လေးတွေရဲ့ အမည်တွေကိုရေးကြည့်မယ်၊ အင်းဆက် ဟုတ်မဟုတ်လည်း ရေးပြပါ။






--------------- --------------- --------------- ---------------

--------------- --------------- --------------- ---------------

၃။ မေးခွန်းများကို ဖြေဆိုပါ။

(က) အင်းဆက်မှာ ခန္ဓာကိုယ်အစိတ်အပိုင်း ဘယ်လောက်ရှိသလဲ၊ ဘာတွေလဲ။

(ခ) အင်းဆက်တစ်ကောင်မှာ ခြေထောက်ဘယ်နှချောင်းရှိသလဲ။

(ဂ) အင်းဆက်မှာ အတောင်ပံရှိသလား၊ ရှိရင် ဘယ်လိုရွေ့လျားသလဲ။ အတောင်ပံမရှိတဲ့ အင်းဆက်က ဘယ်လိုရွေ့လျားသလဲ။

(ဃ) အင်းဆက်အားလုံးပျံနိုင်သလား။

(င) ပင့်ကူက အင်းဆက်လား၊ ဘာကြောင့်လဲ။



**သတိပြုရမည့်အချက်များ(၆)**

- ✱ လေ့ကျင့်ခန်း(၁)အတွက် မည်သည့်ငှက်ကိုမဆို ကျောင်းသားများ ရေးဆွဲနိုင်ပါသည်။
- ✱ ပန်းချီဆရာတစ်ယောက် ရေးဆွဲသောပုံမျိုးဖြစ်ရန် မလိုပါ။
- ✱ အသက်(၇$^+$)နှစ်အရွယ် ကလေးဆွဲနိုင်သလို လက်ခံပေးရပါမည်။
- ✱ စာများကို တိုတိုရေးလည်း လက်ခံပေးရပါမည်။ စာကြောင်းရှည်များဖြင့် ရေးပြစရာမလိုအပ်ပါ။
- ✱ ကျောင်းသား၏ ငှက်၊ အင်းဆက်တို့နှင့် ပတ်သက်သော အသိကိုရရှိရန် စစ်ဆေးခြင်း ဖြစ်ပါသည်။
- ✱ မိမိကျောင်းရှိ ကျောင်းသားများသည် အရေးနှင့် အဖတ်ကို အားနည်းလျှင် ဆရာက အကူအညီပေးပြီး သိပ္ပံအသိနှင့် သိပ္ပံကျွမ်းကျင်မှုရလျှင် သိပ္ပံဘာသာအတွက် ပြည့်စုံပါသည်။
- ✱ နံပါတ်(၁) လေ့ကျင့်ခန်းတွင် အဖြေသည် မျိုးစုံဖြစ်နိုင်သောကြောင့် ကျောင်းသားများ၏ အဖြေများကို လက်ခံပေးရမည်ဖြစ်ပါသည်။

## အခန်း ၄(၂)

**စာသင်ချိန် စုစုပေါင်း(၆)ချိန်**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**လေ့ကျင့်ခန်းအတွက် အဖြေများ**

ကျောင်းသားများ ပုံရေးဆွဲနေစဉ် ဆရာက လိုက်လံကြည့်နေရပါမည်။

မေးခွန်းများ ဖြေဆိုနေသည်ကိုလည်း ကြည့်ရှု စစ်ဆေးနေရပါမည်။

ကျောင်းသား၏ အဖြေသည် မှားယွင်းနေလျှင် အဖြေမှန်ကို ရှာဖွေတတ်ရန်၊ ပြောဆိုတတ်ရန် သင်ကြားပေးရမည် ဖြစ်ပါသည်။

နမူနာအဖြေများ -

၁။ (က) အဖြေမျိုးစုံ လက်ခံပေးရပါမည်။

ငှက်အမည်ကို ပြောရာတွင် ရေးဆွဲထားသောပုံနှင့် အနီးစပ်ဆုံး ကိုက်ညီရပါမည်။

ငှက်၏ ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးကိုမှန်ကန်စွာ ဖော်ပြနိုင်သော ပုံဖြစ်ရပါမည်။

(ခ) ခြေထောက် ၂ ချောင်းပါရှိပြီး ခြေချောင်း ၄ ချောင်းစီ ပါရှိပါသည်။

၂။

| ပင့်ကူ | ခြင် | လိပ်ပြာ | ပုရွက်ဆိတ် |
|---|---|---|---|
| မဟုတ် | ဟုတ် | ဟုတ် | ဟုတ် |

၃။ (က) ၃ ခု၊ ဦးခေါင်း၊ ရင်အုပ်ပိုင်း၊ ဝမ်းဗိုက်ပိုင်း

(ခ) ၆ ချောင်း

(ဂ) အချို့ရှိသည်။ ပျံသည်၊ လမ်းလျှောက်သည်။

(ဃ) မပျံနိုင်။

(င) အင်းဆက်မဟုတ်ပါ။

ခြေ ၈ ချောင်းနှင့် ခန္ဓာကိုယ် အစိတ်အပိုင်း ၂ ခုရှိသောကြောင့် အင်းဆက်မဟုတ်ပါ။

DPE Box — Copyright Protected

## အခန်း ၅(၁)

**စာသင်ချိန် စုစုပေါင်း(၉)ချိန်**

### အခန်း ၅(၁)။ သင်ယူမှုဦးတည်ချက်

ကျောက်ခဲ၊ ရေနှင့် လေတို့၏ ပုံသဏ္ဌာန်၊ အလေးချိန်နှင့် နေရာယူခြင်းတို့ကို စူးစမ်းလေ့လာတတ်ရန်။

### အခန်း ၅(၁)။ အသေးစိတ်ဦးတည်ချက်များ

(၁) ကျောက်ခဲတွင် တစ်သမတ်တည်းဖြစ်သော ပုံသဏ္ဌာန်ရှိပြီး ရေနှင့် လေတို့သည် ၎င်းတို့ကို ထည့်ထားသည့် ပစ္စည်း၏ပုံသဏ္ဌာန်ကို လိုက်၍ တည်ရှိသည်ကို စူးစမ်းလေ့လာ၍ နှိုင်းယှဉ်ဖော်ထုတ်တတ်ရန်။

(၂) ကျောက်ခဲ၊ ရေနှင့် လေတို့တွင် အလေးချိန်ရှိကြောင်း စူးစမ်းလေ့လာ၍ နှိုင်းယှဉ်ဖော်ထုတ်တတ်ရန်။

(၃) ကျောက်ခဲ၊ ရေနှင့် လေတို့သည် နေရာယူကြောင်း စူးစမ်းလေ့လာ၍ နှိုင်းယှဉ်ဖော်ထုတ်တတ်ရန်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ကျောင်းသားများနှင့် နှုတ်ခွန်းဆက်ပြီးနောက် ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ ကျောက်ခဲ၊ ရေနှင့် လေတို့အကြောင်းကို လေ့လာသင်ယူရမည်ဖြစ်ကြောင်းကို မိတ်ဆက်ပြောပြပါ။

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး မေးခွန်းကိုဖတ်၍ ရှင်းပြပြီး ကျောင်းသားများအား ကျောက်ခဲ၊ ရေနှင့် လေတို့အကြောင်းကို ၎င်းတို့ သိရှိသလောက် ပြောပြစေရပါမည်။ ကျောင်းသားများ၏ ပြောကြားချက်များကို သင်ပုန်းတွင် ရေးသားထားရပါမည်။ ပြီးနောက် စကားပြောများကို ရှင်းပြပါ။



## ၅ ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း
## (၁) ပုံသဏ္ဌာန်၊ အလေးချိန်နှင့် နေရာယူခြင်း



**မေးခွန်းကို ဖြေကြည့်ရအောင်**

ကျောက်ခဲ၊ ရေနဲ့ လေတို့မှာ အများအားဖြင့် ဘာတွေတူညီကြသလဲ။














### သတိပြုရမည့်အချက်များ(၁)

* ဤသင်ခန်းစာတွင် ကျောင်းသားများသည် ကျောက်ခဲ၊ ရေနှင့် လေတို့၏ ဂုဏ်သတ္တိများကို လက်တွေ့ပြုလုပ်ခြင်းဖြင့် သဘောပေါက်နားလည်စေရန် ဖြစ်ပါသည်။
* **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို လှုံ့ဆော် နှိုးဆွပေးခြင်းဖြစ်သည်။
* ဆွေးနွေးသောအကြောင်းအရာနှင့် အချိန်ကို ဆရာက စနစ်တကျ စီမံခန့်ခွဲရပါမည်။
* ကျောင်းသားများ၏ တွေ့ရှိချက်များကို ဆရာက သင်ပုန်းမှတ်ချက် ရေးထားရမည်။

DBE Book - Copyright Protected



## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁)(က) ရေ

ရေတစ်ခွက်ကို ပုံသဏ္ဌာန်မတူတဲ့ ခွက်တွေထဲ ပြောင်းထည့်ကြည့်ပြီး မေးခွန်းတွေ ဖြေကြည့်ရအောင်။



(က) ရေရဲ့ ပုံသဏ္ဌာန် ပြောင်းသွားသလား။

_______________

(ခ) ပြောင်းထည့်လိုက်တဲ့ ရေရဲ့ ပုံသဏ္ဌာန်တွေကို ရေးပြပါ။

_______________

လုပ်ငန်း(၁)(ခ) ကျောက်ခဲ

ကျောက်ခဲတစ်လုံးကို လက်ဖဝါးပေါ်တင်ပြီး ပုံသဏ္ဌာန်ကို မှတ်ထားကြမယ်။ ပုံသဏ္ဌာန်မတူတဲ့ ခွက်တွေထဲ ကျောက်ခဲကို ရေလိုပဲ ပြောင်းထည့်ကြည့်ပြီး မေးခွန်းတွေ ဖြေကြည့်ရအောင်။



(က) ကျောက်ခဲရဲ့ ပုံသဏ္ဌာန် ပြောင်းသွားသလား။

_______________

(ခ) ပြောင်းထည့်လိုက်တဲ့ ခွက်ထဲက ကျောက်ခဲရဲ့ ပုံသဏ္ဌာန်တွေကို ရေးပြပါ။

_______________



## သတိပြုရမည့်အချက်များ(၂)

* လုပ်ငန်း(၁)တွင် ရေ၊ ကျောက်ခဲနှင့် လေတို့၏ ပုံသဏ္ဌာန်ကို လေ့လာခြင်း၊ လုပ်ငန်း(၂)တွင် ကျောက်ခဲ၊ ရေ၊ လေတို့၏ အလေးချိန်ကို လေ့လာခြင်းနှင့် လုပ်ငန်း(၃)တွင် ကျောက်ခဲ၊ ရေ၊ လေတို့၏ နေရာယူမှုကို လေ့လာခြင်းဖြစ်ပါသည်။ လုပ်ငန်းတစ်ခုတွင် လုပ်ငန်းခွဲ သုံးခုစီ ပါဝင်ပါသည်။ လုပ်ငန်း(၁)၊ (၂)၊ (၃)တို့တွင် လက်တွေ့ပြုလုပ်ချိန် လုံလောက်စေရန် စာသင်ချိန်(၂)ချိန်စာ မိနစ်(၈၀)စီ အသုံးပြု သင်ကြားရမည် ဖြစ်ပါသည်။
* လုပ်ငန်းအားလုံးသည် ကျောင်းသားများအတွက် စူးစမ်းလေ့လာမှု အလေ့အကျင့်ရရှိစေပြီး ၎င်းတို့၏ ပူးပေါင်းစဉ်းစားတွေးခေါ်မှု စွမ်းရည်များကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။
* ဆရာက လိုအပ်သည့်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရမည်။ အပြင်မှ မြင်နိုင်သော ခွက်အကြည်များကို အသုံးပြုသင့်ပါသည်။ (ခွက်အကြည် မရနိုင်ပါက ရေသန့်ပုလင်းများကို အလယ်မှဖြတ်၍ ခွက်များအဖြစ် အသုံးပြုနိုင်ပါသည်။)

## အခန်း ၅(၁)

## စာသင်ချိန် စုစုပေါင်း(၉)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ပြီးနောက် ဆရာက **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရပါမည်။

**ပုံသဏ္ဌာန်**

**လုပ်ငန်း(၁)(က) ရေ**

ဆရာက ကျောင်းသားများကို သင့်တော်သလို အုပ်စုဖွဲ့၍ ကြိုတင်ပြင်ဆင်ထားသော ပုံသဏ္ဌာန် အမျိုးမျိုးရှိ ခွက်များကို အုပ်စုများအား ဝေငှပေးပါ။ ဆရာက ပုံများကို ပြသပြီး ရှင်းလင်းမှုအရင် ပြုလုပ်ရပါမည်။ ပြီးနောက် ရေတစ်ခွက်ထည့်ပြီး ခွက်တစ်ခုထဲသို့ ရေကိုထည့်စေ၍ ရေ၏ပုံသဏ္ဌာန် ကို မှတ်သားစေရမည်။ ထိုခွက်ထဲမှ ရေကို အခြား ခွက်များထဲသို့ အဆင့်ဆင့်ပြောင်းထည့်စေပြီး ပြောင်းထည့်လိုက်သော ခွက်များထဲမှ ရေ၏ ပုံသဏ္ဌာန်ကို လေ့လာကြည့်ရှုစေရမည်။

ဆရာက ကျောင်းသားများ၏ တွေ့ရှိချက်များကို အုပ်စုတစ်စုချင်းစီကို မေးမြန်းပြီး သင်ပုန်း မှတ်ချက်ရေးသားရမည်။ ပြီးနောက် ဆရာက ရေသည် ထည့်ထားသောပစ္စည်း၏ ပုံသဏ္ဌာန် အတိုင်းရှိကြောင်း ရှင်းပြပြီး ပေးထားသော မေးခွန်း နှစ်ခုကို ရေးသားဖြေဆိုစေရမည်။ ကျောင်းသား များ စူးစမ်းလေ့လာပြီး မိမိတို့တွေ့ရှိသည်များကို ပြန်လည်ပြောပြစေရန် ဖြစ်ပါသည်။ ပူးပေါင်း စဉ်းစားခြင်း အလေ့အထကိုလည်း ဖြစ်ပေါ်စေ ပါသည်။

**လုပ်ငန်း(၁)(ခ) ကျောက်ခဲ**

ရေ၏ ပုံသဏ္ဌာန်ကို လေ့လာပြီးနောက် ကျောက်ခဲ၏ ပုံသဏ္ဌာန်ကို ဆက်လက်လေ့လာ ရမည်ဖြစ်သည်။ ဆရာက ကြိုတင်စုဆောင်း ထားသော ကျောက်ခဲလုံးလေးများကို အုပ်စု များအား တစ်လုံးစီဝေငှပေးပါ။ ပုံသဏ္ဌာန်အမျိုးမျိုး ရှိသော ခွက်များထဲသို့ အဆင့်ဆင့်ပြောင်းထည့် စေပြီး ပြောင်းထည့်လိုက်သော ခွက်များထဲမှ ကျောက်ခဲ၏ ပုံသဏ္ဌာန်ကို လေ့လာကြည့်ရှုစေ ရမည်။



DBE Box — Copyright Protected

## အခန်း ၅(၁)

### စာသင်ချိန် စုစုပေါင်း(၉)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

ဆရာက ကျောင်းသားများ၏ တွေ့ရှိချက်များကို အုပ်စုတစ်စုချင်းစီကို မေးမြန်းပြီး သင်ပုန်းမှတ်ချက် ရေးသားရမည်။ ပြီးနောက် ဆရာက ကျောက်ခဲသည် ထည့်ထားသောပစ္စည်း၏ ပုံသဏ္ဌာန်ကိုလိုက်၍ မပြောင်းလဲကြောင်း၊ ၎င်းတွင် တိကျသော ပုံသဏ္ဌာန်ရှိကြောင်းကို ရှင်းလင်းပြောပြ၍ ပေးထားသော မေးခွန်းနှစ်ခုကို ရေးသားဖြေဆိုစေရမည်။

**လုပ်ငန်း(၁)(ဂ) လေ**

ကျောက်ခဲ၏ ပုံသဏ္ဌာန်ကို လေ့လာပြီးနောက် လေ၏ပုံသဏ္ဌာန်ကို ဆက်လက်လေ့လာရမည် ဖြစ်သည်။ ဆရာက ကြိုတင်ပြင်ဆင်ထားသော ပလတ်စတစ်အိတ်နှင့် ကြိုးများကို အုပ်စုများအား ဝေငှပေးပါ။ ပြီးနောက် ပလတ်စတစ်အိတ်ကို လက်ဖြင့်ကိုင်၍ ဝှေ့ယမ်းလိုက်ပါ။ လေများ ဝင်ရောက်လာပါက ပလတ်စတစ်အိတ်၏ အဝကို ကြိုးဖြင့်ချည်ပါ။ ဆရာကပေးထားသော မေးခွန်း(က)ကို အုပ်စုများအားမေးမြန်း၍ အဖြေကို ရေးသားဖြေဆိုစေရမည်။ ပြီးနောက် အုပ်စုများအား အိတ်ကို အလယ်မှလိမ်စေ၍ ဆရာက တွေ့ရှိချက်ကို မေးမြန်းပြီး မေးခွန်း(ခ)ကို ဖြေဆိုစေရမည်။

ပြီးနောက် ဆရာက လေသည်ထည့်ထားသော အိတ်၏ပုံသဏ္ဌာန်အတိုင်းလိုက်၍ ပြောင်း၊ မပြောင်း ကျောင်းသားများအား မေးမြန်း၍ မေးခွန်း(ဂ)ကို ဖြေဆိုစေရမည်ဖြစ်သည်။ ထို့နောက် ဆရာက လေသည် ထည့်ထားသည့်ပစ္စည်း၏ ပုံသဏ္ဌာန်အတိုင်းဖြစ်ကြောင်း ရှင်းလင်းပြောပြရပါမည်။ လုပ်ငန်းအရ ဖြေဆိုရာတွင် ကျောင်းသားတိုင်း ပါဝင်ဖြေဆိုလာအောင် ဆရာကစောင့်ကြည့်မေးမြန်းရပါမည်။ ကျောင်းသားများ ဖြေဆိုရာတွင် လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပြောပြရပါမည်။

အခန်း(၅) ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း

လုပ်ငန်း(၁)(ဂ) လေ

ပလတ်စတစ်အိတ်ကိုယူပြီး လက်ကိုဝှေ့ယမ်းလိုက်ပါ။ လေပြည့်တဲ့အခါ အိတ်ရဲ့ အဝကို ကြိုးဖြင့် ချည်လိုက်ပါ။

(က) ပလတ်စတစ်အိတ်က ဖောင်းသွားသလား၊ ပြားသွားသလား။ အိတ်ထဲမှာ ဘာတွေရှိ သွားတာလဲ။ ပုံသဏ္ဌာန်က ဝိုင်းဝိုင်းလေးလား၊ ရှည်ရှည်လေးလား။

____________________

(ခ) ပလတ်စတစ်အိတ်ကလေးကို အလယ်ကနေ လိမ်လိုက်ပါ။ ပုံသဏ္ဌာန်က ဝိုင်းဝိုင်း လေးလား၊ ရှည်ရှည်လေးလား။

____________________

(ဂ) လေကထည့်ထားတဲ့ ပလတ်စတစ်အိတ်ရဲ့ ပုံသဏ္ဌာန်အတိုင်း လိုက်ပြောင်းသွား သလား၊ မပြောင်းဘူးလား။

____________________



ရေ ၊ ကျောက်ခဲနဲ့ လေမှာ ထည့်စရာပစ္စည်းကိုလိုက်ပြီး ပြောင်းလဲတာ ဘယ်ဟာတွေ ဖြစ်မလဲ။

____________________

၅၂

**သတိပြုရမည့်အချက်များ(၃)**

* သင်ပုန်းမှတ်ချက်များသည် သင်ခန်းစာကို ပြန်လည်နိဂုံးချုပ်ဆိုသောအခါ အသုံးပြုသွားရမည်။
* လုပ်ငန်းပြုလုပ်ရာတွင် မပါဝင်သော ကျောင်းသားများ ပါဝင်လာအောင် ဆရာက စောင့်ကြည့်ကြပ်မတ်ပေးရပါမည်။
* ဆရာကကျောင်းသားများ၏ ပြောကြားချက်များကို စိတ်ရှည်စွာ နားထောင်ပေးရမည်။ ပြောဆိုသည်များ မှားယွင်းပါက မှန်ကန်သည်ထိရောက်အောင် တည့်မတ်ပေးရမည်။
* အများဆုံးမှန်ကန်စွာ ပြောပြနိုင်သည့်အုပ်စုကို ဆရာက ချီးမွမ်းစကား ပြောကြားရမည်။
* ကျောင်းသားများအား သိပ္ပံအသိသညာများကိုပေးရာတွင် စူးစမ်းလေ့လာခြင်းနှင့် နှိုင်းယှဉ်လေ့လာခြင်း၌ ကျွမ်းကျင်မှုကို ပေးရန်ဖြစ်ပါသည်။

DBE Box – Copyright Protected

အခန်း(၅) ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း

လုပ်ငန်း(၂)(က) ကျောက်ခဲ

အရွယ်တူ အမျိုးအစားတူတဲ့ ခွက်နှစ်လုံးကိုယူပြီး ခွက်တစ်ခုထဲကို ကျောက်ခဲ တစ်လုံးထည့်ပါ။ တခြားခွက်ထဲကို ဘာမှမထည့်နဲ့နော်။ အုပ်စုထဲက သူငယ်ချင်းတွေကို လက်တစ်ဖက်စီမှာ ခွက်တစ်ခုစီကို ကိုင်ခိုင်းကြည့်ရအောင်။



(က) ဘယ်ခွက်က ပိုလေးသလဲ။

______________________________

(ခ) ဘာက အဲဒီခွက်ကို ပိုလေးစေတာလဲ။

______________________________

လုပ်ငန်း(၂)(ခ) ရေ

အရွယ်တူ အမျိုးအစားတူတဲ့ ခွက်နှစ်လုံးကိုယူပြီး ခွက်တစ်ခုထဲကို ရေအနေတော် ထည့်ပါ။ တခြားခွက်ထဲကို ဘာမှမထည့်နဲ့နော်။ အုပ်စုထဲက သူငယ်ချင်းတွေကို လက် တစ်ဖက်စီမှာ ခွက်တစ်ခုစီကို ကိုင်ခိုင်းကြည့်ရအောင်။



(က) ဘယ်ခွက်က ပိုလေးသလဲ။

______________________________

(ခ) ဘာကအဲဒီခွက်ကို ပိုလေးစေတာလဲ။

______________________________

၅၃

## သတိပြုရမည့်အချက်များ(၄)

* ရေ၏အမြင့် မြင့်တက်မှုကို သိသာစေသော သင့်တင့်သော ကျောက်ခဲ အရွယ်အစားကို အသုံးပြုသင့်ပါသည်။
* ၂၄ လက်မ (၂ ပေ)ခန့်ရှိ ဝါးတုတ်ချောင်းတစ်ချောင်းကို ယူပါ။ ၎င်း၏ တစ်ဝက်ဖြစ်သော ၁၂ လက်မခန့်တွင် အပေါက်ငယ်တစ်ခုဖောက်ပါ။ ထို အပေါက်တွင် ကြိုးဖြင့်ကိုင်၍ရရန် ချည်ပါ။ ထိုကြိုးမှ ကိုင်ကြည့်လျှင် **တုတ်ချောင်း၏ အစွန်းနှစ်ဖက်သည် ညီမျှနေရမည်။** ပြီးနောက် ပူဖောင်းများ ချိတ်ရန် အစွန်းနှစ်ဖက်မှတစ်လက်မစီခွာ၍ တစ်ဖက်တစ်ချက်တွင် ချိုင့်ခွက်လေးများ ပြုလုပ်ပါ။ ပြီးနောက်တုတ်ချောင်းချိန်ခွင်၏ အစွန်းတစ်ဖက် တစ်ချက်စီတွင် ၎င်းလေထည့်ထားသော ပူဖောင်းနှင့် လေထည့်မထားသော ပူဖောင်းနှစ်လုံးကို တွဲလဲ ချိတ်ဆွဲစေရမည်။

# အခန်း ၅(၁)

## စာသင်ချိန် စုစုပေါင်း(၉)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**အလေးချိန်**

**လုပ်ငန်း(၂)(က) ကျောက်ခဲ**

ကျောင်းသားများကို အုပ်စုဖွဲ့ရပါမည်။ အရွယ်တူ အမျိုးအစားတူသော ခွက်နှစ်လုံးနှင့် ကျောက်ခဲ တစ်လုံးစီကို အုပ်စုများအား ဝေငှပေးပါ။ ပြီးနောက် ခွက်တစ်ခုထဲသို့ ကျောက်ခဲကိုထည့်ပါ။ အခြား ခွက်ထဲသို့ ဘာမျှမထည့်စေပါနှင့်။ ၎င်းခွက်နှစ်လုံး ကို အုပ်စုတွင်းရှိ ကျောင်းသားများကို တစ်လှည့်စီ ကိုင်ခိုင်းပြီး ဆရာက " ဘယ်ခွက်က ပိုလေးသလဲ၊ ဘာက အဲဒီခွက်ကို ပိုလေးစေတာလဲ "ဟု အုပ်စု များကို မေးမြန်းကာ ဖြေဆိုမှုကို နားထောင်ပြီး သင်ပုန်းတွင် ရေးသားပါ။ ပြီးနောက် ဆရာက ကျောက်ခဲတွင် အလေးချိန်ရှိကြောင်းရှင်းပြ၍ ပေးထားသော မေးခွန်းများကို ရေးသားဖြေဆို စေရမည်။

**လုပ်ငန်း(၂)(ခ) ရေ**

အရွယ်တူ အမျိုးအစားတူသော ခွက်နှစ်လုံးစီ အနက် တစ်လုံးကို ဘာအတိုင်းထားပါ။ တစ်လုံးကို ရေဖြည့်ပြီး ၎င်းခွက်နှစ်လုံးကို အုပ်စုတွင်းရှိ ကျောင်း သားများကို တစ်လှည့်စီကိုင်ခိုင်းပြီး ဆရာက ဘယ်ခွက်က ပိုလေးသလဲ၊ ဘာက အဲဒီခွက်ကို ပိုလေးစေတာလဲဟု အုပ်စုများကို မေးမြန်းကာ ဖြေဆိုမှုကိုနားထောင်ပြီး သင်ပုန်းတွင်ရေးသားပါ။ ပြီးနောက် ဆရာက ရေတွင် အလေးချိန်ရှိကြောင်း ပြောပြ၍ ပေးထားသော မေးခွန်းများကို ရေးသား ဖြေဆိုစေရမည်။

DBE Box — Copyright Protected

# အခန်း ၅(ခ)

## စာသင်ချိန် စုစုပေါင်း(၉)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၂)(ဂ) လေ**

ကျောင်းသားများကို အုပ်စုဖွဲ့ပြီး အသင့်ပြုလုပ်ထားသော ဝါးတုတ်ချောင်း ချိန်ခွင်တစ်ခုစီနှင့် ပူဖောင်းနှစ်လုံးစီကိုဝေပါ။ ပူဖောင်းတစ်လုံးကို လေမှုတ်သွင်းပါ။ အခြားပူဖောင်းထဲကို လေမှုတ်မသွင်းပါနှင့်။

ပြီးနောက်တုတ်ချောင်းချိန်ခွင်၏ အစွန်းတစ်ဖက်တစ်ချက်စီတွင် ပူဖောင်းနှစ်လုံးကို တွဲလဲချိတ်ဆွဲပါ။ တုတ်ချောင်းသည် မည်သည့်ဘက်သို့ စောင်းသွားသည်ကို ကျောင်းသားများကို ကြည့်ရှုလေ့လာစေရမည်။ ပြီးနောက် ဆရာက ကျောင်းသားများကို ဘယ်ပူဖောင်းက ပိုလေးသလဲ။ ဘာက အဲဒီပူဖောင်းကို ပိုလေးစေတာလဲ စသည့်မေးခွန်းများမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပြီး ဆရာက လေတွင် အလေးချိန်ရှိကြောင်း ပြောပြ၍ မေးခွန်းများကို ရေးသားဖြေဆိုစေရမည်။

### နေ့ရာယူမှု

**လုပ်ငန်း(၃)(က) ကျောက်ခဲ**

ကျောင်းသားများကို အုပ်စုဖွဲ့ပြီး ဆရာက ပြင်ဆင်ယူဆောင်လာသော အပြင်မှမြင်နိုင်သော ကြည်လင်သည့် ခွက်တစ်ခု၊ ရေ၏အမြင့်ကို မှတ်သားရန် (marker pen) တစ်ချောင်းနှင့် ကျောက်ခဲတစ်ခဲကို အုပ်စုများအား ဝေငှပေးပါ။

ပြီးနောက် ခွက်ထဲသို့ ရေအနေတော်ဖြည့်ပြီး ရေ၏အမြင့်ကို (marker pen) ဖြင့် မှတ်သားထားစေရမည်။ ကျောက်ခဲကို ခွက်ထဲသို့ဖြည်းညင်းစွာ ထည့်စေရမည်။ ရေ၏အမြင့်ကို ထပ်မံ၍ မှတ်သားစေရမည်။ ပြီးနောက် ဆရာက အုပ်စုများအား တွေ့ရှိချက်များကို မေးမြန်းပြီး သင်ပုန်းပေါ်တွင် မှတ်သားထားရမည်။

ကျောင်းသားများ ဖြေဆိုမှု မှားယွင်းပါက မှန်ကန်အောင် တည့်မတ်ပေးရမည်။ ပြီးနောက် ပေးထားသော မေးခွန်းများကို ရေးသားဖြေဆိုစေရမည်။



လုပ်ငန်း(၂)(ဂ) လေ

ပုံမှာပြထားတဲ့ တုတ်ချောင်းလေးရဲ့ အစွန်းနှစ်ဖက်မှာ လေဖြည့်ထားတဲ့ ပူဖောင်းနဲ့ လေဖြည့်မထားတဲ့ ပူဖောင်းကို တစ်ဖက်စီတွဲလွဲချိတ်ပြီး လေ့လာကြရအောင်။






(က) ဘယ်ဘက်က ပိုလေးသလဲ။ ____________

(ခ) ဘာက အဲဒီပူဖောင်းကို ပိုလေးစေတာလဲ။ ____________

ကျောက်ခဲ၊ ရေနဲ့ လေတို့မှာ အလေးချိန်ရှိကြသလား။

______________________________________

လုပ်ငန်း(၃)(က) ကျောက်ခဲ

ကြည်လင်တဲ့ ခွက်တစ်ခုထဲကို ရေအနေတော်ဖြည့်ပြီး ရေရဲ့ အမြင့်ကို မှတ်ထားကြမယ်။ ခွက်ထဲကို ကျောက်ခဲတစ်လုံး ဖြည်းဖြည်းထည့်ကြည့်ရအောင်။





၃၄

### သတိပြုရမည့်အချက်များ(၅)

- ✱ လက်တွေ့လုပ်ငန်းပြုလုပ်ရန် ပူဖောင်းများကို ဆရာက ကြိုတင်ပြင်ဆင်ထားရမည်။
- ✱ လုပ်ငန်း(၂) ကို လက်တွေ့လုပ်ငန်းပြုလုပ်ရာတွင် ကျောင်းသားများအား ပူဖောင်းများထဲ လေမှုတ်သွင်းခိုင်းပါက သင်ခန်းစာကို ပိုမိုနားလည်စေပါမည်။
- ✱ လုပ်ငန်း(၂) လေတွင် အလေးချိန်ရှိကြောင်းကို လေ့လာရာ၌ စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း တုတ်ချောင်းချိန်ခွင်လေးများကို ဆရာက ကြိုတင်၍ ပြုလုပ်ထားရမည်။

DBE Box – Copyright Protected

အခန်း(၅) ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း

(က) ရေရဲ့အမြင့် ပြောင်းသွားသလား။ ____________

(ခ) ရေရဲ့ မျက်နှာပြင်ကို ဘယ်အရာက မြင့်တက်စေတာလဲ။ ____________

(ဂ) ကျောက်ခဲက နေရာယူသလား၊ မယူဘူးလား။ ____________

လုပ်ငန်း(၃)(ခ) ရေ

ကြည်လင်တဲ့ ခွက်နှစ်ခုကိုယူပြီး ခွက်တစ်ခွက်ထဲကို ရေအနေတော်ဖြည့်ပါ။ တခြား ခွက်ထဲကို ဘာမှမထည့်နဲ့နော်။



(က) ရေဟာ နေရာယူပါသလား။ ____________

(ခ) ရေက နေရာယူတယ်ဆိုတာ ဘယ်ခွက်ကပြသလဲ။ ____________

လုပ်ငန်း(၃)(ဂ) လေ

လေဖြည့်ထားတဲ့ ပူဖောင်းနဲ့ လေဖြည့်မထားတဲ့ ပူဖောင်းတွေကို ယူပါ။ လက်နဲ့ကိုင်ကြည့်ပြီး မေးခွန်းတွေကို ဖြေကြရအောင်။



(က) ဘယ်ပူဖောင်းတွေထဲမှာ လေရှိသလဲ။ ဘယ်လိုသိသလဲ။ ____________

(ခ) လေကနေရာယူတယ်ဆိုတာ ဘယ်ပူဖောင်းတွေက ပြသလဲ။ ____________

ကျောက်ခဲ၊ ရေနဲ့ လေတို့ဟာ နေရာယူကြသလား။

____________



## သတိပြုရမည့်အချက်များ(၆)

* ကျောက်ခဲ၊ ရေနှင့် လေတို့ နေရာယူခြင်းတွင် ကျောင်းသားများအား လက်တွေ့ပြုလုပ်စေပြီး သိရှိသွားသည်များကို ဆရာက မေးခွန်းများ ဦးဆောင်မေးမြန်းရန် လိုအပ်ပါသည်။
* ကျောင်းသားများ၏ ဖြေဆိုမှုများကို စောင့်ဆိုင်းမေးမြန်းပြီး သင်ပုန်းမှတ်ချက် ရေးသားရမည်။
* ကျောင်းသားများ ဖြေဆိုမှုမှားယွင်းပါက ဆရာက မှန်ကန်အောင် တည့်မတ်ပေးရန် လိုအပ်ပါသည်။

# အခန်း ၅(၁)

## စာသင်ချိန် စုစုပေါင်း(၉)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၃)(ခ) ရေ**

အရွယ်တူ အမျိုးအစားတူသော ခွက်အကြည်နှစ်လုံးကို အုပ်စုများအား ဝေငှပါ။ ခွက်တစ်ခုထဲသို့ ရေအနေတော်ထည့်ပါ။ အခြားခွက်ထဲသို့ ရေမထည့်ပါစေနှင့်။ ပြီးနောက် ဆရာက ပေးထားသော မေးခွန်းနှစ်ခုကို ကျောင်းသားများအား ဦးဆောင်မေးမြန်းရမည်။ ကျောင်းသားများ ဖြေဆိုမှုများယွင်းပါက ဆရာက တည့်မတ်ပေးရမည်။ ရေသည် ဖြည့်နိုင်သလောက် နေရာယူနိုင်ကြောင်း ရှင်းပြရပါမည်။ ပြီးနောက် ပေးထားသော မေးခွန်းများကို ရေးသားဖြေဆိုစေရမည်။

**လုပ်ငန်း(၃)(ဂ) လေ**

ပူဖောင်း(၃)လုံးစီကို အုပ်စုများအား ဝေငှပေးပါ။ (၂)လုံးကို လေမှုတ်သွင်းပါစေ။ (၁)လုံးကို ဤအတိုင်းထားပါ။ ကျောင်းသားများအား လေမှုတ်သွင်းထားသော ပူဖောင်းနှင့် လေမှုတ်သွင်းမထားသော ပူဖောင်းများကို အုပ်စုတွင်း တစ်လှည့်စီ ကိုင်ခိုင်းကြည့်ပါ။ ပြီးနောက် ဆရာက ပေးထားသော မေးခွန်းနှစ်ခုကို ကျောင်းသားများအား ဦးဆောင်မေးမြန်းရမည်။ ကျောင်းသားများ ဖြေဆိုမှုမှားယွင်းပါက ဆရာက တည့်မတ်ပေးရမည်။ ဆရာက လေသည် ထည့်ထားသောပစ္စည်း၏ နေရာအားလုံးကို နေရာယူနိုင်ကြောင်းကို ရှင်းပြရမည်။ ပြီးနောက် ပေးထားသော မေးခွန်းများကို ရေးသားဖြေဆိုစေရမည်။

DBE Box – Copyright Protected

# အခန်း ၅(၁)

## စာသင်ချိန် စုစုပေါင်း(၉)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းသည် ကျောင်းသားများကိုယ်တိုင် လက်တွေ့လုပ်ငန်းများကို ပြုလုပ်၍ သဘောပေါက်နားလည်ပြီးနောက် သင်ခန်းစာနှင့် ဆက်စပ်၍ အကြောင်းအရာများကို ထပ်မံခဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်နှင့် နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**တွင် ကျောက်ခဲသည် အစိုင်အခဲဖြစ်၍ ရေသည်အရည်ဖြစ်ပြီး လေသည် အငွေ့ဖြစ်ကြောင်းနှင့် ၎င်းတို့တွင် တူညီတာတွေနဲ့ မတူညီတာတွေ(ဂုဏ်သတ္တိ)များ ရှိကြောင်း၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် အစိုင်အခဲ၊ အရည်နှင့် အငွေ့အမျိုးမျိုးရှိကြောင်းကို တစ်တန်းလုံးအား ဖတ်ရှုခိုင်းရပါမည်။ ပြီးနောက် **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**တွင် တွေ့မြင်ရသည့် ပုံများကို ကြည့်ရှုစေပြီး နှစ်ယောက်တစ်တွဲ ပြောပြခိုင်းပါမည်။

### သိသွားပြီနော်

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်မည်မျှထိ ရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။

" သင်ခန်းစာ ၅(၁)မှာ လုပ်ငန်း(၃)ခုလုပ်ပြီးသွားပြီ၊ ဘာတွေသိသွားကြပြီလဲ၊ ပြောပြပါဦး " မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး နောက်ဆုံးတွင် ဆရာက လိုအပ်သည့်အချက်များကို ဖြည့်စွက်၍ ပြောပြရမည် ဖြစ်ပါသည်။





**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ကျောက်ခဲဟာ အစိုင်အခဲဖြစ်တယ်။ ရေဟာ အရည်ဖြစ်တယ်။ လေက အငွေ့ဖြစ်တယ်။ သူတို့မှာ တူညီတာတွေနဲ့ မတူညီတာတွေ ရှိတယ်။







ကျွန်ုပ်တို့ရဲ့ ပတ်ဝန်းကျင်မှာ အစိုင်အခဲ၊ အရည်နဲ့အငွေ့ အမျိုးမျိုးရှိကြတယ်။



**သိသွားပြီနော်**



ကျောက်ခဲတစ်ခဲဟာ ထည့်စရာအမျိုးမျိုးထဲမှာထည့်ပေမဲ့ သူ့ရဲ့ ပုံသဏ္ဌာန်က ပြောင်းလဲမသွားဘူး ရေက သူ့ကို ထည့်ထားတဲ့ ပစ္စည်းရဲ့ ပုံသဏ္ဌာန်အတိုင်းပြောင်းလဲပြီး လေက ထည့်စရာရဲ့ နေရာရှိသမျှကို နေရာယူတယ် ထည့်စရာရဲ့ ပုံသဏ္ဌာန်အတိုင်း ပြောင်းတယ်

ကျောက်ခဲ ရေနဲ့ လေတို့က နေရာယူကြတယ် သူတို့မှာ အလေးချိန်လည်းရှိတယ် ပိုပြီးလေးတဲ့အရာက ပေါ့တဲ့အရာထက် အလေးချိန် ပိုများတယ်





### သတိပြုရမည့်အချက်များ(၇)

- ✱ **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**တွင် ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသည့် ပုံများအပြင် ကျောင်းသားများသိရှိသည့် အခြားအချက်အလက်တို့ရှိပါက ပြောပြစေရမည်။ ဆရာကလည်း ပြောပြရမည်။
- ✱ ဤအပိုင်းသည် ကျောင်းသားများအတွက် သင်ခန်းစာနှင့် ဆက်စပ်၍ ဗဟုသုတရရှိရန် ထည့်သွင်းရေးသားထားခြင်း ဖြစ်သည်။
- ✱ **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**သည် ကျောင်းသားများအတွက် နှုတ်ဖြေစစ်ဆေးခြင်း မဟုတ်ဘဲ ပြင်ပဗဟုသုတရရှိရန် တိုးချဲ့ပေးသောအပိုင်း ဖြစ်ပါသည်။



DBE Box – Copyright Protected



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း



| ကျောက်ခဲ | ရေ | လေ |
|---|---|---|
| တိကျတဲ့ ပုံသဏ္ဌာန်ရယ် အလေးချိန်ရယ် ရှိပြီး နေရာယူနိုင်တယ် | ထည့်ထားတဲ့ ပစ္စည်းရဲ့ ပုံသဏ္ဌာန်ကိုယူတယ် အလေးချိန်ရှိတယ် ဖြည့်နိုင်တဲ့ အဆင့်အထိ နေရာယူနိုင်တယ် | ထည့်ထားတဲ့ ပစ္စည်းရဲ့ ပုံသဏ္ဌာန်ကိုယူတယ် အလေးချိန်ရှိတယ် နေရာအားလုံးကို ဖြည့်နိုင်တယ် |

**လေ့ကျင့်ခန်း**

၁။ ကျောက်ခဲနဲ့ အလားတူတဲ့ ပစ္စည်းနှစ်မျိုးအမည်ကို ရေးပါ။

၂။ ရေနဲ့ အလားတူတဲ့ အိမ်က ပစ္စည်းနှစ်မျိုးအမည်ကို ရေးပါ။

၃။ ဘယ်ပုံမှာ ပစ္စည်း(က)ဟာ ပစ္စည်း(ခ)ထက် ပိုပြီးလေးတာကို ပြသလဲ။




၄။ ဇယားတွင် အမှန်(✔)၊ အမှား(✘) ဖြည့်စွက်ပါ။

| အရာဝတ္ထု | မပြောင်းလဲတဲ့ ပုံသဏ္ဌာန်ရှိတယ် | ပြောင်းလဲတဲ့ ပုံသဏ္ဌာန်ရှိတယ် | အလေးချိန်ရှိတယ် | နေရာယူမှုရှိတယ် |
|---|---|---|---|---|
| ကျောက်ခဲ | | | | |
| ရေ | | | | |
| လေ | | | | |



### သတိပြုရမည့်အချက်များ(စ)

* လေ့ကျင့်ခန်း(၁)နှင့် (၂)မေးခွန်းတွင် ဖော်ပြထားသော "အလားတူ" ဆိုသည်မှာ ကျောက်ခဲနှင့် ရေတို့ကဲ့သို့ ဂုဏ်သတ္တိမျိုးရှိသော ပစ္စည်းများ၏ အမည်များကို ရေးခိုင်းခြင်းဖြစ်ပါသည်။
* လေ့ကျင့်ခန်း(၁)နှင့် (၂)တွင် အခြားမှန်ကန်သော အဖြေများကိုလည်း ဖြေဆိုခွင့်ပေးရမည်ဖြစ်ပါသည်။
* လေ့ကျင့်ခန်း(၄)သည် ဇယားတွင် အမှန်(✔) သို့မဟုတ် အမှား(✘)ခြစ်ရမည် ဖြစ်သည်။
* ကျောင်းသား၏ အဖြေသည် မှားယွင်းနေလျှင် အဖြေမှန်ကို ရှာဖွေတတ်ရန်၊ ပြောဆိုတတ်ရန် ဦးတည်သော မေးခွန်းများမေး၍ သင်ကြားပေးရပါမည်။

# အခန်း ၅(၁)

## စာသင်ချိန် စုစုပေါင်း(၉)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

**သိသွားပြီနော်** အပိုင်းတွင် ကျောင်းသားများ၏ ဖြေဆိုမှုများသည် ပြည့်စုံမှုမရှိပါက အနှစ်ချုပ် အပိုင်းတွင် ဆရာက ပြန်လည်ဖြည့်စွက်၍ တည့်မှန်စွာ ပြောပြ၊ ရေးပြရမည် ဖြစ်ပါသည်။

ကျောင်းသုံးစာအုပ်တွင် မြင်တွေ့ရသော အနှစ်ချုပ်သရုပ်ပြပုံကို ဆရာက တစ်ခုချင်း ဖတ်ပြပြီး အနှစ်ချုပ်ဆိုရပါမည်။ ပြီးနောက် ကျောင်းသားများကိုလည်း ဖတ်ရှုခိုင်းရပါမည်။

### လေ့ကျင့်ခန်းအတွက် အဖြေများ

၁။ အဖြေ - (၁) စာအုပ်
(၂) ထမင်းဘူး

(အခြားမှန်ကန်သော အဖြေများကိုလည်း ဖြေဆိုနိုင်သည်။)

၂။ အဖြေ - (၁) ဆီ
(၂) ငံပြာရည်

(အခြားမှန်ကန်သော အဖြေများကိုလည်း ဖြေဆိုနိုင်သည်။)

၃။ အဖြေ - ပုံ(၃)

၄။

| အရာဝတ္ထု | မပြောင်းလဲတဲ့ ပုံသဏ္ဌာန်ရှိတယ် | ပြောင်းလဲတဲ့ ပုံသဏ္ဌာန်ရှိတယ် | အလေးချိန်ရှိတယ် | နေရာယူမှုရှိတယ် |
|---|---|---|---|---|
| ကျောက်ခဲ | ✔ | ✘ | ✔ | ✔ |
| ရေ | ✘ | ✔ | ✔ | ✔ |
| လေ | ✘ | ✔ | ✔ | ✔ |

DBE Box – Copyright Protected

# အခန်း ၅(၂)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### အခန်း ၅(၂)။ သင်ယူမှုဦးတည်ချက်

ကျောက်ခဲ၊ ရေနှင့် လေတို့ ရွေ့လျားခြင်းကို စူးစမ်းလေ့လာတတ်ရန်။

### အခန်း ၅(၂)။ အသေးစိတ်ဦးတည်ချက်များ

(၁) ကျောက်ခဲသည် မြင့်ရာမှ နိမ့်ရာသို့ ရွေ့ကျနိုင်ကြောင်းနှင့် အခြားအခြေအနေ အမျိုးမျိုးကြောင့်လည်း ရွေ့ကျနိုင်ကြောင်းကို စူးစမ်းလေ့လာ၍ ဖော်ထုတ်တတ်ရန်။

(၂) ရေသည် မြင့်ရာမှ နိမ့်ရာသို့ ရွေ့လျားစီးဆင်းနိုင်ကြောင်းကို စူးစမ်းလေ့လာ၍ ဖော်ထုတ်တတ်ရန်။

(၃) လေသည် အရာဝတ္ထုများကို ရွေ့လျားစေကြောင်း စူးစမ်းလေ့လာ၍ ထုတ်ဖော်ပြောဆိုတတ်ရန်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ကျောင်းသားများနှင့် နှုတ်ခွန်းဆက်ပြီးနောက် ပတ်ဝန်းကျင်ရှိ ကျောက်ခဲ၊ ရေနှင့် လေတို့အကြောင်းကို လေ့လာသင်ယူပြီးနောက် ကျောက်ခဲ၊ ရေနှင့် လေတို့ ရွေ့လျားခြင်းကို လေ့လာသင်ယူရမည်ဖြစ်ကြောင်းကို ဆရာက မိတ်ဆက်ပြောကြားပါ။

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး မေးခွန်းကိုဖတ်၍ ရှင်းပြပြီး ကျောင်းသားများအား ကျောက်ခဲ၊ ရေနှင့် လေတို့ ရွေ့လျားမှုအကြောင်းကို ၎င်းတို့ သိရှိသလောက် ပြောပြစေရပါမည်။ ကျောင်းသားများ၏ ပြောကြားချက်များကို သင်ပုန်းတွင် ရေးသားထားရပါမည်။

ပြီးနောက် စကားပြောများကို ဖတ်ပြ၍ ရှင်းပြရမည်။ ပြီးလျှင် **ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရပါမည်။

အခန်း(၅) ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း

**၅ ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း (၂) ရွေ့လျားခြင်း**



**မေးခွန်းကို ဖြေကြည့်ရအောင်**
ကျောက်ခဲ၊ ရေနဲ့ လေတို့ဘယ်လို ရွေ့လျားကြသလဲ။





ကျွန်တော်က သက်ရှိအရာတွေသာ ရွေ့လျားနိုင်တယ်လို့ထင်ခဲ့တာ တချို့သက်မဲ့အရာတွေလည်း ရွေ့လျားနေတာတွေ့နေရတယ်

လေက ကျောက်ခဲနဲ့ ရေကို ရွေ့စေနိုင်သလား



၅၈

### သတိပြုရမည့်အချက်များ(၁)

* ဤသင်ခန်းစာတွင် ကျောင်းသားများသည် ကျောက်ခဲ၊ ရေနှင့် လေတို့၏ ရွေ့လျားခြင်းကို လက်တွေ့ပြုလုပ်ခြင်းဖြင့် သဘောပေါက် နားလည်စေရန် ဖြစ်ပါသည်။
* **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို လှုံ့ဆော်နှိုးဆွပေးခြင်းဖြစ်သည်။
* ဆွေးနွေးသော အကြောင်းအရာနှင့် အချိန်ကို ဆရာက စနစ်တကျ စီမံခန့်ခွဲရပါမည်။
* ကျောင်းသားများ၏ တွေ့ရှိချက်များကို ဆရာက သင်ပုန်းမှတ်ချက်ရေးထားရမည်။

DBE Box – Copyright Protected

## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ကျောက်ခဲတစ်လုံးကို ယူလိုက်ပါ။ ကျောက်ခဲဟာ တစ်နေရာကနေ တစ်နေရာကို ဘယ်လိုရွေ့လျားတယ်ဆိုတာ လက်တွေ့လုပ်ကြည့်ရအောင်။



လုပ်ငန်း(၂) ရေထည့်ထားတဲ့ ခွက်တစ်ခုကို ယူလိုက်ပါ။ ရေဟာတစ်နေရာကနေ တစ်နေရာကို ဘယ်လိုရွေ့လျားသွားတယ်ဆိုတာ လက်တွေ့လုပ်ကြည့်ရအောင်။



လုပ်ငန်း(၃) အောက်မှာပြထားတဲ့ ရုပ်ပုံတွေကိုကြည့်ပါ။ ရုပ်ပုံနှစ်ပုံရှိ ရေရဲ့ ကွဲပြားချက်တွေကို ပြောပါ။



(က)



(ခ)



### သတိပြုရမည့်အချက်များ(၂)

- ✳ လက်တွေ့လုပ်ငန်း(၁)ကို မလုပ်ဆောင်မီ ဆရာက ကျောက်ခဲနှင့်တစ်ကြိမ် ကြိုတင်၍ စမ်းသပ်ကြည့်ထားပါ။
- ✳ လုပ်ငန်းပြုလုပ်ရာ၌ ပူးပေါင်းဆောင်ရွက်မှုတွင် မပါဝင်သော ကျောင်းသားများ ပါဝင်လာအောင် ဆရာက စောင့်ကြပ်ကြည့်ရှုပေးရပါမည်။
- ✳ ဆရာက ကျောင်းသားများ၏ ပြောကြားချက်များကို စိတ်ရှည်စွာ နားထောင်ပေးရမည်။ ပြောဆိုသည်များ မှားယွင်းပါက မှန်ကန်သည်အထိ ရောက်အောင် တည့်မတ်ပေးရမည်။
- ✳ အများဆုံး မှန်ကန်စွာ ပြောပြနိုင်သည့် အုပ်စု သို့မဟုတ် ကျောင်းသားကို ဆရာက ချီးမွမ်းစကားပြောကြားရမည်။
- ✳ လုပ်ငန်း(၃)တွင် ဖော်ပြထားသော ရုပ်ပုံ(၂)ပုံရှိ ရေ၏ကွဲပြားချက်ဆိုသည်မှာ ရေအနေအထား မတူညီသည့်အချက်များကို ဆိုလိုပါသည်။ ကျောင်းသားများအား ရုပ်ပုံ(၂)ပုံကို ကြည့်ရှုလေ့လာစေပြီး မတူသည့်အချက်များကို ပြောဆိုစေရန် ဖြစ်ပါသည်။



### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၁)**

ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းဝင်းအတွင်းတွင် ကုန်းမြင့်ရှိပါက ထိုနေရာတွင် လက်တွေ့လုပ်ငန်းကို ပြုလုပ်နိုင်သည်။ ကုန်းမြင့်မရှိပါက အတန်းတွင်းတွင် အုပ်စုဖွဲ့ကာ ပျဉ်ပြားတစ်ချပ်၏ နောက်တွင် တုံး သို့မဟုတ် အုတ်ခဲ တစ်လုံးခံ၍ နိမ့်လျှော ပြုလုပ်ကာ ကျောက်ခဲကို ရွေ့လျားစေရမည်။

ကျောက်ခဲသည် တစ်နေရာမှ တစ်နေရာကို မည်သို့ရွေ့လျားနိုင်သည်ကိုလည်း အုပ်စုလိုက် စဉ်းစားစေပြီး လက်တွေ့လုပ်ဆောင်စေရမည်။ တွေ့ရှိချက်များကို တစ်ဖွဲ့ချင်းမေးမြန်းပြီး သင်ပုန်းတွင် ရေးမှတ်ထားရမည်။

ကျောင်းသားများ ကိုယ်တိုင် စဉ်းစားပြောဆိုစေပြီးနောက် ဆရာက “ကျောက်ခဲတွေဟာ မြင့်ရာက နိမ့်ရာကို ရွေ့ကျနိုင်တယ်။ ဒ့ါအပြင် ကျောက်ခဲဟာ အတွန်းခံရတာ၊ အဆွဲခံရတာ၊ အပစ်ခံရတာ၊ လွတ်ကျတာ၊ လိမ့်သွားတာ၊ အကန်ခံရတာနဲ့ အခြားအကြောင်း အမျိုးမျိုးကြောင့် ရွေ့နိုင်တယ်” ဟုပြောပြ၍ နိဂုံးချုပ်ဆိုရပါမည်။

**လုပ်ငန်း(၂)**

ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပြီး ခွက်တစ်ခုတွင် ရေအပြည့်နီးပါးဖြည့်စေကာ ရေသည် ယင်းကိုယ်တိုင် မည်သို့ရွေ့လျား စီးဆင်းနိုင်ကြောင်းကို ကျောင်းဝင်းအတွင်းရှိ ကုန်းမြင့်တစ်နေရာမှ လက်တွေ့စမ်းသပ်မှုကို ပြုလုပ်စေရပါမည်။ ကျောင်းဝင်းမရှိပါက အတန်းထဲတွင် ပြုလုပ်နိုင်ပါသည်။ ဝါးခြမ်းတစ်ခု၏ နောက်တွင် တုံးတစ်ခု သို့မဟုတ် အုတ်ခဲတစ်လုံးခံ၍ နိမ့်လျှော ပြုလုပ်ကာ ရေကို ရွေ့လျားစီးဆင်းစေပြီး လက်တွေ့စမ်းသပ်မှုကို ပြုလုပ်စေရမည်။

ရေသည် ခွက်တစ်ခုမှတစ်ခုသို့ ပြောင်းထည့်ပါကလည်း ရွေ့လျားနိုင်ကြောင်းကိုလည်း လက်တွေ့ပြုလုပ်၍ နားလည်သဘောပေါက်စေရပါမည်။ ပြီးနောက် ဆရာက ကျောင်းသားများ၏ တွေ့ရှိချက်ကို အုပ်စုတစ်စုချင်းစီအား မေးမြန်းပြီး သင်ပုန်းမှတ်ချက်ရေးသားရမည်။ ကျောင်းသားများ ဖြေဆိုရာတွင် လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပြောပြရမည်။

**လုပ်ငန်း(၃)**

လုပ်ငန်း(၃)ပါ စာမျက်နှာ (၁၉)တွင် တွေ့မြင်ရသော ပုံနှင့်စာများကို ဆရာကဖတ်၍ ရှင်းပြပါ။ ပြီးနောက် နှစ်ယောက်တစ်တွဲ တွဲ၍ ပုံနှစ်ပုံ၏



DBE Box — Copyright Protected

## အခန်း ၅(၂)

### စာသင်ချိန် စုစုပေါင်း(၆)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

ကွဲပြားချက်များကို ရှာဖွေစေ၍ အပြန်အလှန် ပြောပြစေရမည်။ ဆရာက နားထောင်၍ လိုအပ်သည်များကို ဖြည့်စွက်မေးမြန်းခြင်း ပြုလုပ်ပေးရပါမည်။ ကျောင်းသားများ၏ ပြောဆိုချက်များကို သင်ပုန်းပေါ်တွင် မှတ်သားထားရမည်။

လုပ်ငန်းပြီးဆုံးပါက ဆရာက ရေသည် မြင့်ရာမှ နိမ့်ရာသို့ ရွေ့လျားစီးဆင်းကြောင်း၊ ရေအိုင်ထဲရှိ ရေသည် ရေခွက်ထဲတွင် ထည့်ထားသော ရေနှင့် တည်ငြိမ်မှု တူကြောင်း၊ ရေအမြင့် တူညီလျှင် စီးဆင်းမှု မရှိကြောင်းပြောပြ၍ နိဂုံးချုပ်ဆိုရမည် ဖြစ်ပါသည်။

လုပ်ငန်းအရ ဖြေဆိုရာတွင် ကျောင်းသားတိုင်း ပါဝင်ဖြေဆိုလာအောင် ဆရာကစောင့်ကြည့် ကြပ်မတ်ပေးရမည်။

**လုပ်ငန်း(၄)**

ဆရာက ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ရုပ်ပုံများအား သေချာစွာ လေ့လာကြည့်ရှုစေရမည်။ "ဘာတွေ တွေ့ရသလဲ၊ ကိုယ့်ဘေးက သူငယ်ချင်းနဲ့ အတူတူကြည့်ပြီး ပြောကြစို့" ဟု ပြောကာ နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောပြစေရမည်။ ဆရာက နားထောင်၍ ဖြည့်စွက်မေးမြန်းခြင်း ပြုလုပ်ပေးရမည်။ လုပ်ငန်းပြီးဆုံးပါက လေသည် အရာဝတ္ထုများကို ရွေ့လျားစေကြောင်း ဆရာက ပြောပြ၍ နိဂုံးချုပ်ဆိုရပါမည်။

**လုပ်ငန်း(၅)**

ဆရာက ကျောင်းသားများကို သင့်တော်သလို အုပ်စုဖွဲ့ပါ။ လေစကြာပြုလုပ်ရန် လိုအပ်သည့် ပစ္စည်းများကို ဆရာက အုပ်စုများအား ဝေငှပေးပါ။ ဆရာက ပြုလုပ်ပုံအဆင့်ဆင့်ကို ရှေ့မှ နမူနာပြုလုပ်ပြပါ။ နားမလည်ပါက စိတ်ရှည်စွာ ထပ်၍ ရှင်းပြရပါမည်။ နမူနာပြုလုပ်ပြရပါမည်။ အုပ်စုတွင်း တစ်ယောက်တစ်ခု ပြုလုပ်စေရမည်။ လေစကြာ ပြုလုပ်ပြီးပါက လေလာရာဘက်ကိုထားပြီး ကစားစေရပါမည်။

အခန်း(၅) ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း

လုပ်ငန်း(၄) ပုံတွေကို ကြည့်ပါ။ ဘယ်အရာက ဒီပစ္စည်းတွေကို ရွေ့စေသလဲ။






လုပ်ငန်း(၅) လေစကြာကလေးလုပ်ပြီး ကစားကြရအောင်။




၆၀

**သတိပြုရမည့်အချက်များ(၃)**

* ဆရာက လုပ်ငန်းပြုလုပ်ရာတွင် အသုံးပြုမည့် ပစ္စည်းများကို ကြိုတင်၍ စီစဉ်ထားရမည်။
* **လေစကြာ ပြုလုပ်ပုံအဆင့်ဆင့်**

(၁) ၆ လက်မ x ၆ လက်မ စတုရန်းပုံရှိသော ရောင်စုံစက္ကူ သို့မဟုတ် စက္ကူဖြူ သို့မဟုတ် သတင်းစာစက္ကူတစ်ရွက်ကို ယူပါ။

(၂) ၎င်းစက္ကူကို အလယ်မှ ထြိဂံပုံသဏ္ဌာန် ထက်ဝက်ခေါက်ချိုးချိုးပါ။ ခေါက်ချိုး၏ တစ်ဝက်ကျော်ကျော်ကို အမှတ်များမှတ်၍ ကတ်ကြေးဖြင့် ညှပ်ပါ။

(၃) စက္ကူ၏ အခြားတစ်ဖက်ကိုလည်း ထိုနည်းအတိုင်း ပြုလုပ်ပါ။

(၄) ညှပ်၍ရသော စက္ကူစအချွန်များကို အလယ်သို့ တစ်ခုခြားစီကွေး၍ ကော်ဖြင့်ကပ်ပါ။

(၅) လေစကြာရရှိလာသောအခါ စကြာ၏ အလယ်တည့်တည့်မှ သံမှိုတစ်ချောင်းကို ခဲဖျက်ပါသော ခဲတံတွင်ထိုး၍ လေလာရာဘက်တွင် ထားကာ ဆော့ကစားနိုင်ပါသည်။

(၆) ကျောင်းသားများ ပျော်ရွှင်စွာ ဆော့ကစားခြင်းဖြင့် သင်ယူရန်ဖြစ်ပါသည်။

DBE Box — Copyright Protected



## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ



ဆိုင်ကလုန်း မုန်တိုင်းဖြစ်ရင် လေပြင်းက ခေါင်မိုးတွေကို လန်စေနိုင်တယ်၊ လွင့်စေနိုင်တယ်။
သစ်ပင်တွေကို အမြစ်က ကျွတ်ထွက်သွားစေနိုင်တယ်။
မြင့်ပြီး ကြီးမားတဲ့ ရေလှိုင်းတွေကိုလည်း ဖြစ်စေနိုင်တယ်။



ကုန်းမြင့်ပိုင်းမှာ မိုးကြီးတဲ့အခါ ရေက နိမ့်ရာကို စီးဆင်းတယ်။
မြေကြီးတွေ၊ အမြစ် ကျွတ်ထွက်နေတဲ့ သစ်ပင်တွေနဲ့ တခြား အရာတွေကို ရေစီးရာ လမ်းကြောင်းတစ်လျှောက် သယ်သွားနိုင်တယ်။



အရင်တုန်းက ကျောက်တုံးအကြီးကြီးတွေကို လူအများကြီးနဲ့ သယ်ခဲ့ကြတယ်။ အခုတော့ လေးတဲ့အရာတွေကို စက်တွေသုံးပြီး မြင့်တဲ့နေရာတွေအထိ သယ်နိုင်တယ်။

၆၁

### သတိပြုရမည့်အချက်များ(၄)

* လေစကြာပြုလုပ်ရာတွင် ရောင်စုံစက္ကူ သို့မဟုတ် စက္ကူဖြူ သို့မဟုတ် သတင်းစာစက္ကူကို အသုံးပြုနိုင်ပါသည်။
* လေစကြာကို ခဲတံ၏ ခဲဖျက်၌ သံမှိုဖြင့် ထိုးတပ်ရာတွင် လက်များမထိခိုက်မိစေရန်နှင့် ကတ်ကြေးကို သတိပြုကိုင်တွယ်ရန် ဆရာက သတိပေးပြောကြားရပါမည်။
* စက္ကူဖြူဖြစ်ပါက ရောင်စုံခဲတံများကို အသုံးပြုနိုင်ပါသည်။
* ဆရာက အဖွဲ့တိုင်းကို စောင့်ကြပ်ကြည့်ရှုပေးရပါမည်။ ဆရာက လက်တွေ့လုပ်ငန်းအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရမည်။
* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** တွင် ဖော်ပြထားသည့် ပုံများအပြင် ကျောင်းသားများသိရှိသည့် အခြားအချက်တို့ရှိပါက ပြောပြစေရမည်။ ဆရာကလည်း ပြောပြရပါမည်။
* ဤအပိုင်းသည် ကျောင်းသားများအတွက် သင်ခန်းစာနှင့် ဆက်စပ်၍ ဗဟုသုတ ရရှိရန် ထည့်သွင်းရေးသားထားခြင်းဖြစ်သည်။

# အခန်း ၅(၂)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ

ဤအပိုင်းသည် ကျောင်းသားများအား ကျောက်ခဲ၊ ရေနှင့် လေတို့ ရွေ့လျားခြင်းကို လေ့လာကြည့်ရှုပြီးနောက် ၎င်းသင်ခန်းစာနှင့် ဆက်စပ်နေသော အကြောင်းအရာများကို ထပ်မံချဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်၊ နေ့စဉ်ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** တွင် တွေ့မြင်ရသည့်အတိုင်း ကျောင်းသားများအား ပုံများကို ကြည့်ရှုစေပြီး နှစ်ယောက်တစ်တွဲ ပြောပြခိုင်းပါမည်။ ပြီးနောက် စာမျက်နှာတွင် မြင်တွေ့ရသော စာများကို တစ်တန်းလုံးအား ဖတ်ရှုခိုင်းပါမည်။

DBE Box — Copyright Protected

# အခန်း ၅(၂)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။ ကျောက်ခဲနှင့် ရေတို့ ရွေ့လျားပုံနှင့် လေသည် အရာဝတ္ထုများကို ရွေ့လျားစေနိုင်ကြောင်းကို မေးခွန်းများမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကိုနားထောင်ပြီး အဖြေများကို သင်ပုန်းမှတ်ချက်ရေးထားရမည်။

ကျောင်းသားများ ဖြေဆိုသည်မှာ ပြည့်စုံမှု မရှိပါက အနှစ်ချုပ်ပိုင်းတွင် ဆရာက ဖြည့်စွက်၍ တည့်မှန်စွာ ပြောပြ၊ ရေးပြရမည်ဖြစ်ပါသည်။

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ကျောက်ခဲနှင့် ရေတို့ ရွေ့လျားခြင်းနှင့် လေသည် အရာဝတ္ထုများကို ရွေ့လျားစေကြောင်းတို့ကို လက်တွေ့ပြုလုပ်ခြင်း၊ တွေ့မြင်ခြင်းတို့ကြောင့် ကျောင်းသားများကိုယ်တိုင် နားလည်သဘောပေါက်မှုကို ရစေပါမည်။ ကျောင်းသုံးစာအုပ်တွင် တွေ့မြင်ရသော အနှစ်ချုပ်စာများကို ဆရာက တစ်ခုချင်းဖတ်ပြပြီး အနှစ်ချုပ်ဆိုရမည်။ ပြီးနောက် ကျောင်းသားများအားလည်း ဖတ်ရှုခိုင်းရပါမည်။

အခန်း(၅) ကျောက်ခဲ၊ ရေနှင့် လေတို့ကို လေ့လာခြင်း



**သိသွားပြီနော်**












**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ကျောက်ခဲ၊ ရေနဲ့ လေတွေဟာ သက်မဲ့တွေဖြစ်ကြတယ်။ သူတို့ဟာ ရွေ့လဲ ရွေ့နိုင်တယ်။

ကျောက်ခဲနဲ့ ရေဟာ မြင့်ရာက နိမ့်ရာကို ရွေ့နိုင်တယ်။ လူတွေ၊ တိရစ္ဆာန်တွေနဲ့ တခြားအရာတွေက သူတို့ကို တခြားနေရာသို့ ရွေ့စေနိုင်တယ်။

လေ ဘယ်လိုရွေ့တယ်ဆိုတာ မမြင်နိုင်ဘူး။ ဒါပေမဲ့ လေဟာ ပစ္စည်းတွေကို ရွေ့စေနိုင်တယ်။ ပစ္စည်းတွေ ရွေ့လျားနေတာကို ကြည့်ပြီး လေဟာ ရွေ့လျားမှုရှိတယ်ဆိုတာ သိနိုင်တယ်။



၆၂

**သတိပြုရမည့်အချက်များ(၅)**

* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** သည် ကျောင်းသားများအတွက် နှုတ်ဖြေစစ်ဆေးခြင်း မဟုတ်ဘဲ ပြင်ပဗဟုသုတရရှိရန် တိုးချဲ့ပေးသော အပိုင်းဖြစ်ပါသည်။
* **သိသွားပြီနော်** အပိုင်းတွင် ဖော်ပြထားသည့် အသိသညာများကို ကျောင်းသားများ ကောင်းစွာရရှိမှု ရှိ၊ မရှိ ဆန်းစစ်ရန် လိုအပ်ပါသည်။

DBE BOX — Copyright Protected

**လေ့ကျင့်ခန်း**

၁။ ရုပ်ပုံတွေက ဘာတွေကို ပြသလဲ။

(က)



______________________________

(ခ)



______________________________

(ဂ)



______________________________



**သတိပြုရမည့်အချက်များ(၆)**

- ✻ နှစ်ယောက်တွဲလုပ်ငန်း ဦးစွာပြုလုပ်ခိုင်းပြီးမှသာ တစ်ဦးချင်းမေးမြန်းရမည် ဖြစ်ပါသည်။
- ✻ တစ်ဦးချင်းပြုလုပ်ခိုင်းပြီး ဆရာက အဖြေမှန်ကို သိစေသောအခါ နှစ်ယောက်တစ်တွဲ ကပ်လျက် အပြန်အလှန် စစ်ဆေးခိုင်းပါ။
- ✻ ကျောင်းသားများ အဖြေရေးသားခြင်းကို စောင့်ဆိုင်းရပါမည်။
- ✻ လေ့ကျင့်ခန်းပြုလုပ်ရာတွင် ကျောင်းသားများ၏ အဖြေသည် မှားယွင်းနေလျှင် အဖြေမှန်ကို ရှာဖွေတတ်ရန်၊ ပြောဆိုတတ်ရန် ဦးတည်သော မေးခွန်းများ မေး၍ သင်ကြားပေးရပါမည်။
- ✻ မှန်ကန်သော အဖြေများကို လက်ခံပေးရမည် ဖြစ်ပါသည်။

## အခန်း ၅(၂)

**စာသင်ချိန် စုစုပေါင်း(၆)ချိန်**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ အဖြေ -

(က) ရေသည် မြင့်ရာမှနိမ့်ရာသို့ ရွေ့လျား စီးဆင်းသည်။

(ခ) ကျောက်ခဲများသည် တစ်နေရာမှ တစ်နေရာသို့ အကြောင်းအမျိုးမျိုးကြောင့် ရွေ့လျားနိုင်သည်။

(ဂ) လေသည် ပစ္စည်းများကို ရွေ့လျားစေသည်။

DBE Box — Copyright Protected

## အခန်း ၆(၁)

### စာသင်ချိန် စုစုပေါင်း(၆)ချိန်

**အခန်း ၆(၁)။ သင်ယူမှုဦးတည်ချက်**

နေမှရသော အပူ၊ အလင်းကို စူးစမ်းလေ့လာတတ်ရန်နှင့် နှိုင်းယှဉ်တတ်ရန်။

**အခန်း ၆(၁)။ အသေးစိတ်ဦးတည်ချက်များ**

(၁) နေမှ အလင်းရောင်ရခြင်းကို အဝတ်မခြုံမီနှင့် ခြုံပြီး စူးစမ်းလေ့လာ နှိုင်းယှဉ်တတ်ရန်။

(၂) နေမှ အလင်းရောင်ရခြင်းကို အပေါက်ပါ ဘူးထဲရှိ ပစ္စည်းအား အပေါက်မှ ကြည့်ခြင်းနှင့် ဘူးဖွင့်ကြည့်ခြင်းဖြင့် စူးစမ်းလေ့လာ နှိုင်းယှဉ်တတ်ရန်။

(၃) အတန်းအပြင်သို့ထွက်ပြီး အေးသောနေရာနှင့် ပူသောနေရာကို ရှာကြည့်ခြင်းဖြင့် နေမှ အပူရရှိသည်ကို စူးစမ်းလေ့လာ နှိုင်းယှဉ် ဖော်ပြတတ်ရန်။

(၄) သဲနှင့် ရေကို စာသင်ခန်းအတွင်းနှင့် နေရောင်အောက်တွင်ထားပြီး ကိုင်ကြည့်ခြင်းဖြင့် နေမှ အပူရရှိသည်ကို စူးစမ်းလေ့လာ နှိုင်းယှဉ် ဖော်ပြတတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ပုံတွင်တွေ့မြင်ရသည်များ၊ မေးခွန်းနှင့် စကားပြောများကို ကြည့်ရှုခိုင်းပါ။ “ ကလေးတွေ ဘာလုပ်နေကြသလဲ၊ ချွေးတွေထွက်နေတာတွေ့သလား၊ ဘာဖြစ်လို့ပါလိမ့် ” “ အဒေါ်ကြီးတစ်ယောက်ကို တွေ့သလား၊ သူရော ဘာလုပ်နေသလဲ၊ ဘာဖြစ်လို့ ထီးဆောင်းပြီး နေကာမျက်မှန်လဲ တပ်ထားပါလိမ့် ” ဟူသော မေးခွန်းကို ကျောင်းသားများကို မေးပြီးနောက် ဆရာကပြန်၍ ဖတ်ပြရှင်းပြပါ။ ကျောင်းသားများ၏ အဖြေကို နားထောင်ပေးပါ။



**၆ နေ၊ လ တို့နှင့် မိတ်ဆက်ခြင်း**
**(၁) နေမှရသော အပူနှင့်အလင်း**



**မေးခွန်းကို ဖြေကြည့်ရအောင်**
နေ က ကမ္ဘာမြေကြီးပေါ်ကို ဘာတွေပေးသလဲ။






၆၄

**သတိပြုရမည့်အချက်များ(၁)**

- * အခန်း ၆(၁)သည် နေမှ အပူနှင့် အလင်းရရှိသည်ကို သိပ္ပံအသိသညာ ပေးရန်ဖြစ်သည်။
- * **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို နှိုးဆွပေးခြင်းဖြစ်သည်။ ကျောင်းသားများကြည့်ရှုချိန် အချိန်(၂)မိနစ်ခန့်ပေးပါ။
- * ကျောင်းသားများ၏ အဖြေသည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လက်ခံ နားထောင်ပေးရမည်။
- * ဘောလုံးကစားတဲ့ ကလေးတွေ နေပူလို့ ချွေးတွေထွက်နေတာဖြစ်တယ်။ အဒေါ်ကြီးက နေရဲ့အပူကို ကာကွယ်ချင်လို့ ထီးဆောင်းထားတာဖြစ်တယ်။ အဒေါ်ကြီးက နေရောင်ကြောင့် မျက်စိစူးလို့ နေကာမျက်မှန်ကို တပ်ထားတာ ဖြစ်တယ် စသည်ဖြင့် ဆရာက ရှင်းပြရပါမည်။
- * ဒုတိယတန်းတွင် သိပ္ပံအသိပညာကို ပေးရာတွင် စူးစမ်းလေ့လာခြင်းနှင့် နှိုင်းယှဉ်လေ့လာခြင်း၌ ကျွမ်းကျင်မှုကို တစ်ပြိုင်နက်တည်း ပေးရန်ဖြစ်သည်။

DBE Box — Copyright Protected



## ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) ပုံထဲကလို ကျောင်းသားနှစ်ယောက် အဝတ်တစ်ခုခြုံကြည့်ပါ။ ခြုံထားတဲ့ အဝတ်ထဲမှာ သူငယ်ချင်းမျက်နှာကို ရှင်းရှင်းလင်းလင်း မြင်ရသလား။ ဘာကြောင့်လဲ။



အဝတ်မခြုံဘဲ ကြည့်ရင် ____________________

အဝတ်ခြုံပြီး ကြည့်ရင် ____________________

ဘာကြောင့်လဲဆိုတော့ ____________________

လုပ်ငန်း(၂) ဘူးထဲမှာ ပစ္စည်းကလေးတစ်ခုရှိတယ်၊ အပေါက်ကလေးကနေ ချောင်းကြည့်ပါ။ ဘာပစ္စည်းလဲမှန်းပြီး ဖြေဆိုပါ။ ပြီးရင် ဘူးကိုဖွင့်ကြည့်လိုက်ပါ။

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | ဘူးထဲမှာ ဘာပစ္စည်းရှိမယ်ထင်သလဲ။ | |
| ၂။ | ဘူးဖွင့်ပြီး တွေ့ရတဲ့ပစ္စည်းက ဘာလဲ။ | |
| ၃။ | အဖြေ(၂)ခု တူပါသလား။ | |
| ၄။ | ဘူးကိုမဖွင့်ခင် ဘာဖြစ်လို့ကောင်းကောင်း မမြင်ရတာလဲ။ | |
| ၅။ | ဘူးကိုဖွင့်ပြီးမှ ဘာကြောင့်ကောင်းကောင်း မြင်နိုင်တာလဲ။ | |
| ၆။ | နေ မှ ဘာကို ရရှိသလဲ။ | |



၆၅

### သတိပြုရမည့်အချက်များ(၂)

* လုပ်ငန်း(၁)ကို ပြုလုပ်ရန် ဆရာမှ အရောင်ရင့်သောအဝတ်တစ်ခုကို ကြိုတင်ပြင်ဆင်ထားခြင်း သို့မဟုတ် ကျောင်းသားများကို ကြိုတင်မှာကြားထားခြင်း ပြုလုပ်ရပါမည်။
* အဝတ်စတင်ခြုံရန် ဆရာက အချက်ပေးပါ။ အဝတ်ခြုံ ဖယ်ရန် အချက်ပေးပါ။ အချိန်(၃၀)စက္ကန့်သာ ပေးရမည်။
* အဝတ်ခြုံနေစဉ် ကျောင်းသားများ ဘေးအန္တရာယ်မရှိစေရန် ဆရာက ဂရုစိုက် ကြီးကြပ်ပေးရပါမည်။
* ဆရာက ကျောင်းသားများ အုပ်စုလုပ်ငန်း မစမီ လမ်းညွှန်ချက်ကို သိ၊ မသိ ပြန်လည်စစ်ဆေးပါ။
* နေရောင်ခြည်သည် ရောဂါပိုးကို သေစေသော်လည်း ပြင်းထန်သော နေရောင်ခြည်ကို ထိတွေ့ပါက အရေပြားနှင့် မျက်စိတို့တွင် ထိခိုက်မှုရှိနိုင်ပါသည်။

## အခန်း ၆(၁)

### စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရပါမည်။

**လုပ်ငန်း(၁)**

ဆရာက ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပေးပါ။ ထို့နောက် ဆရာက နှစ်ယောက်တွဲ လုပ်ငန်းလုပ်ရန် လမ်းညွှန်ချက်ပေးရပါမည်။

(၁) အဝတ်ခြုံထဲတွင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ခြင်းနှင့် အဝတ်မခြုံဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရမည်။

(၂) ဘယ်ဟာက ပိုပြီး တစ်ယောက်နဲ့တစ်ယောက် မြင်ရသလဲ။

(၃) ဘာကြောင့်လဲဆိုတာ သူငယ်ချင်းနဲ့ အဖြေရှာထားပါဟု ညွှန်ကြားရမည်။

(၄) အဖြေကို ကျောင်းသုံးစာအုပ်ထဲတွင် ရေးချစေရမည်။

**လုပ်ငန်း(၂)**

ကျောင်းသုံးစာအုပ်မှ လုပ်ငန်း(၂)တွင်ရှိသော ရုပ်ပုံများနှင့် စာများကို ကျောင်းသားများအား ကြည့်ရှုစေရမည်။ ကျောင်းသားများကို သင့်တော်သော အရေအတွက်ဖြင့် အုပ်စုဖွဲ့ပေးရမည်။

“ ဘူးလေးထဲမှာ ဘာလေးရှိနေတာလဲကြည့်ပြီး မေးခွန်း(၆)ခုကို အုပ်စုအလိုက် တိုင်ပင်ကြပြီး အဖြေ ရှာမယ်နော် ”

အုပ်စုလုပ်ငန်းပြုလုပ်ချိန် (၁၅)မိနစ်ခန့်ပေးပါ။ ထို့နောက် အုပ်စုတစ်ခုကို အဖြေမေးပါ။ အခြားအုပ်စုများကို မတူသော အဖြေကိုပြောခိုင်းပါ။ နောက်ဆုံးတွင် အဖြေမှန်ကို အတန်းသို့ သိစေရပါမည်။

**အဖြေများ**

၁။ ကျောင်းသားများဖြေသော အဖြေမျိုးစုံ
၂။ ဆရာက ထည့်ထားသော ပစ္စည်း
၃။ မတူပါ။
၄။ အလင်းရောင်မရှိလို့။
၅။ အလင်းရောင်ရှိလို့။
၆။ နေမှ အလင်းရောင် ရရှိသည်။

DBE Box — Copyright Protected

# အခန်း ၆(၁)

## စာသင်ချိန် စုစုပေါင်း(၆)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ဆရာက အတန်းအပြင်သို့ထွက်ရန်နေရာကို ကြိုတင် သတ်မှတ်ရှာဖွေထားရမည်။

**လုပ်ငန်း(၃)**

ကျောင်းသုံးစာအုပ်မှ လုပ်ငန်း(၃)တွင်ရှိသော ရုပ်ပုံများနှင့် စာများကို ကျောင်းသားများအား ကြည့်ရှုစေပါ။ သင့်တော်သော အရေအတွက်ဖြင့် အုပ်စုဖွဲ့ပါ။ " အတန်းပြင်ကို ထွက်ကြမယ်၊ နေပူထဲမှာ နေကြည့်မယ်၊ နေရိပ်ထဲမှာ နေကြည့်မယ်၊ ပြီးရင် မေးခွန်း(၆)ခုကို အုပ်စုမှာ တိုင်ပင်ကြပြီး အဖြေ ရှာမယ်နော် "

အုပ်စုလုပ်ငန်းပြုလုပ်ချိန် (၁၅)မိနစ်ခန့် ပေးပါ။ ပြီးနောက် အုပ်စုတစ်ခုကို အဖြေမေးပါ။ အခြားအုပ်စုများကို တူသော အဖြေများကို ထပ်၍မပြောဘဲ မတူသော အဖြေကို ပြောခိုင်းပါ။ နောက်ဆုံးတွင် အဖြေမှန်ကို အတန်းသို့ သိစေရပါမည်။

အဖြေများ

၁။ ပူတယ်။

၂။ နေပူထဲ။

၃။ နေရှိလို့၊ နေပူကြောင့်၊ နေရောင်ထိုးလို့။

၄။ အေးတယ်။

၅။ နေရောင်အောက်မှာ ပူတယ်၊ သစ်ပင်အောက်မှာ အေးတယ်။

၆။ နေမှ အပူ ရရှိတယ်။



လုပ်ငန်း(၃) အတန်းအပြင်ထွက်ပြီး အေးတဲ့နေရာနဲ့ ပူတဲ့နေရာရှာပြီး နေပါ။ အောက်က မေးခွန်းတွေကိုလဲ ဖြေကြည့်ပါ။




| စဉ် | မေးခွန်းများ | အဖြေများ |
|---|---|---|
| ၁။ | နေပူထဲမှာ ပူသလား၊ အေးသလား။ | |
| ၂။ | စာသင်ခန်းထဲနဲ့ နေပူထဲ ဘယ်နေရာကပိုပူသလဲ။ | |
| ၃။ | သစ်ပင်အောက်မှာနေရင် ပူသလား၊ အေးသလား။ | |
| ၄။ | နေရောင်အောက်မှာနေတာနဲ့ သစ်ပင်အောက်မှာ နေတာ ဘာကွာခြားသလဲ။ | |
| ၅။ | နေရောင်အောက်မှာ နေရင် ဘာကြောင့် ပူတယ်၊ နွေးတယ်လို့ ထင်သလဲ။ | |
| ၆။ | နေက ဘာကို ပေးတာလဲ။ | |



### သတိပြုရမည့်အချက်များ(၃)

* လုပ်ငန်း(၃)သည် ကျောင်းသားများအတွက် စူးစမ်းလေ့လာမှု၊ နှိုင်းယှဉ်လေ့လာမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုကို အလေ့အကျင့် ရရှိစေရန် ဖြစ်ပါသည်။
* အုပ်စုလုပ်ငန်းပြုလုပ်ရာတွင် ကျောင်းသားများအား ငြီးငွေ့မှု၊ အာရုံစူးစိုက်မှု လျော့နည်းစေမှုများနှင့် အချိန်ဖြုန်းတီးမှု မဖြစ်ပေါ်စေရန် အုပ်စုတစ်ခုမှ စတင်ပြီး တွေ့ရှိမှုကို အတန်းသို့ ဝေငှပြောဆိုပြီးနောက် အခြားသော အဖွဲ့များမှ ပထမအဖွဲ့နှင့် မတူသော တွေ့ရှိမှုကိုသာ တင်ပြစေရပါမည်။
* အရိပ်ရနိုင်သော သစ်ပင်မရှိပါက ထီးကိုအသုံးပြု၍ အရိပ်ရစေရန် ဖန်တီးနိုင်ပါသည်။
* နေပူထဲနေချိန်ကို စက္ကန့် (၃၀)မှ (၁) မိနစ်အတွင်းသာ နေသင့်ပါသည်။
* ကျောင်းသားများ အတန်းပြင်သို့ ထုတ်ရာတွင် အန္တရာယ်မရှိစေရန် အထူးကြီးကြပ်ပေးရမည်။

DBE Box — Copyright Protected

လုပ်ငန်း(၄) သဲနဲ့ ရေကို နေပူထဲ မထားမီနဲ့ ထားပြီး မတူတာ ရှာကြည့်မယ်။










တွေ့ရှိချက် ______________________

ဘာကြောင့်လဲဆိုတော့ ______________________



## ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ



နေရဲ့အပူရှိန်နဲ့ ငါးတွေကို အခြောက်လှန်းလို့ရတယ်



နေရဲ့အပူရှိန်ကြောင့် မြေကြီးတွေ ပပ်ကြားအက်ကုန်တယ်



### သတိပြုရမည့်အချက်များ(၄)

* ကျောင်းသားများကို မေးခွန်းဖတ်ခိုင်းခြင်း၊ မေးခွန်းများကို ရှင်းလင်းခြင်း၊ လုပ်ငန်းမည်သို့ပြုလုပ်ရမည်ကို ညွှန်ကြားခြင်းတို့ကို (၇)မိနစ်ထက် မကျော်လွန်စေရပါ။
* နေပူထဲတွင် သဲနှင့် ရေ ထားခြင်းကို အချိန်(၁၀)မိနစ်ခန့် ပေးရမည် ဖြစ်ပါသည်။
* နေမှရသော အပူသည် လူတွေအတွက် အကျိုးရှိသော လုပ်ငန်းများရှိပါသည်။
* ထို့အတူ နေမှရသော အပူသည် လူတွေအတွက် ဆိုးကျိုးကို ဖြစ်ပေါ်စေကြောင်းကိုလည်း ပြောပြပေးခြင်း ဖြစ်ပါသည်။
* နေမှ အပူရှိန်ပြင်းလွန်းလျှင် ရေတွင်း၊ ရေကန်များ ခန်းခြောက်နိုင်ပါသည်။
* အေးသောဒေသများတွင် လုပ်ငန်း(၄) ပြုလုပ်ရန် လိုအပ်သည့် အနေအထားရောက်သည့် အချိန်ကာလကို အသုံးပြုပါ။
* ဤအပိုင်းသည် ကျောင်းသားများကို သင်ခန်းစာနှင့် ပတ်ဝန်းကျင် နေ့စဉ်ဖြစ်ရပ်များနှင့် ချိတ်ဆက်ပေးခြင်းဖြစ်ပါသည်။

## အခန်း ၆(၁)

**စာသင်ချိန် စုစုပေါင်း(၆)ချိန်**

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၄)**

လုပ်ငန်း(၄)တွင်ရှိသော ရုပ်ပုံများနှင့် စာများကို ကျောင်းသားများအား ကြည့်ရှုစေပါ။

သင့်တော်သော အရေအတွက်ဖြင့် အုပ်စုဖွဲ့ပါ။ အုပ်စုလုပ်ငန်း မပြုလုပ်မီ လမ်းညွှန်ချက်ကို မှာကြားပါ။

(၁) ပေးထားသော သဲနှင့် ရေခွက်ကို အတန်းထဲမှာ သဲနှင့် ရေကို ကိုင်ကြည့်ရမည်။
(၂) ပြီးလျှင် အတန်းပြင် နေပူထဲတွင် သဲနှင့် ရေခွက်ကို ထားရမည်။
(၃) နေပူထဲက ပြန်ယူလာလျှင် သဲနှင့် ရေကို ပြန်ကိုင်ကြည့်ရမည်။
(၄) အတန်းထဲမှာ သဲနှင့်ရေကို ကိုင်ကြည့်တာ အေးသလား၊ ပူသလား။
(၅) နေပူထဲက ပြန်ယူလာတော့ သဲနှင့်ရေက အေးသလား၊ ပူသလား။
(၆) အုပ်စုမှာ တိုင်ပင်ကြပြီး ကျောင်းသုံးစာအုပ်ထဲမှာ တွေ့ရှိချက် အဖြေကိုရေးပါ။

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ကျောင်းသားများ **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**ကို ဖတ်ရှုလေ့လာရပါမည်။ တွေ့မြင်ရသော ပုံနှင့် စာများအကြောင်း ကျောင်းသားများက ပြောကြားသည်များကို စိတ်ရှည်စွာ နားထောင်ပေးပါ။

ကျောင်းသားများ ပတ်ဝန်းကျင်တွင် တွေ့ကြုံမှုများမှ ကောင်းကျိုးနှင့် ဆိုးကျိုးကိုမေးပြီး နားထောင်ပေးရမည်။

DBE Box — Copyright Protected

## အခန်း ၆(၁)

### စာသင်ချိန် စုစုပေါင်း(၆)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိ ရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။ "သင်ခန်းစာ ၆(၁)မှာ လုပ်ငန်း(၄)ခု လုပ်ပြီးသွားပြီ၊ ဘာတွေ သိသွားကြပြီလဲ၊ ပြောပြပါဦး " မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး နောက်ဆုံးတွင် ဆရာက ပြောဆိုရမည် ဖြစ်သည်။

ကျောင်းသားများ၏ အဖြေတိုင်းကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံနားထောင်ပေးရမည် ဖြစ်ပါသည်။ ကျောင်းသားများ ပြောပြမှုကို နားထောင်ပြီးနောက်မှသာ " **သိသွားပြီနော်** " ပါသော စာမျက်နှာကို ၎င်းတို့အား ကြည့်ရှုစေပြီး ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ကျောင်းသုံးစာအုပ်တွင် မြင်တွေ့ရသော အနှစ်ချုပ်မှ စာများကို ကျောင်းသားတစ်ဦးချင်း ဖတ်ရှုရန် အချိန်ပေးပါ။ ထို့နောက် **သိသွားပြီနော်** အပိုင်းတွင် ကျောင်းသားများ ဖြေဆိုခဲ့သည်များတွင် လိုအပ်နေသေးသော အချက်အလက်များကို သင်ပုန်းမှတ်ချက်ရေးပြီး အနှစ်ချုပ်ဆိုရပါမည်။

သင်ပုန်းပေါ်တွင် ဆရာက အနှစ်ချုပ်ပုံကို ရေးဆွဲပြီး ရှင်းလင်းနိုင်ပါသည်။

အခန်း(၆) နေ၊ လ တို့နှင့် မိတ်ဆက်ခြင်း

**သိသွားပြီနော်**



နေက အလင်းကို ရတယ်

နေက အပူကိုလဲ ရတယ်



**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**






**လေ့ကျင့်ခန်း**

၁။ ကွက်လပ်ဖြည့်ပါ။

(က) နေက __________ပေးလို့ ပူနွေးတယ်။ (က) __________

(ခ) နေက ________ရရှိလို့ နေ့ဘက်မှာ မြင်ရတယ်။(ခ) __________

၆၈

### သတိပြုရမည့်အချက်များ(၅)

- ဆရာမှ ဦးဆောင်ပြောကြားခြင်းကို **သိသွားပြီနော်** အပိုင်းတွင် မပြုလုပ်ရပါ။
- ကျောင်းသားများ ဖြေဆိုမှုကို ဦးစားပေးရမည်။
- အနှစ်ချုပ်အပိုင်းတွင် ဆရာက ဦးဆောင်ပြောကြားရပါမည်။
- အလင်းသည် မြင်နိုင်စွမ်းကို လှုံ့ဆော်ပေးသည်။
- အလင်းရောင်ကြောင့် စိမ်းလန်းသောအပင်များ အစာချက်လုပ်နိုင်သည်။
- နေမှရသော အပူနှင့် အလင်းသည် သက်ရှိအားလုံးအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်။
- နေမှရသော အပူကြောင့် ရာသီဥတုကို ဖြစ်ပေါ်စေသည်။
- နေမှရသော အပူနှင့် အလင်းသည် သဘာဝမှပေးသော စွမ်းအင်များဖြစ်ပါသည်။

DBE Box – Copyright Protected

၂။ အဝတ်စိုတွေကို နေလှန်းရင် ဘာဖြစ်မလဲ၊ ဘာကြောင့်လဲ။

___

၃။ ညဘက်မှာ အလင်းရောင်ရဖို့ လျှပ်စစ်မီးသီး၊ ဖယောင်းတိုင် သုံးကြတယ်။ နေ့ဘက်မှာ အဲဒါတွေ မသုံးဘဲနဲ့ အားလုံးကို မြင်ရတာ ဘာကြောင့်လဲ။

___

၄။ နေလုံးပါသော ပုံတစ်ပုံရေးဆွဲပါ။ ဆွဲထားသော ပုံအကြောင်း အောက်တွင်ရေးပါ။

___



## သတိပြုရမည့်အချက်များ(၆)

* ဤအပိုင်းသည် ကျောင်းသားများ၏ တတ်မြောက်မှု စစ်ဆေးခြင်း ဖြစ်ပါသည်။
* လိုအပ်နေသော ကျောင်းသားများကို ပံ့ပိုးကူညီပေးရမည်။
* ကျောင်းသား၏ အားနည်းချက်ကို ရှာဖွေပြီး ဖြည့်ဆည်းပေးရမည်။
* အသက်(၇⁺)နှစ်အရွယ် ကလေးများ ရေးတတ်သလို လက်ခံပေးရမည်။
* သိပ္ပံအသိ မှန်ကန်ရန်သာ ဦးစားပေးပါ။
* ပုံရေးဆွဲခြင်းသည် ကျောင်းသားအားလုံး တူညီရန် မလိုအပ်ပါ။
* ကျောင်းသား၏ စိတ်ကူးများကို လမ်းဖွင့်ပေးပါ။
* ဆရာက ကျောင်းသားများအား အကဲဖြတ်စစ်ဆေးရာတွင် ဘက်လိုက်မှု မရှိစေရန် အထူးဂရုပြုရန် လိုအပ်ပါသည်။

## အခန်း ၆(၁)

### စာသင်ချိန် စုစုပေါင်း(၆)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ် လေ့ကျင့်ခန်းအတွက် အဖြေများ**

၁။ (က) အပူ

(ခ) အလင်း

၂။ ခြောက်သွားမယ်

နေက အပူရလို့

၃။ နေ့ဘက်မှာ နေမှ အလင်းပေးလို့

၄။ ကျောင်းသားများ ရေးဆွဲသော ပုံကို လက်ခံပေးရမည်။

နေက အလင်းရောင်ရတယ်။

နေက အပူရတယ်။

DBE Box — Copyright Protected

# အခန်း ၆(၂)

**စာသင်ချိန် စုစုပေါင်း(၄)ချိန်**

**အခန်း ၆(၂)။ သင်ယူမှုဦးတည်ချက်**

လကိုမြင်ရပုံ ပြောင်းလဲခြင်း အဆင့်ဆင့်အား စူးစမ်းလေ့လာတတ်ရန်နှင့် နှိုင်းယှဉ်တတ်ရန်။

**အခန်း ၆(၂)။ အသေးစိတ်ဦးတည်ချက်များ**

(၁) ညအချိန်တွင် မြင်ရသော လ အကြောင်းကို စူးစမ်းလေ့လာပြီး ပြောပြတတ်ရန်။

(၂) တစ်လအတွင်း လ မြင်ရပုံ ပြောင်းလဲခြင်း အဓိက(၈)မျိုးကို စူးစမ်းလေ့လာ နှိုင်းယှဉ် ဖော်ပြတတ်ရန်။

(၃) လ မြင်ရပုံကို စူးစမ်းလေ့လာပြီး အမည်ဖြင့် ဖော်ပြတတ်ရန်။

(၄) လ မြင်ရပုံ ပြောင်းလဲခြင်း အဆင့်ဆင့်ကို အစဉ်လိုက် ဖော်ပြတတ်ရန်။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**မေးခွန်းကို ဖြေကြည့်ရအောင်** စာမျက်နှာကို ဖွင့်ပြီး ကျောင်းသားများအား ပုံတွင်တွေ့မြင်ရသည်များ၊ မေးခွန်းနှင့် စကားပြောများကို ကြည့်ရှုခိုင်း၊ ဖတ်ခိုင်းပါ။

မေးခွန်းကို ကျောင်းသားများအား ဖတ်ခိုင်းပြီးနောက် ဆရာက ပြန်၍ဖတ်ပြပါ။ စကားပြောများကိုလည်း ဆရာမှ ပြောပြပါ။

ကျောင်းသားများသည် ထိုအချိန်တွင် အဖြေမှန် မပေးနိုင်လည်း အဖြေမှန်ရရန် မလိုအပ်သေးပါ။ **မေးခွန်းကို ဖြေကြည့်ရအောင်** အပိုင်းသည် ကျောင်းသားများ၏ သင်ယူမှုကို နှိုးဆွပေးခြင်း ဖြစ်သည်။



## ၆ နေ၊ လတို့နှင့် မိတ်ဆက်ခြင်း
## (၂) လကို မြင်ရပုံ ပြောင်းလဲခြင်း

**မေးခွန်းကို ဖြေကြည့်ရအောင်**
လကို ဘယ်လိုပုံတွေ မြင်ရသလဲ။






**သတိပြုရမည့်အချက်များ(၁)**

* နေ မှလာသော အလင်းတန်းသည် လပေါ်သို့ကျရောက်ပြီး အလင်းပြန်ခြင်းသည် ကမ္ဘာပေါ်သို့ကျရောက်သောကြောင့် လ ကို ကမ္ဘာပေါ်မှ မြင်ရခြင်းဖြစ်သည်။ လ သည် တစ်လတာကာလအတွင်း ကမ္ဘာကို တစ်ပတ်အပြည့် လည်ပတ်သည်။ ကမ္ဘာပေါ်မှ လ ကို မြင်ရပုံများ အမျိုးမျိုး ပြောင်းလဲနေခြင်း ဖြစ်သည် စသည့်အချက်များကို ဆရာက ရှင်းပြရပါမည်။
* တစ်လတာအတွင်း လ ကို ကမ္ဘာမှ မြင်ရပုံ အဓိက(၈)မျိုးရှိသည်။
* ထိုအသိသညာအားလုံးမှ အသက်(၇+)နှစ်အရွယ် ကလေးနှင့် ကိုက်ညီသော အချို့ကိုသာ သင်ကြားပေးထားခြင်း ဖြစ်ပါသည်။

DBE Box – Copyright Protected

# အခန်း ၆(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်





### ကြိုးစားပြီးရှာဖွေကြရအောင်

လုပ်ငန်း(၁) မနေ့ညက မြင်ခဲ့ရတဲ့ လ ကို ပုံဆွဲပြီး စာနဲ့လဲ ရေးပြပါ။

| | |
|---|---|
| လရဲ့ပုံသဏ္ဌာန် (ဘေးကအကွက်မှာ ဆွဲပါ) | |
| ဘေးကပုံထဲက လနဲ့ ပုံသဏ္ဌာန် တူသလား | |
| ဘယ်အချိန် မြင်တာလဲ | |
| ဘယ်နေရာမှာ မြင်တာလဲ | |



လုပ်ငန်း(၂) ပုံတွင် လကို မြင်ရပုံ ပြောင်းလဲတာကို ကြည့်ပြီး ဖြည့်စွက်ပါ။



| လကွယ် | လဆန်း | လဆန်း (၈)ရက် | လဆန်း (၁၄)ရက် | လပြည့် | လဆုတ် | လဆုတ် (၈)ရက် | လဆုတ် (၁၄)ရက် |
|---|---|---|---|---|---|---|---|
| လကို မတွေ့ရပါ | ညာဘက် ကွေး၊ သေးတယ် | ညာဘက် ခြမ်းမြင်၊ တစ်ဝက် | ညာဘက် ခြမ်းမြင်၊ ကြီးတယ် | | | | |



### သတိပြုရမည့်အချက်များ(၂)

- ✳ လုပ်ငန်း(၁)ကို ပြုလုပ်ရန်အတွက် တစ်ရက်ကြိုတင်၍ ဆရာက ကျောင်းသားများအား ညအချိန်တွင် တွေ့မြင်ရသော လ ကို ကြည့်ရှုလေ့လာခြင်း ပြုလုပ်ခဲ့ရန် မှာကြားရမည် ဖြစ်ပါသည်။ ဆရာကလည်း ထိုညတွင် တွေ့ရသော လ၏ ပုံသဏ္ဌာန်ကို ကြည့်ရှုထားရမည် ဖြစ်ပါသည်။
- ✳ မနေ့ညက တွေ့ရသော လ ဖြစ်ပါသဖြင့် ကျောင်းသားအားလုံး၏ ရေးဆွဲထားသော လ ၏ ပုံသဏ္ဌာန်သည် တူနေရမည် ဖြစ်ပါသည်။
- ✳ လုပ်ငန်း(၂)ကို သင်ကြားရန် ကျောင်းသားများ ညာဘက်၊ ဘယ်ဘက်ကို သိ၊ မသိ ဦးစွာ အကြို စစ်ဆေးထားရမည်။
- ✳ ကျောင်းသားများ အဖြေများရေးပြီးနောက်တွင်
  “ လ ကလေး က သေးတယ်
  ညာဘက်ကို ကွေးတယ်
  လဆန်း ” စသည်ဖြင့် ကဗျာလေးကဲ့သို့ ရွတ်ဆိုခွင့်ပေးလျှင်လည်း ကလေးများ ပျော်ရွှင်မည် ဖြစ်ပါသည်။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**ကြိုးစားပြီးရှာဖွေကြရအောင်** အပိုင်းကို သင်ကြားကြရပါမည်။

**လုပ်ငန်း(၁)**

မနေ့ညက စူးစမ်းလေ့လာခဲ့သော လ အကြောင်းကို ဇယားတွင် ဖြေဆိုရန် ဆရာက ဦးစွာ ပြောပြရမည်ဖြစ်သည်။

ပြီးနောက် ကျောင်းသား တစ်ဦးချင်း ကျောင်းသုံးစာအုပ်တွင် ဖြည့်စွက်ရပါမည်။

တစ်ဦးချင်းလုပ်ငန်း ပြုလုပ်နေစဉ် အတန်းသို့ လှည့်လည်ကြည့်ရှုပြီး ကူညီပေးရမည် ဖြစ်ပါသည်။ ကျောင်းသားတစ်ဦးချင်းလုပ်ငန်း ပြုလုပ်ပြီးနောက် အဖြေကို ဘေးမှ သူငယ်ချင်းသို့ ပြောစေရပါမည်။ (နှစ်ယောက်တွဲ လုပ်ငန်း)

လုပ်ငန်း(၁)မပြုလုပ်မီ ညတွင် ကြည့်ရှုသည့် လ ဖြစ်သောကြောင့် ကျောင်းသားများ ရေးဆွဲသော လ သည် ပုံသဏ္ဌာန်အတူတူပင် ဖြစ်ရမည်ဖြစ်ပါသည်။ မြင်ရသော အချိန်နှင့် မြင်ရသော နေရာများသည် တစ်ဦးနှင့် တစ်ဦး မတူညီနိုင်ပါ။

အဖြေမတူရင် ဆရာကိုပြောပါဟု ပြောထားရပါမည်။ ကျောင်းသားများ၏ ဖြေဆိုမှုများကို မှန်ကန်အောင် အကြောင်းပြချက်ပေး၍ တည့်မတ်ပေးရမည် ဖြစ်ပါသည်။

**လုပ်ငန်း(၂)**

လုပ်ငန်း(၂)သည် လ ကို မြင်ရပုံ အဓိက(၈) မျိုးအား ပုံသဏ္ဌာန်၊ အမည်နှင့်တကွ ကျောင်းသားကို မိတ်ဆက်ပေးခြင်း ဖြစ်သည်။

နှစ်ယောက်တစ်တွဲ တိုင်ပင်ပြီး လုပ်ငန်းကို ပြုလုပ်ခိုင်းရမည်။ ကျောင်းသားများ လုပ်ငန်း မပြုလုပ်မီ ဆရာက ပထမပုံ (၄)ပုံအား သင်ပုန်းတွင် ရေးဆွဲထားပြီး မြင်ရပုံကို စူးစမ်းလေ့လာခိုင်း၍ နှိုင်းယှဉ်ပြီး ရှင်းလင်းပြသရမည်။

ပြီးနောက် လပြည့်ပုံမှ စတင်ပြီး ကျောင်းသားများအား စူးစမ်းလေ့လာ နှိုင်းယှဉ်ခိုင်းပြီး တွေ့ရှိချက်ကိုဖြည့်စွက်စေရမည်။

အဖြေများ

| လပြည့် | လဆုတ် | လဆုတ် (၈)ရက် | လဆုတ် (၁၄)ရက် |
|---|---|---|---|
| အပြည့် မြင်ရတယ် | ဘယ်ဘက် ခြမ်းမြင် ကြီးတယ် | ဘယ်ဘက် ခြမ်းမြင် တစ်ဝက် | ဘယ်ဘက် ကွေး သေးတယ် |

DPE Box – Copyright Protected

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၃)**

လုပ်ငန်း(၃)သည် လုပ်ငန်း(၂)တွင် ပြုလုပ်ထားသည့် လကိုမြင်ရပုံ အဓိက(၈)မျိုး၏ ပုံသဏ္ဍာန်နှင့် အမည်ကို သိရှိမှု ရှိ ၊ မရှိ ထပ်မံစစ်ဆေးသော လုပ်ငန်းဖြစ်ပါသည်။

ပထမဦးစွာ လုပ်ငန်း(၃)ပါ စာနှင့် ပုံများကို ကျောင်းသားအားလုံးကို ဖတ်ရှုခိုင်းရပါမည်။ ပြီးနောက် ကျောင်းသားတစ်ဦးတည်းအား ဖတ်ခိုင်းပါ။

မေးခွန်းဖတ်ပြီးသောအခါ အခြား ကျောင်းသားများထဲမှ တစ်ဦးကို မေးခွန်းကို နားလည်၊ မလည် ပြန်လည်မေးမြန်းရပါမည်။

ကျောင်းသားများ ပြုလုပ်ရမည့် လုပ်ငန်းကို နားလည်ပြီဆိုလျှင် အမည်များကို ရေးခိုင်းရပါမည်။ (တစ်ဦးချင်းလုပ်ငန်း)

အဖြေမှန်ကို ဆရာက ပြောပြရပါမည်။

ပုံ(က) လဆန်း(၈)ရက်

ပုံ(ခ) လဆန်း

ပုံ(ဂ) လပြည့်

ပုံ(ဃ) လဆုတ်(၈)ရက်

လ ကို မြင်ရခြင်း(၄)မျိုးတွင် ပုံ(ခ) သည် လ ကို စတင်၍ မြင်ရခြင်း၊ ပုံ(က) သည် လဆန်းပြီး (၈)ရက်အကြာတွင် မြင်ရခြင်း၊ ပုံ(ဂ) သည် လ ကို အပြည့်မြင်ရခြင်းနှင့် ပုံ(ဃ) သည် လ ကို မြင်ရခြင်းမှ တဖြည်းဖြည်း ပျောက်ကွယ်လာ၍ လဆုတ်(၈)ရက် အကြာတွင် တွေ့မြင်ရသည့် ပုံများဖြစ်သည်။ ထိုသို့ လ ကို ကမ္ဘာပေါ်မှ မြင်ရပုံမှာ ပြောင်းလဲနေသည်။ နောက်ဆုံးတွင် လ မမြင်ရသည့် အချိန်ကို ဒေသအခေါ်အဝေါ်အရ လမိုက်ညဟု ခေါ်ဆိုကြောင်း ဆရာက ကျောင်းသားများ ဖြေပြီးနောက် ပြောပြရမည်။



လုပ်ငန်း(၃) လ ပုံ တစ်ပုံစီရဲ့ ဘေးမှာ နာမည်ရေးကြစို့။




(က) ------------------------------------------------




(ခ) ------------------------------------------------




(ဂ) ------------------------------------------------




(ဃ) ------------------------------------------------



### သတိပြုရမည့်အချက်များ(၃)

* လုပ်ငန်း(၂)နှင့် လုပ်ငန်း(၃)သည် မိနစ်(၄၀) စာသင်ချိန် တစ်ချိန်စာအတွင်း ပြုလုပ်ရမည် ဖြစ်သည်။
* လုပ်ငန်း(၃)ကို ပြုလုပ်ရာတွင် ကျောင်းသားကို မေးခွန်းဖတ်ခိုင်းခြင်း၊ မေးခွန်းများကို ရှင်းလင်းခြင်း၊ လုပ်ငန်း မည်သို့ပြုလုပ်ရမည်ကို ညွှန်ကြားခြင်းသည် (၅)မိနစ်ထက် မကျော်လွန်စေရပါ။
* လ ကို တစ်လတာအတွင်း မြင်ရပုံ အမျိုးမျိုးရှိသည်။ လ ကို မမြင်ရသည့် အချိန်ကာလလည်းရှိသည်။ သို့သော်လည်း လ ၏ ပုံသဏ္ဍာန် ပြောင်းလဲသွားခြင်းမဟုတ်ဘဲ လ ကို ကမ္ဘာပေါ်မှ မြင်ရပုံ ပြောင်းလဲခြင်းသာဖြစ်ကြောင်း ဆရာက ကျောင်းသားများအား ပြောပြထားရမည်။

DPE Box – Copyright Protected

လုပ်ငန်း(၄)   လ ကိုမြင်ရပုံ အမျိုးမျိုးထဲက လိုနေတဲ့ (၃)မျိုးကို ဖြည့်စွက်ကြမယ်။ (အုပ်စုလုပ်ငန်း)








**သတိပြုရမည့်အချက်များ(၄)**

* လုပ်ငန်း(၄)သည် ကျောင်းသားများအတွက် စူးစမ်းလေ့လာမှု၊ နှိုင်းယှဉ်လေ့လာမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုကို အလေ့အကျင့် ရရှိစေရန် ဖြစ်ပါသည်။
* လုပ်ငန်း(၄)အတွက် ဆရာက သင်ထောက်ကူများကို ကြိုတင်ပြင်ဆင်ထားရမည်။
* မေးခွန်းပါ ပုံဇယားကို အုပ်စုအရေအတွက်အတိုင်း ဝေငှနိုင်ရန် ကြိုတင်ဆွဲထားရပါမည်။
* လ ကို မြင်ရပုံ အဓိက(၈)မျိုး အဝိုင်းလေးများကို အဖြူ ၊ အမည်းအရောင်တို့ဖြင့် ရေးဆွဲထားရပါမည်။
* အုပ်စုတစ်စုစီကို အဖြေမှန် (၃)ပုံနှင့် အဖြေမှန်မဟုတ်သော (၁)ပုံ စုစုပေါင်း (၄)ပုံသာ ပေးထားရမည်။
* လ ပုံများကို ကပ်ရန် ကော်ကို အဖွဲ့တိုင်းသို့ ပေးနိုင်ရန် စီစဉ်ထားရပါမည်။

## အခန်း ၆(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**လုပ်ငန်း(၄)**

လုပ်ငန်း(၄)တွင် ကျောင်းသားများသည် လိုနေသော လ ကိုမြင်ရပုံ (၃)မျိုးအား ကွက်လပ်တွင် ဖြည့်စွက်ပေးခြင်းဖြင့် လ ကိုမြင်ရပုံ ပြောင်းလဲခြင်း တတ်မြောက်မှုကို ဖော်ပြနိုင်သည့် လုပ်ငန်းဖြစ်ပါသည်။

ထို့ကြောင့် ဦးစွာ မေးခွန်းများကို ကျောင်းသားတစ်ဦးကို ဖတ်ခိုင်းရပါမည်။ မေးခွန်းကို ဆရာက ပြန်လည် ရှင်းပြရပါမည်။

အတန်းတွင်းရှိ ကျောင်းသားဦးရေနှင့် လုပ်ငန်းပြုလုပ်ရာတွင် ကျောင်းသားတိုင်း ပါဝင်နိုင်ရေးအတွက် သင့်တော်သော ဦးရေဖြင့် အုပ်စုဖွဲ့ပါ။

ဆရာက အုပ်စုလုပ်ငန်းပြုလုပ်ရန် အောက်ပါ လမ်းညွှန်ချက်များ ပေးရပါမည်။

(၁) ပေးထားသည့် စာရွက်ထဲမှာပါသော ပုံဇယားကို ကြည့်ရှုပါ။

(၂) လိုနေသော နေရာတွင် ထည့်ရမည့် လ ပုံလေးများကို အုပ်စုတွင်း တိုင်ပင်ပါ။

(၃) အကုန်ဖြည့်ပြီးပါက လက်ထောင်ပါ။

(၄) အုပ်စုအားလုံးပြီးလျှင် တစ်အုပ်စုစီမှ တစ်ယောက်က ကိုယ်စားပြုပြီး ကပ်ထားသော ပုံကို အတန်းသို့ ပြောကြားရမည်။

ကျောင်းသားများ လမ်းညွှန်ချက်ကို သိ၊ မသိ ပြန်လည်စစ်ဆေးရမည် ဖြစ်ပါသည်။

ကျောင်းသားများ လုပ်ငန်းလမ်းညွှန်ချက်ကို သိရှိလျှင် အုပ်စုလုပ်ငန်းစတင်လုပ်ဆောင်ရမည် ဖြစ်ပါသည်။ (အုပ်စုလုပ်ငန်း)

ကျောင်းသားများ အုပ်စုလုပ်ငန်း ပြုလုပ်နေစဉ် ဆရာက လိုက်လံကြည့်ရှုနေရမည် ဖြစ်ပါသည်။ အုပ်စုလုပ်ငန်းပြီးဆုံးသောအခါ ဆရာက အဖြေမှန်ကို အတန်းသို့ ပြောကြားရမည် ဖြစ်ပါသည်။

UBE Box — Copyright Protected

## အခန်း ၆(၂)

### စာသင်ချိန် စုစုပေါင်း(၄)ချိန်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

ကျောင်းသားများ **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** စာမျက်နှာကို (၅)မိနစ်ခန့် ကြည့်ရှုပါစေ။

" ဘာတွေမြင်ရသလဲ ပြောပြပါ" ဟု ဆရာက မေးပြီး ကျောင်းသားများ၏ အဖြေကို နားထောင်ပေးပါ။ ကျောင်းသားများ လွတ်လပ်စွာ ဖြေဆိုမှုများကို လက်ခံပေးရပါမည်။

လ ကို မြင်ရခြင်းသည် လ မှ အလင်းရောင်ထုတ်လွှတ်ခြင်းကြောင့် မဟုတ်ပါ။ လ က အလင်းရောင်ပေးသော်လည်း လ မှာ ကိုယ်ပိုင် အလင်းရောင် မရှိပါ။

ထိုသို့ လ က အလင်းရောင်ပေးခြင်းမှာ နေမှလာသော အလင်းတန်းသည် လ ပေါ်သို့ကျရောက်ပြီး ပြန်ထွက်လာသော အလင်းများ (အလင်းပြန်ခြင်း)သည် ကမ္ဘာပေါ်သို့ ကျရောက်သောကြောင့် လ ကို ကမ္ဘာပေါ်မှ မြင်ရခြင်း၊ လ က အလင်းရောင် ပေးခြင်းဖြစ်သည် စသည်တို့ကို ဆရာက ရှင်းပြရပါမည်။

**သိသွားပြီနော်**

ဤအပိုင်းတွင် ဆရာ၏ အဓိကကျသော ဆောင်ရွက်ချက်မှာ ကျောင်းသားများ၏ သင်ယူမှုရလဒ်ကို မည်မျှထိ ရရှိသွားသည်ကို လက်ခံနားထောင်ပေးရခြင်း ဖြစ်ပါသည်။

သင်ခန်းစာ ၆(၂)မှာ လုပ်ငန်း (၄)ခုလုပ်ပြီးသွားပြီ၊ ဘာတွေသိသွားကြပြီလဲ၊ ပြောပြပါဦး မေးခွန်းကိုမေး၍ ကျောင်းသားများ၏ ဖြေဆိုမှုကို နားထောင်ပေးပြီး နောက်ဆုံးတွင် ဆရာက ပြောဆိုရမည် ဖြစ်သည်။

ကျောင်းသားများ၏ အဖြေတိုင်းကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံနားထောင်ပေးရမည် ဖြစ်ပါသည်။

ကျောင်းသားများ ပြောပြမှုကို နားထောင်ပြီးနောက်မှသာ " **သိသွားပြီနော်** " စာမျက်နှာကို ၎င်းတို့အား ကြည့်ရှုစေပြီး ဆရာက ရှင်းလင်းပြောပြခြင်းဖြင့် သင်ယူမှုရလဒ်ကို ပြည့်စုံစေပါမည်။


အခန်း(၆) နေ၊ လ တို့နှင့် မိတ်ဆက်ခြင်း

**ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ**

လ က အလင်းရောင်ပေးတယ် ဒါပေမဲ့ လမှာ ကိုယ်ပိုင် အလင်းရောင် မရှိဘူး

**သိသွားပြီနော်**

လ ကို ပုံစံမျိုးစုံနဲ့ ပြောင်းလဲပြီး မြင်ရတယ်

လ က အလင်းပေးတယ်

၇၄

**သတိပြုရမည့်အချက်များ(၅)**

* **ဖတ်ရှုကြည့်ရန် စာနှင့်ပုံများ** အပိုင်းသည် အသက်အရွယ်နှင့် ကိုက်ညီသော အသိများကို လေ့လာသင်ယူပြီးနောက် ထပ်မံခြဲ့ထွင်ပေးရန်၊ ဆက်လက်သင်ယူမှုကို အထောက်အကူပြုရန်၊ နေ့စဉ် ဘဝနှင့် ဆက်စပ်ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။
* ကျောင်းသားများ ပြောဆိုခြင်းကို စိတ်ရှည်စွာ လက်ခံနားထောင်ပေးရပါမည်။
* ဆရာမှ စတင်ဦးဆောင်ပြောဆိုခြင်း မပြုလုပ်ရပါ။
* နေမှာ ကိုယ်ပိုင်အလင်းရောင်ရှိသည်။ သို့သော် လ တွင် ကိုယ်ပိုင်အလင်းရောင် မရှိပါ။
* အလင်းပြန်သည်ဟု တိုက်ရိုက်မသုံးစွဲဘဲ အလင်းများ ပြန်ထွက်လာသည်ဟု အသက် ၇⁺ နှစ် ကလေးများနှင့် ကိုက်ညီသော သင်ယူမှုကို ပေးရပါမည်။

DPE Box – Copyright Protected



## အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း

တစ်လမှာ လ မြင်ရပုံ အမျိုးမျိုး ပြောင်းလဲတယ် လ က အလင်းရောင်ပေးတယ်





**လေ့ကျင့်ခန်း**

တစ်လအတွင်း လ ကို မြင်ရပုံ ပြောင်းလဲမှုတွင် ပေးထားသော နေရာများမှာ အမည်မှန်ကို ရေးပေးပါ။





**သတိပြုရမည့်အချက်များ(၆)**

- ✳ ကျောင်းသားများကို ရှင်းလင်းပြောကြားရာတွင် အသက် ၇+ နှစ်နှင့် ကိုက်ညီအောင် ပြောကြားရမည် ဖြစ်ပါသည်။ သတိပြုရန်ရှိ အချို့အချက်အလက်များသည် ဆရာများအတွက် ဖြစ်ပါသည်။
- ✳ အမည်များရေးရာတွင် သတ်ပုံ မမှန်ကန်လည်း လက်ခံပေးပြီး ပြင်ဆင်ပေးရမည်။
- ✳ လ သည် အလင်းရောင်ပေးသည်။ နေ မှရသော အလင်းသည် လ မှ ရသော အလင်းထက် ပိုများသည် စသည်ဖြင့် ဆရာက ရှင်းပြရပါမည်။
- ✳ ကမ္ဘာပေါ်မှ လ ကို တစ်လတာမြင်ရပုံကို အဓိက(၈)မျိုး၊ ရက်(၃၀)တွင် မြင်ရပုံ (၃၀)မျိုး၊ အသေးစိတ်လေ့လာခြင်းတွင် (၄၄)မျိုးဟူ၍ အမျိုးမျိုးသတ်မှတ်ကြပါသည်။
- ✳ လ သည် ကမ္ဘာကို လှည့်ပတ်ခြင်းနှင့် ၎င်း၏ဝင်ရိုးပေါ်တွင်လည်း လည်ပတ်နေသောကြောင့် ကမ္ဘာပေါ်မှကြည့်လျှင် လ ၏ မျက်နှာပြင်တစ်ဖက်တည်းကိုသာ မြင်ရခြင်းဖြစ်ပါသည်။

# အခန်း ၆(၂)

## စာသင်ချိန် စုစုပေါင်း(၄)ချိန်

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**အနှစ်ချုပ်နှင့် လေ့ကျင့်ခန်း**

ကျောင်းသားများ စာနှင့်ပုံများကို ဖတ်ရှုလေ့လာရပါမည်။ အချိန် (၅)မိနစ်ခန့် ပေးရပါမည်။

ပြီးနောက် ဆရာက လ မြင်ရပုံပြောင်းလဲခြင်းကို ရုပ်ပုံကားချပ် ချိတ်ဆွဲပြခြင်း သို့မဟုတ် သင်ပုန်းတွင် ရေးဆွဲခြင်း သို့မဟုတ် ကျောင်းသုံးစာအုပ်ရှိပုံကို အသုံးပြုခြင်းဖြင့် ပြည့်စုံစွာ ပြောပြရပါမည်။

လ သည် အလင်းရောင်ပေးသည် ဆိုသည်ကိုလည်း ပြန်လည်ပြောပြ ပေးရပါမည်။

**လေ့ကျင့်ခန်းအတွက် အဖြေများ**




DBE Box — Copyright Protected